
www.linhtet.com



Perfect Printing & Publishing Services

www.linhtet.com

## ဒို့တာဝန် အရေးသုံးပါး

- ◆ ပြည်ထောင်စု မပြိုကွဲရေး **. . . ဒို့အရေး**
- ◆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး **. . . ဒို့အရေး**
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **. . . ဒို့အရေး**

## ပြည်သူ့ သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ♓ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ♓ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ♓ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာရေး၊
- ♓ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ♓ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ♓ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ♓ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ♓ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ♓ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ♓ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ♓ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ♓ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.linhtet.com

။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ သို့

လေးစား

ချစ်ခင်စွာဖြင့်

(                    )

စာမူခွင့်ပြုချက်အမှတ်
၉၄၃/၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၉၁၁/၂၀၀၃ (၁၀)
–
မျက်နှာဖုံးပန်းချီ
ဝသုန်
–
ပုံနှိပ်ခြင်း
**ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ။**
–
အုပ်ရေ
(၁၀၀၀)
–
စာအုပ်တန်ဖိုး
(၆၅၀) ကျပ်
–
ကိုကျော်ကျော် (၆၅၈)၊ Perfect စာပေ
အမှတ် – ၂၂၄၊ ၃၈လမ်း (အထက်) ကျောက်တံတားမြို့နယ်မှ
ထုတ်ဝေ၍ ကိုမျိုးထွန်း (၀၆၅၉၉) Eagle Color Separation
အမှတ် – ၂၇၄၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်တွင်
ပုံနှိပ်သည်။
–
ဖြန့်ချိရေး

Perfect
အမှတ် – ၂၂၄၊ ၃၈ လမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၅၂၇၈၉

www.linhtet.com

# သူတို့နှင့် ကျွန်တော်



www.linhtet.com

**စာမျက်နှာ အစီအစဉ်**


| | | |
|---|---|---|
| | ဆရာဦးအောင်သင်း၏ အမှာစာ | (၉) |
| ၁။ | တောင်တွင်းကြီးဦးအောင်ခင် နှင့် ... | (၁၁) |
| ၂။ | ဆရာ မြို့မမောင် နှင့် ... | (၂၅) |
| ၃။ | ဆရာကြီး ရွှေဥဒေါင်း နှင့် ... | (၄၃) |
| ၄။ | ပန်းချီ ဦးဘရင်ကလေး နှင့် ... | (၈၁) |
| ၅။ | ပန်းချီ မောင်ညိုဝင်း နှင့် ... | (၈၇) |
| ၆။ | ဦးသိန်းဖေမြင့် နှင့် ... | (၁၀၁) |

www.linhtet.com

## စာရေးသူ၏အမှာစာ

ဤစာအုပ်တွင်ပါသော ပုဂ္ဂိုလ်များအနက် ဆရာကြီး မြို့မမောင်၊ ဆရာကြီးရွှေဥဒေါင်းတို့အကြောင်းကို ရေးခဲ့သည်မှာ ကာလအတန်ကြာခဲ့ပါပြီ။

ထိုစဉ်က လက်နှိပ်စက်နှင့်ရိုက်ခဲ့ခြင်းဖြစ်၍ မိတ္တူ တစ်စောင်စီလောက် ကျန်ရစ်ခဲ့သော်လည်း ပြန်မဖတ်မိပါ။ ထိုစာမူများ ပါဝင်သော ပေဖူးလွှာမဂ္ဂဇင်းများလည်းမရှိတော့ပါ။ တိုတိုပြောလိုက်ရလျှင် ကျွန်တော်ဘာတွေရေးခဲ့သည်ကိုပင် ဝိုးတိုးဝါးတားသာ သတိရမိပါတော့သည်။

ယခု ‘မောင်မောက်(ဥက္ကလာ)’ က ရှာရှာဖွေဖွေယူလာမှပင် စာမူတည်းဖြတ်ရင်း ပြန်လည်ဖတ်ရှုမိပါသည်။

စင်စစ်အားဖြင့် သတ်ပုံသတ်ညွှန်း စာလုံးအကျအပေါက်များကိုကြည့်ရှုပြင်ဆင်ပေးရန်ဖြစ်သော်လည်း ကျွန်တော်ရေးခဲ့သည့် စာများကို (တစ်ခြားသူရေးထားသောစာများဖြစ်ဘိသကဲ့သို့) အမော တကောဖတ်နေမိသည်နှင့် စာမူပြင်ရန် အချိန်မပေးနိုင် ဖြစ်ခဲ့ရပါသည်။ နောက်မှ တစ်ခေါက်ပြန်ဖတ်ပြီး စာမူကိုစစ်ဆေးပြင်ဆင်နိုင်ခဲ့ပါသည်။

ဆရာဦးသိန်းဖေမြင့်အကြောင်းကိုတော့ ရေးလိုက်သည်မှာ မကြာသေးသောကြောင့် အားလုံးလိုလိုကို ပြန်လည် မှတ်မိနေ

www.linhtet.com



ပါသည်။ အထူးသဖြင့် ဆရာကြီးရွှေဥဒေါင်း အကြောင်းကို ဆိုလျှင် ဘာတွေရေးခဲ့ကြောင်း နည်းနည်းသာမှတ်မိပါတော့သည်။

ယခု ပြန်ဖတ်ကြည့်လိုက်သောအခါ 'စာစိမ်း'ကို ဖတ်နေရသကဲ့သို့ အရသာတွေ့နေခဲ့မိပါသည်။ အလွန်လည်း ကြိုက်မိပါသည်။ ယခု ပြန်ရေးရလျှင် သည်လောက်ကောင်းအောင် ရေးနိုင်ပါမည်လောဟုလည်း တွေးလိုက်မိပါသည်။ အထူးသဖြင့် နိဂုံးချုပ်လိုက်ပုံကို ဖတ်လိုက်ပြီး ''ငါ ဘယ်လိုလုပ်ပြီး ဒီလိုလှတဲ့စိတ်ကူး ပေါက်ခဲ့ပါလိမ့်' ဟုအံ့သြမိပါသည်။

ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာ ဦးသိန်းဖေမြင့် တို့ အကြောင်းကိုရေးရာတွင် ကျွန်တော်တွေ့ကြုံခဲ့ရသော စာဖတ်သူ ဘဝ၊ အတွေ့အကြုံဘဝကလေးတွေကို ရောမွှေထားသည်ကို တွေ့ရပါလိမ့်မည်။ ကျွန်တော့်စာမူကြမ်းကို ဖတ်ရသူအချို့ကလည်း ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာဦးသိန်းဖေမြင့်တို့ အကြောင်းကို ရေးထားသည်မှာ အလွန်မြူးသည်ဟုပြောပါသည်။ ကျွန်တော့် စိတ်ထဲတွင်လည်း ထိုကဲ့သို့ခံစားမိသည်မှာ အမှန်ဖြစ်ပါသည်။

ကိုယ့်စာတွေကိုပြန်ဖတ်ပြီး မြူးနေရင်းပင်သူတို့ကို လွမ်းနေခဲ့မိသည်မှာလည်းအမှန်ဖြစ်ပါသည်။

စာဖတ်သူက ကျွန်တော့်အား ကိုယ့်စာကိုယ် အမွှမ်းတင်နေသည်ဟု ဆိုချင်ပါလိမ့်မည်။

ကျွန်တော်တစ်ခုပြောချင်သည်က လွန်ခဲ့သော ၁၅ နှစ်လောက်က 'အောင်သင်း'သည် တစ်ပါးသောအောင်သင်းဖြစ်၍ ယခု 'အောင်သင်း'သည် အခြားတစ်ပါးသော'အောင်သင်း' ဖြစ်နေပါပြီ။ စာဖတ်သူနှင့် အတူတူဖြစ်နေပါပြီ။

ထို့ကြောင့် စာဖတ်သူ အချင်းချင်း 'လက်တို့'သည့် သဘောနှင့် 'ဟိုတုန်းက အောင်သင်း' ဆိုသည့်ငနဲ၏စာကို ညွှန်းလိုက်သည်ဟု ယူဆစေလိုပါသည်။

**(ယနေ့) – အောင်သင်း**

*၂၈ – ၅ – ၂၀၀၃*

www.linhtet.com

# တောင်တွင်းကြီး ဦးအောင်ခင်နှင့် ကျွန်တော်

‘တောင်တွင်းကြီးဦးအောင်ခင်’ဟူသော အမည်ကို လူငယ် စာသမားကတော့ လုံးဝကြားဖူးကြမည်မထင်ပါ။ လူကြီးပိုင်းကပင်လျှင် သတင်းစာသမားများလောက်သာလျှင် သူ့ကို သတိရကြပါလိမ့်မည်။ ကျွန်တော့်အဖို့မှာတော့ သူရေးသည့် ကဗျာများ၊ သူမြိန်မြိန်ရှက်ရှက် ရွတ်ပြတတ်သော ကဗျာများကြောင့် သူ့ကို မကြာခဏ သတိရမိနေခြင်းဖြစ်ပါသည်။

www.linhtet.com



ဦးအောင်ခင်သည် သူ၏ ဇာတိမျိုးရိုး ငယ်ဘဝ စသည်တို့အကြောင်းကို ဘယ်တော့မှ ပြောလေ့မရှိ။ ထိုအကြောင်းများကို စကားစပ်ခြင်း ဘယ်တော့မှမပြု။ အကြောင်းတိုက်ဆိုင်လာ၍ မေးလိုက်မြန်းလိုက်မိလျှင်လည်း စကားလွှဲပစ်လေ့ရှိသည်။ ထို့ကြောင့် ကျွန်တော်လည်း မေးမြန်းခြင်းကို မပြုတော့ပါ။ မကြာသေးမီကမှ စာအုပ်ဟောင်းကုန်သည် 'ဖိုးသင်းနိုင်'၏ သားကလေးနှစ်လည် ဆွမ်းကျွေးတွင် ဆရာကြီး ဒဂုန်ဦးစန်းငွေကို မေးကြည့်တော့ ဖိုးအောင်ခင်မှာ မုံရွာသားဖြစ်ကြောင်း သေသေချာချာ သိရသည်။ သူပြောသောအကြောင်းအရာများ၊ သူ့စကားများတွင် ပါလာသောစကားငွေ့များကြောင့် မုံရွာဘက်က ဖြစ်သည်ကိုကား ရိပ်မိခဲ့ပါသည်။ လယ်တီ ဦးကောဝိဒ၊ (ပုပ္ပါးဦးကျော်ရင်)နှင့်လည်း ရင်းနှီး ခင်မင်ခဲ့ပုံရသည်။ ထို့ကြောင့် ဆရာကြီး ဒဂုန်ဦးစန်းငွေကို မေးကြည့်လိုက်တော့ 'အေးဗျ၊ သူတို့ချင်း အတော်လေး ခင်မင်ကြပုံပေါ်တယ်'ဟု ပြောပြပါသည်။

တောင်တွင်းကြီးသို့ ရောက်လာသည်မှာ တောင်တွင်းကြီးသူ ဒေါ်ငွေရွှင်နှင့် အကြောင်းပါသောကြောင့် ဖြစ်သည်။ ဒေါ်ငွေရွှင်မှာ ရှားရှားပါးပါးဟု ဆိုရလောက်အောင် ထက်ထက်မြက်မြက်ရှိသော အမျိုးသမီးသတင်းထောက်တစ်ဦး ဖြစ်ပါသည်။ အထောက်တော် လှအောင်ကပင်လျှင် သူ၏ 'သတင်းဂျာနယ်' စာအုပ်တွင် ဒေါ်ငွေရွှင်အကြောင်း ချီးကျူးရေးသားထားသည်ကို ဖတ်လိုက်မိပါသေးသည်။

တစ်မြို့တည်းနေကြသူများ ဖြစ်ကြသည့်အတိုင်း ဦးအောင်ခင်နှင့် ရင်းနှီးခင်မင်ခဲ့ကြသည်မှာ မဆန်းပါ။ သို့သော် တကယ်တမ်း ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံခဲ့ကြသည်မှာတော့ 'တောင်တွင်းကြီး အမျိုးသားယဉ်ကျေးမှုပြတိုက်' တည်ထောင်လိုက်ကြသောအခါတွင်မှ ဖြစ်ပါသည်။ ကျွန်တော်က သူ့ကို သတင်းစာဆရာတစ်ယောက်အဖြစ်လည်း သတ်မှတ်သည်။ သို့သော် သူတကယ်တမ်း ဖြစ်ဖြစ်မြောက်မြောက် ရေးသူမဟုတ်။

www.linhtet.com



ရေးပြန်တော့လည်း မထင်မှတ်သည့် သရော်စာများကို ရေးချင် ရေးနေသည်။

စစ်ပြီးစ 'ဇဝန' ဂျာနယ်တွင် သူရေးခဲ့သော စာကလေး များကို ယခုထက်တိုင် သတိရနေမိသေးသည်။

သူတကယ်ချစ်သည်မှာတော့ ကဗျာဖြစ်သည်။ ကိုယ် တိုင်လည်း ရေးတတ်သည့်ပြင် သူတစ်ပါးရေးသော ကဗျာများ ကိုလည်း ချစ်သည်။ အရအမိလည်းများသည်။ စိတ်လိုလက်ရ ရှိလျှင် တစ်ပုဒ်ပြီးတစ်ပုဒ်ပြောဆိုရွတ်ပြတတ်သည်။ ကျွန်တော်က တိုက်တွန်းလျှင်လည်း စိတ်ပါလက်ပါ ရွတ်ပြတတ်သည်။

ခုထက်ထိ သတိရလွမ်းဆွတ် နေတတ်မိသည်မှာ အကြောင်းအားလျော်စွာ ကောက်ကာငင်ကာ ရေးပေးတတ်သော ကဗျာလေးများပင် ဖြစ်သည်။

ထိုစဉ်က ကျွန်တော်က အလယ်တန်းပြဆရာ။ ကျွန်တော် အလုပ်လုပ်သော 'မိုးထိ' ကျောင်းနှင့် ပြတိုက်တည်ရာ 'ရွှေအင်းတောင်စေတီ'မှာ ကပ်လျက်သားပင်ဖြစ်သည်။ ဦးအောင် ခင်၊ ကိုလှရီ(တောင်တွင်းလှဖေ)၊ ဦးမောင်ကို (အထည်ကုန်သည်) နှင့် ကျွန်တော်တို့သည် ရွှေအင်းတောင်ရင်ပြင်ရှိ ပြတိုက်တွင် စုဝေးပြီး စကားပြောဆို အချိန်ကုန်လေ့ရှိကြသည်။

သူတို့တစ်တွေက ဘုရားပေါ်ရောက်နေကြပြီ။ ကျောင်း ဆင်းလျှင် ကျွန်တော့်ကို အိမ်သို့တန်းပြန်မသွားစေချင်။ သူတို့ဆီသို့ လာခဲ့စေချင်သည်။ ထို့ကြောင့် မုန့်စားဆင်းချိန်တွင် ဘုရားပေါ် သွားပြီးကစားကြသော ကျောင်းသားလေးများမှတစ်ဆင့် ကျွန်တော့်ထံ စာတို (ကဗျာတို) ကလေးများ ရေးပေးလေ့ရှိသည်။ များစွာသော ကဗျာတိုကလေးများအနက် တစ်ခုကို ယခုတိုင်မှတ်မိ နေသေးသည်။

***'သင်း' ဆရာ***
***ဆင်းလာရင်ဝင်ခဲ့ပါ***
***'ခင်'နဲ့ 'ရီ' 'ကို' မျှော်မိ***

www.linhtet.com



*ကြည်ညိုဖော်များ ။*

*ရာဇဝင်*
*အူပေါက်ကို တန်ဆာဆင်လို့*
*အာရှင်ရှင် စာလက်တန်းတွေနဲ့*
*ပန်းလှည့်ပါလား။ ။*

သူသာမက ကိုလှရီတို့ ကိုမောင်ကိုတို့လည်း ရောက်နေကြပြီဟု ကျွန်တော်သိလိုက်သောကြောင့် ကျောင်းဆင်းသည်နှင့် ဘုရားပေါ်ရောက်သွား ရပါတော့သည်။

သူရွတ်ပြတတ်သော ကဗျာ လင်္ကာများတွင် မန္တလေး 'ကဗျာနန်' ရေးသော လင်္ကာကြီးများ အတော်လေး ပါဝင်ပါသည်။ ဆရာတော်ဘွဲ့ရင်းမှာ 'ဦးနန္ဒိယ' ဖြစ်သော်လည်း ကဗျာလင်္ကာ အရေးကောင်းလှသောကြောင့် 'ကဗျာနန်' ဟု ခေါ်ကြောင်း ဦးအောင်ခင်က ပြောပြပါသည်။

ကဗျာနန်ရေးခဲ့သော လင်္ကာကြီးများကို ရှေးခေတ်က 'ဦးချစ်စရာ' 'ဦးရွှေဒင်္ဂါး'စသော ဆရာကြီးများက ဇာတ်ပွဲကြီးများ တွင် ရွတ်လေ့ရှိကြသည်ဟု သိရပါသည်။ သူတို့ရွတ်ကြသော လင်္ကာကြီးများကို ကဗျာ့ဘဏ်တိုက် (အတွဲ –၂ ) တွင် တွေ့ရပါသည်။

သို့သော် ကျွန်တော့်အား ဦးအောင်ခင် ရွတ်ပြသည့် 'ယပ်လှဲ့ဝရမ်း' လင်္ကာကို ခုထက်ထိ ဘယ်မှာမှ မတွေ့ရသေးပါ။ ထို့ကြောင့် မပျောက်ပျက်စေရန် တင်ပြလိုက်ရပါဦးမည်။

တစ်နေ့တွင် ဦးအောင်ခင်က–

'ဦးအောင်သင်း၊ ယပ်လှဲ့စပေါ်တာ ဘယ်တုန်းကလဲ သိလား'

'မသိပေါင်ဗျာ၊ ဘယ်တုန်းကလဲ၊ လုပ်စမ်းပါဦး'

၁၂၆၀ ပြည့်ကဗျ၊ သက္ကရာဇ်ကလေး၊ အသစ်ရေး၊

www.linhtet.com



ဇော်ဒွေးဆသုဉ်တဲ့ဗျ၊ စပြီးဟောခဲ့တဲ့ပုဂ္ဂိုလ်က ဦးဇနိတ ဆိုတဲ့ ကိုယ်တော်လို့ဆိုတယ်'

ဦးအောင်ခင်၏ အဆိုအရ မန္တလေး အင်းကန်းတိုက်မှ ဦးဇနိတဘွဲ့ အမည်ရှိ ဦးပဥ္စင်းတစ်ပါးက သံနေသံထား အဆွဲအငင်ကို အသုံးပြုသော ယပ်လှဲ့ တရားကို စဟောသည်။ ပရိသတ် (အထူးသဖြင့် အမျိုးသမီးပရိသတ်) က အလွန် ကြိုက်ကြသည်။ ဦးဇနိတကို သဒ္ဒါလွန်ကြသောသူများတွင် တရုတ်တန်းမှ ဒေါ်လေးဆိုသူ အမျိုးသမီးတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သူက မုဆိုးမဖြစ်သည်။ သမီးနှစ်ယောက်လည်းရှိသည်။ ဦးဇနိတ အောက်ပြည်အောက်ရွာ လှည့်လည်ဟောပြောသော အခါတွင်လည်း သူတို့သားအမိသုံးယောက် ရေပူရေချမ်းကမ်းပြီး လိုက်ပါသွားကြသည်။ နောင်အခါ ထိုအမျိုးသမီးသုံးယောက်လုံးနှင့် ဘာလိုလို သတင်းသတင်းအပုပ်ထွက်ပြီး နာမည်ပျက်သွားသည်။ ထို့ကြောင့် 'ကဗျာနန်' က လင်္ကာကြီးရေးပြီး 'ဝရမ်းထုတ်' လိုက်ခြင်းဖြစ်သည်။ ကျွန်တော်က–

'နေပါဦးဗျာ၊ ခင်ဗျားပြောတော့ အဲဒီဦးဇနိတက ရွှေကျင် ဂိုဏ်းကဆို ရွှေကျင်ဂိုဏ်းဆိုတာ ဝိနည်းစည်းကမ်း အလွန်ကြီးတာ။ အဲဒါမျိုးကို ကြည့်နေရောလား'

'ဘယ်ကြည့်နေမလဲဗျ။ ဘုန်းတော်ကြီးတွေက အသံကို သုံးမတြာထိအောင် ဆွဲရင်တောင် ဂီတလို့ သတ်မှတ်တာ။ ဒီယပ်လှဲ့ အသံဆွဲပုံကို ဘယ်မှာကြိုက်ကြပါ့မလဲ။ ဒါကြောင့် သူ့ကို ရွှေကျင်ဂိုဏ်းက ကြဉ်ပစ်လိုက်တယ်လို့ပြောတယ်။ အဲဒီမှာတင် ကဗျာနန်က ဝရမ်းထုတ် လင်္ကာကိုရေးပြီး တွယ်လိုက်တာပဲ'

ထိုကဗျာကို ကျွန်တော်ကရေးမှတ်ပြီး ယူထားသည် မဟုတ်ပါ။ ဦးအောင်ခင်ရွတ်ပြသည်နှင့် ဟိုနားမှတ်မိလိုက်၊ ဒီနားရနေလိုက် ဖြစ်လာပါသည်။ နောက်တော့ 'ဟိုနားလေး ဘာတဲ့ဗျ၊ ရွတ်စမ်းပါဦး' စသည်ဖြင့် သူ့ကိုခိုင်းပြီး မှတ်မိလာခြင်းဖြစ်ပါသည်။ နောက်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း အခြားသူများအား

www.linhtet.com



အကြောင်းတိုက်ဆိုင်လာတိုင်း ရွတ်ပြမိတတ်သည်ကြောင့် ယခုတိုင် အာဂုံရနေခြင်းဖြစ်ပါသည်။

— — — — — —

## ကဗျာနန်၏ယပ်လှဲဝရမ်း

သက္ကရာဇ်ကလေး၊ အသစ်ရေး၊ ဇော်ဒွေး ဆသုဉ်၊ လနယုန်ဝယ်၊ တစ်ဂုဏ်သိမ်ပွဲ၊ မတတ်ဘဲနှင့်၊ ပါးစပ်ပြဲတွေက၊ ယပ်လှဲချင်းတွေး၊ တေးသီဆိုဖွဲ့၊ ကန္ဒဲ့ကလျ၊ ဖွဲ့ပြဆိုဟော၊ ဘုရားဓမ္မခန်၊ တရားမှန်ကို အမှားညာဏ်ယူစောလို့၊ အခုတလော သတင်းဆန်းတဲ့၊ အင်းကန်းတိုက်ဇနိတာကို၊ ကဝိဆရာဖေ၊ အမြင်ကတ်တာကြောင့် ရွှေကျင်ဇာတ်ခင်းလိုက်မည်။ သီတင်းနေ့တိုင်း ကညာပျိုတို့က ပဝါကို ရင်မှာသိုင်းပြီး ကိုင်း . . . ရှင်တို့ တရားနာ၊ သွားပါစို့ ယခုလို့၊ ကညာပျို ကရမက် ယမင်းတို့ကလည်း သွားရည်ထွက်ကာ၊ တစ်စက်စက်ဆင်းရော့ထင်၊ လင်ရှာရင်း တရားနာကြ။

***တရုတ်တန်းက၊ မလေးခေါ် ဘီးဆံထောက်ကလည်း သမီးနှစ်ယောက် အပါခေါ်လို့မို့၊ ဆရာတော် 'စိန်ဇနီ'နဲ့ လိမ်လှည့်ကာ အောက်အရပ်ခေါ်ပြီး၊ ဆံထောက်ဖြတ် အမော်သမီးနှစ်ပါးနဲ့၊ မီးရထားစက်စုံ ခုတ်လိုက်တာ၊ ဘဝဂ်တုန် လှုပ်အောင်သိရန် ပြခဲ့မပ။ တိသန္တကလင် ရွှေကျင်နဲ့သဉ်ဖွေတွင် နှစ်အုံးဆိုင်ပြီး အဆုံးတိုင် ကိစ္စချောပါရော။ ဘိဇ္ဇနသဘော ကျန်ရစ်သူတို့ရယ်၊ မြန်ခေတ်ဇမ္ဗူတွင် ဤအခါကြုံရ၊ ပြည်ရတနာပုံတိုက် အင်းကန်းက၊ အမိုက်ပဋ္ဌင်း ရဟန်းတရား နာမိမှဖြင့် သိကြားရွာထိ အကုန်ကျော်လို့မို့ ပုံမတော်အောင် တစ်ဖန်ဖြစ်မှာကြောင့် ကျန်ရစ်သူသမီးရှင်တို့ရယ်၊ နည်းယှဉ်ကာ သတိဆကြပေတော့၊ ဇနီတတရား ချို့ပေသမို့ အများတို့သတင်းပုပ်လှတဲ့ ပဋ္ဌင်းယုတ် ဒီအကောင်ကို ချည်နှောင်ကာ အသာဖမ်းရအောင် ပြည်ဘောင်မှာ သမဏာ ရဟန်းတို့က ကဲ . . . စာဝရမ်းထုတ်။***

× × ×

www.linhtet.com



ဦးအောင်ခင် ရွတ်ပြဖူးသော ကဗျာများမှာ များသော အားဖြင့် တေးထပ်များဖြစ်ပါသည်။ သူသာ အသက်ရှင်လျက် ရှိနေမည်ဆိုလျှင် ယခုအချိန်တွင် အသက်(၇၅)နှစ် ကျော်ကျော် လောက် ဖြစ်မည်ထင်ပါသည်။ သူတို့ငယ်စဉ်က ခေတ်စားနေသည့် ကဗျာပုံသဏ္ဌာန်မှာ တေးထပ်ဖြစ်ပါသည်။ ထို့ကြောင့် တေးထပ် များကို ချစ်ခင်နေခြင်းဖြစ်ဟန်ရှိပါသည်။

တေးထပ်တစ်ပုဒ်ကို ကျွန်တော် မှတ်မိနေပါသေးသည်။ စာသွားစာလာကို ကြည့်ရသည်မှာတော့ ပြည်မြို့ကမိန်းကလေးက တောင်တွင်းကြီးသား ချစ်သူထံရေးသည့် သဘောမျိုးဖြစ်ပါသည်။

သရေခေတ္တရာပြည်ရှင် ဒွတ္တဘောင်မင်းကြီးက ပိဿနိုး ပန်ထွာမင်းသမီးကို သိမ်းပိုက်ရာတွင် စစ်နှစ်ကြိမ်တိုက်ခဲ့ရသည်။ ပန်ထွာမင်းသမီး၏ ရန်ပယ်စည်ကြီးကို ရှင်တု ရှင်ယောင်နှစ်ဦးအား စေလွှတ်၍ ပရိယာယ်နှင့် ဖျက်ဆီးစေသည်တွင်မှ ပိဿနိုးမြို့ကို အောင်မြင်သည်ဟု ဆိုကြပါသည်။

*ပျိုပန်ထွာ အရှိန်ညှံ့စေဖို့ ကလိန်ဉာဏ် ဆင်ကာ*
*စိန်ပြတန့်သခါမှာ မင်္ဂလာစည်ကြီး*
*နန်းကြာတိုက် ဥကင်ဆောင်မှာ*
*တုရှင်ယောင်လွှတ်လို့ဖျက်ဆီး။*
*တောင်တွင်းနဲ့ ခေတ္တရာ၊ စစ်နှစ်ခါကြဲပြီး*
*ချစ်သဒ္ဒါမဆုံစည်းခင်က၊ အပုံကြီးချော့မြူ*
*ဒွတ္တဘောင်ချိုသံမြရယ်နဲ့ ပျိုပန်ထွာသိမ်းပိုက်တော်မူ*
*ဘုရင်မ မာန်တက်သူကို ဉာဏ်စက္ကူလွှာပါးနဲ့*
*ကြာသမားသွင်းပိုက်နှောင်ကာ၊ နှင်းလိုက်တောင်ညာ*
*ရှေးရန်စအဆက်ရှာလျှင်၊ ခက်မှာလို လိုပဲထင့်လေး။*

× × ×

သူဆိုပြသော တေးထပ်ကလေးများမှာ အလွန်လှပါ သည်။ အလွန်ထိထိမိမိရှိသော တေးထပ်ကလေးများကိုလည်း တွေ့ရပါသည်။ တစ်ပုဒ်ကတော့စာပေပြင်းကြခုံကြရာမှ အယ်ဒီတာ တစ်ယောက်က ရေးလိုက်သောကဗျာဖြစ်ပါသည်။ မည်သည့်

www.linhtet.com



အယ်ဒီတာလဲ မည်သူ့ကို ရေးတာလဲဆိုသည်ကို သူလည်း ပြောမပြနိုင်တော့ပါ။ တိုတိုနှင့်ထိထိမိမိရှိသောကြောင့် ကျက်မှတ်ထားမိကြောင်းကိုသာ ပြောပြပါသည်။ 'ဖားအံသူ' ဟူသော စကားမှာ တော့တကယ့်အမျိုးသမီး ဟုတ်ဟန်မတူပါ။ ထိုခေတ်ကအမျိုးသမီးအမည်ခံသည့် ကလောင်ရှင်တစ်ယောက်ယောက်သာ ဖြစ်တန်ရာပါသည်။ တိုတိုနှင့် လေးနက်ကျယ်ပြန့်သွားအောင် ရေးနိုင်ပုံကိုတော့ ချီးကျူးရမည်ဖြစ်ပါသည်။

*ကလေးတွေ ဉာဏ်နီပြုပါလို့ မာန်ဖီကြလေတာ*
*ခန္တီစ စေတနာကို၊ အဝေရာဆူကြွေး*
*'ငြင်းမဟာ'ရွယ်ရည်ပါလျှင်၊ အယ်ဒီတာ ရှုံးယခုပေး*
*ရှမ်းဘုန်းကြီးပြုသဒ္ဒါလို၊ ခုအခါပြိုင်ရေး*
*သုဓမ္မာအနိုင်ဝေးလို့ ပြေးရတဲ့ထုံးစံ*
*'ဖားအံသူ' တေဇော်မောက်ပေလိမ့်*
*ရေပေါ်ကျောက် ဘူးမြုပ်ကာလံ၊*
*ဂါရဝနိဝါတံကို သိသာရန် ပြင်ပြင်ပလေတဲ့*
*မင်္ဂလ ဗုဒ္ဓ ဝစနာ၊ ဆုတ်စအခါ*
*သုကာရ ဒုက္ကရလို၊ တုရမှာ ခက်လွန်းလို့လေး။ ။*

× × ×

ဦးအောင်ခင်သည် လယ်တီဦးကောဝိဒနှင့်လည်း ရင်းနှီးပုံရသည်။ ဦးကောဝိဒ ရဟန်းဘဝနှင့်ရှိနေစဉ် ပုပ္ပါးတောင်၌ တရားစခန်းဝင်သည်။ ထိုအကြောင်းကို သတင်းရသော ဦးအောင်ခင်က တေးထပ်ကလေးတစ်ပုဒ် ရေးပို့လိုက်သည်။ ကျွန်တော် အလွန်ချစ်မိပါသည်။

*တောင်ကျရေ နှစ်သွယ်ခြံ့ပါတဲ့၊ အလယ်တန့်မြေမှာ*
*စံပယ်ပန့်ဝေရာမှာ၊ ကေစာရွယ်ဆ*
*မှိုင်းညို့ညို့ဓလေ့ဆောင်တယ်၊*
*ရသေ့တောင်တောရဲ့အစ။*
*လွှမ်းပွေစိမ့် ပွက်ပွက်ဆူအောင်၊ သွက်သွက်ကူရှာကြ*
*တက်တက်တူ ခါခါတွေနဲ့၊ ဘာဝနာ့ဂူလိုဏ်*
*အမိဌာန်အမှန်မြဲအောင်လို့၊ တစ်သန်တည်း ဖုန်းဆက်လို့ထိုင်*

www.linhtet.com



*တောဟောဝန်း ဒဟတ်မြိုင်မှာ၊ ပတ္တပိုဏ် ရွှတင်ကျင့်ပါလို့*
*ပူပင်ခွင့် တုံးဖို့ရှယ်ရည်၊ ဖုန်းကိုယ့်လယ်တီ*
*ကမ္ဘဋ္ဌာန်းမွေ့အာသီငယ်၊ ရွှေ့ဝါဆီကျွတ်ကိန်းထင့်လေး။*

ဤတေးထပ်ကလေးကို ရွတ်လိုက်ရသောအခါ 'အနု အယဉ်မှာ၊ ဇမ္ဗူ့တစ်ခွင်၊ သူ့အပြင်မရှိ'ဟု ပြောစမှတ် ပြုခဲ့သော လယ်တီပဏ္ဍိတဦးမောင်ကြီးကိုသွားပြီး သတိရမိပါသည်။ ဆရာ ဦးမောင်ကြီးသည် စကားနုနုကလေးများကို အသံလေး တွေနွဲ့နေအောင် ရေးတတ်သူဖြစ်သည်။ အောက်မြစ်သံကလေးတွေ ထည့်ပြီး ခပ်နွဲ့နွဲ့သုံးခြင်းကို သူကစလိုက်သည်ဟုထင်သည်။

*ချောတဲ့သူကညာခင့်၊ ပနာတင့်တင်ရာ*
*တစ်ခါမြင့် မြင်ပါလျှင်၊ ဘဝင်မှာ တုန်ဆွေ့*
*သမာဓိ တည့် မတည်တယ်၊ ဝိပရိဖောက်ပြန်လို့မေ့။*

ဟူသော ဦးမောင်ကြီး၏တေးထပ်မှ လေသံကလေးများကို ရွတ်ဆို ခံစားကြည့်ဖူးမည်ဆိုပါလျှင် ဦးအောင်ခင်သည် ဦးမောင်ကြီး၏ လေသံကို အဘယ်မျှ ချစ်နေကြောင်းသိနိုင်ပါသည်။ သူ့တေးထပ် ထဲက 'တောင်ကျရေနှစ်သွယ်ခြံ့'ကို ကြည့်ပါ။ မောင်တော် ရေထွက်၊ နှမတော် ရေထွက်ဟူသော တောင်ကျ ရေနှစ်သွယ် ခြံရံ နေသည်ကို 'ခြံ့'ဟု အသံယူသည်။ ထို့အတူ 'စံပယ်ပန်း'ကို 'စံပယ်ပန့်'၊ 'တက်တက်တူခါးခါး'ဟူသော ခါတွန်သံကို တက်တက်တူခါ့ခါ့'စသည်ဖြင့် အသံယူထားသည်ကို တွေ့ရပါ လိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ဖြင့် သူ့ကဗျာက အသံ ကလေးများကို အလွန်ချစ်မိပါသည်။

ဦးအောင်ခင်သည် သူခင်မင်ရင်းနှီးသော သူများသို့ စာရေးလျှင် တေးထပ်၊ လေးချိုး၊ ဒွေးချိုးစသော ကဗျာလေးများ ကိုထည့်ပြီး ရေးလေ့ရှိသည်။

တစ်ခါတွင်သူသည် သတင်းစာလောကသို့ ခြေစုံပစ် ဝင်မည်ဟူသော ရည်မှန်းချက်ဖြင့် ဆင်းသွားခဲ့ဖူးသည်။ သို့သော်

www.linhtet.com



ထင်တိုင်းမပေါက်။ နောက်ဆုံး တောင်တွင်းကြီးသို့ ပြန်ရောက်လာသည်။ ရန်ကုန်မှသူ၏ ထန်းရည်သောက်ဖော် သောက်ဖက်များထံ ရေးလိုက်သောတေးထပ်ကို တစ်ပိုင်းတစ်စသာ ကျွန်တော်ရသည်။ သူ့ကိုမေးကြည့်တော့ သူလည်း အထပ်ထပ်ပြန်ပြီးစဉ်းစားပါ၏။ သို့သော်မဖော်နိုင်တော့။ ကြည့်စမ်းပါဦး တစ်ပိုင်းတစ်စပင်လျှင် အဘယ်မျှလွမ်းစရာကောင်းပါသနည်း။ တောင်တွင်းကြီးမြို့က ပန်းချီဆရာဦးဘရွှေ ( နောင်အခါ ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုအဖွဲ့၏ ဥက္ကဋ္ဌ ) ထံသို့ ရေးသော တေးထပ်ဖြစ်ပါသည်။ ကျွန်တော် မရလိုက်သော နေရာများကို ချန်ခဲ့ရပါသည်။

**ငါဟဲ့မာန် ဟုန်တက် ပါလို့ 'ကံယုံကြက်'သွင်းကာ**
**ရန်ကုန်ဘက် ဆင်းလာတယ်။ သတင်းစာနယ်က**
**အခါရက်တွေးဆမျှော်ရင်၊ လေးလကျော် စွန်းပေါ့ဆရာ။**

× × × × ×

**ခုခါချိန် နွေဘက်လယ်(လည်)ရင်**
**ငွေသက်ကယ် အိမ်အတွင်းဆီက**
**စိန်ပုလင်း ထန်းရေကြည်ကြည်၊ လုမ်း၍ညီညီ**
**ဗိုင်းဖွဲ့၍ သောက်စဉ်မီအောင်**
**ရောက်ချင်ပြီ နေ့တိုင်းကွယ့်လေး။ ။**

× × ×

ရန်ကုန်သို့ ဆင်းလာပါလျက် မအောင်မြင်ဘဲ ပြန်လာခဲ့ရသည့် အကြောင်းရင်းကို ကျွန်တော် မှန်းနိုင်ပါသည်။ အရက်ဖြစ်မှာ ပါပဲ။

သူသည် အလွန်ဥပဓိရုပ်ကောင်းသည်။ ပြည့်ပြည့်ဝဝရှိလျက် အရပ်အမောင်းကလည်းကောင်းသည်။ နှာတံပေါ်ပေါ်၊ ရွှေကိုင်းမျက်မှန်နှင့် မြင်လိုက်လျှင် လေးစားချစ်ခင်လောက်သည့် ဥပဓိရုပ်မျိုးဖြစ်ပါသည်။ အရက်ကို မကြာခဏဖြတ်သည်။ အရက်ဖြတ်ထားသည့်အခါတွင် အသားအရေစိုပြည်လျက် ချစ်စရာခင်စရာဖြစ်သည်။ အရက်ပြန်ပြီး သောက်လိုက်လျှင်တော့ တကယ်စိတ်ပျက်ဖို့ ကောင်းသည်။

www.linhtet.com



သွေးဆိုးပြီး ရမ်းရမ်းကားကား လုပ်တတ်သောကြောင့် မဟုတ်။ နေ့ရောညပါ တရစပ်သောက်ပြီး လုပ်ငန်းတာဝန် အားလုံးကို မေ့ပစ်လိုက်တတ်သော ကြောင့်ဖြစ်သည်။ မနက်လင်းပါပြီဆိုကတည်းက အရက်သောက်ဖို့ကလွဲ၍ ဘာကိုမှ စိတ်မဝင်စားတော့၊ သူ့တွင်ရှိသမျှပိုက်ဆံမှာ အရက်ဖိုးသက်သက်သာဖြစ်သွားလေတော့သည်။ နောက်ဆုံး အမြဲတမ်းတပ်ထားရသော မျက်မှန်ကိုပင် ပေါင်ပြီးအရက်သောက်၍ မမြင်မကန်းကြီး လုပ်ချင်လုပ်နေသည်။ ရင်းနှီးခင်မင်သူများထံလိုက်ပြီး တကျည်ကျည် အရက်ဖိုးတောင်းတတ်သည်။

စိတ်ပျက်စရာအကောင်းဆုံးမှာ လုပ်ငန်းတာဝန် ဟူသမျှကို မေ့ပစ်လိုက် တတ်ခြင်းဖြစ်သည်။ ဤကိစ္စမျိုးနှင့်ပတ်သက်၍ ကျွန်တော်နှင့် နှစ်ကြိမ်တိုင်တိုင် ပြဿနာဖြစ်ရသည်။

မန်းရာပြည့်ပွဲတော်ကြီး ကျင်းပတော့ ကျွန်တော်တို့ တောင်တွင်းကြီး ပြတိုက်ကိုလည်း လာရောက်ပြသရန် ဖိတ်ကြားသည်။ ကျွန်တော်တို့မှာ လိုအပ်သောစာတမ်းများကို ရေးကြရခြင်း၊ ပစ္စည်းများ ရွေးချယ်ထုပ်ပိုးရခြင်း စသည်တို့ဖြင့် ခေါင်းမဖော်နိုင်အောင် အလုပ်များကြသည်။ ထို့ကြောင့် ပြခန်းကိုကြိုတင်စီစဉ်နိုင်ရန် သူ့ကိုစရိတ်ငွေကြေးများပေးပြီး မန္တလေးသို့ခပ်စောစောလွှတ်လိုက်ရသည်။ သူ့မှာအဝတ်အစားကောင်းကောင်း မရှိသောကြောင့် ကျွန်တော်ကပင် ဗန်ကောက်လုံချည်နှစ်ကွင်း ငှားလိုက်ရသေးသည်။

ကျွန်တော်နှင့်တောင်တွင်းလှဖေတို့နှစ်ယောက်သား ပစ္စည်းတွေ တလှေကြီးနှင့်ရောက်သွားတော့ ပက်လက်လန် ပါလေတော့သည်။ သူက အရက်သမားကြီးဖြစ်နေပြန်ပါလေပြီ။ ပေးလိုက်သမျှ ငွေတွေကုန်သည်သာမက ကျွန်တော့်လုံချည် နှစ်ကွင်းပင်မရှိတော့။ ရာပြည့်ကွင်းထဲက ကျွန်တော်တို့ ပြခန်းနေရာကိုတော့ သွားလို့တောင်ကြည့်မိပုံမရ၊ ကျွန်တော် စိတ်ဆိုးလိုက်သည်မှာ ပြောစရာပင် မရှိတော့။ တောင်တွင်းလှဖေက ‘ဒီလူအကြောင်း

www.linhtet.com



ကို ကျုပ်သိတယ်ဗျ။ ဒါကြောင့် စိတ်မချရပါဘူးလို့ပြောတာ ခင်ဗျားက ယုံတာကိုးဗျ။ ကဲ ခုမှတော့ ဘာမှပြောမနေနဲ့ လုပ်စရာရှိတာကိုပဲ ဆက်ပြီးလုပ်ကြစို့'ဟု ဖျောင်းဖျပါသည်။

ဦးအောင်ခင်ကိုတော့ အတော်ကြာကြာကြီး စကားမပြောဘဲ နေလိုက်မိသည်။ နောက်တော့လည်း အကုန်လုံးကို မေ့သွားပြီး ရှေးနည်းတိုင်း ခင်မင်လာရပြန်တော့သည်။ သူကိုယ်တိုင်ကလည်း အရက်ပြတ်နေလျှင် အလွန်ချစ်စရာကောင်းသူတစ်ယောက်ဖြစ်ပါသည်။ အမျက်ဒေါသလည်းမရှိတတ်။ ဦးအောင်ခင် ရှူးရှူးရှဲရှဲ စိတ်ဆိုးသည်ကို ကျွန်တော်တစ်ခါမျှ မတွေ့ဖူးခဲ့ပါ။

နောက်တစ်ကြိမ်တွင် ထိုနည်းတူပင် ပြတိုက်တာဝန်ကိစ္စနှင့်ပတ်သက်၍ အရက်သောက်ပြီး ပျက်ကွက်ပြန်သောကြောင့် ကျွန်တော်သူ့ကို စိတ်ဆိုးလှသည်နှင့် ဆက်ဆံခြင်းမပြုဘဲ နေလိုက် သည်။

များမကြာမီပင် ကျွန်တော် လက်ထောက်ကထိကအဖြစ်ရာထူးတိုး၍ ပြင်ဦးလွင်မြို့စစ်တက္ကသိုလ်သို့ ပြောင်းသွားရသည်။ ရန်ကုန်တက္ကသိုလ်တွင် ရှိနေစဉ်က တောင်တွင်းကြီးသို့မကြာခဏ ပြန်နိုင်သော်လည်း ပြင်ဦးလွင်မြို့ရောက်သွားသောအခါတွင်ကား မပြန်နိုင်တော့။ ကျွန်တော် ရာထူးတိုးသွားသည်ကိုတော့ သူသိပါလိမ့်မည်။ ထို့အတွက်လည်း ဝမ်းသာမည်လည်း မုချဖြစ်ပါသည်။

၁၉၆၆ ခု ဇွန်လထဲလောက်တွင် စာတစ်စောင် ရောက်လာသည် သူအရက်ဖြတ်လိုက်ကြောင်း၊ အရက်ဖြတ်လိုက်သော်လည်း လူကအလွန်အားနည်းနေကြောင်း၊ ထို့ကြောင့် ဆေးဖိုးဝါးခပေးပို့ပါမည့်အကြောင်းပင် ဖြစ်ပါသည်။ ကျွန်တော်ကလည်း သူ့ကိုမယုံတော့ပါ။ ငွေပို့လိုက်လျှင် အရက်သောက်ပစ်လိုက်မှာပါဘဲဟု တွေးကာငွေလည်းမပို့ စာလည်းမပြန်ဘဲ လျစ်လျူရှုနေလိုက်သည်။

နောက်တစ်လလောက်ကြာတော့ စာတစ်စောင် ရောက်လာပြန်သည်။ စာဟုဆိုရသော်လည်း တေးထပ်ကလေး တစ်ပုဒ်

www.linhtet.com



သာ ဖြစ်သည်။ သူ့တေးထပ် ကလေးက–

*ရွှေအားတော် သီသီချို့နေလို့၊ ဘီ၊ ဂျီ၊ ဖို့စ်ဝယ်ရန်၊*
*ညီညီသို့ ဆွယ်ပြန်တယ်၊ အပယ်ခံလေလာ့၊*
*စောင့်မျှော်ရင်း တင်းခဲ့ပါတယ်။ 'သင်း'ရဲ့ စာ ခုထိမရ။*
*ဇီဝိတဒါနံ၊ သဒ္ဓါရန်ပေပ၊*
*ကြမ္မာကံ အခြေလှစေဖို့၊ စေတနာ့ထက်စွာ၊*
*ဝေဒနာ မှောက်လှန်ဖျက်ချိန်မို့၊ ထောက်ခံချက်ပေးပါ့ဆရာ*
*သက်ညှာစိတ် တူမျှစွာ၊ ကူမပါ ချိန်မလင့်ပါနဲ့၊*
*အရှိန်မြင့် တက်နေသူ့ထံ၊ မျက်ပြေဆုပန်၊*
*ခွက်မှောက်လို့ ပုလင်းလှန်စဉ်၊ မငြင်းဆန်စမ်းပါနဲ့လေး*

ဘီ၊ ဂျီ၊ ဖို့စ် ဆိုသည်မှာ ထိုစဉ်အခါက လူသုံးများပြီး လျှင် အတန်အသင့် ဈေးလည်းကြီးသော အားဆေးတစ်မျိုး ဖြစ်ပါသည်။ အရှိန်မြင့်တက်နေသူ့ထံ၊ မျက်ပြေဆုပန်ဆိုသည်မှာ ကျွန်တော်ရာထူးတက်သွားသည်ကို ဆိုလိုပါသည်။ ခွက်မှောက်လို့ ပုလင်းလှန်စဉ် ဟူသောစကားကလေးကိုတော့ ကျွန်တော်အလွန်သဘောကျမိပါသည်။ ထိုတေးထပ်ကိုဖတ်လိုက်ရတော့ ကျွန်တော်မနေနိုင်တော့ပါ။ သူ့ထံ ငွေအစိတ် ပို့လိုက်ပါသည်။

ငွေနှင့်အတူ တေးထပ်ကလေးတစ်ပုဒ်လည်း ရေးပို့လိုက်ပါသေးသည်။ တေးထပ် စာကြောင်းအစချီသည့် စာလုံးများကို ဒေါင်လိုက်ဝါကျကလေးတစ်ခု ဖြစ်အောင်လည်း ရေးလိုက်ပါသည်။ တေးထပ်က–

| | |
|---|---|
| ***ဦး*** | ***သစ်လှော် ရောင်ရွှေဆင်းလိုပ၊ မှောင်ချွေခွင်း ရိပ်လျှံ၊*** |
| ***အောင်*** | ***မြေနှင်း ဓိဋ္ဌာန်မှာ၊ စိတ်သန်သန်တည်ပ့ါ၊*** |
| ***ခင်*** | ***မင်မှူ အခြေပါတယ်။ ကေသရာ ဟောက်ဖို့မျှော်ရ၊*** |
| ***အ*** | ***ရည်သွေး သွက်လက်စွာတယ်၊ ထက်မြက်တာမှူလ၊*** |
| ***ရက်*** | ***စက်စွာ သူ့ရာ့ဖြင့်၊ လှူပ့ါလို့ တောင်းပန်၊*** |
| ***မှန်း*** | ***ပြီဆို အဝါရည်ကိုဖြင့် တစ်ခါလှည့် ကြည့်စိတ်မကြာ၊*** |
| ***ပါ*** | ***ရမီပြည့်ဓိဋ္ဌာန်ကို တိဟိတ်ဉာဏ်ချွေဆလို့*** |
| ***စေ*** | ***တနာ့ခပ်ရှင်ရှင်၊ လှူလိုက်စေချင်*** |
| ***သော*** | ***ကကြောင့် ဒေါသဝင်တယ်၊ မောရအင် လွန်လွန်းလို့လေး။*** |

www.linhtet.com



ကေသရာဟောက်ဖို့မျှော်ရ ဆိုသည့်စကားကို ဦးအောင်ခင် ကောင်းကောင်းနားလည်ပါသည်။ 'ဦးအောင်ခင် ခင်ဗျားဟာ ကေသရာဇာတော့ မှန်ပါတယ်။ ဒါပေမယ့် ဘယ်တော့မှ မဟောက် ဘဲ မြက်စားနေတာက ခက်လှတယ်'လို့ ကျွန်တော်က သူ့ကို မကြာခဏ ပြောတတ်ပါသည်။

ကျွန်တော်က 'ဦးအောင်ခင် အရက်မှန်းပါစေသော'ဟု ဆုတောင်း မေတ္တာပို့လိုက်သည်။ ကျွန်တော့်ဆုတောင်းမပြည့်ပါ။ ၁၉၈၀ အလွန်ပိုင်း ရောက်လာတော့ ဦးအောင်ခင် တစ်ယောက် ယစ်ထုပ်ကြီးဟု ဆိုရလောက်အောင် အရက်ပြန်သောက်နေကြောင်းကြားရသည်။ ကျွန်တော်လည်း တောင်တွင်းကြီးသို့ ပြန်မရောက်သောကြောင့် သူနှင့်မတွေ့ရတော့ပါ။ ၁၉၈၆ လောက် ရောက်တော့ သူကွယ်လွန်ပြီဟူသော သတင်းကို ကြားလိုက်ရသည်။ ကျွန်တော် စိတ်မကောင်း ဖြစ်မိသည်။ သို့သော် ဝမ်းနည်းကြေကွဲခြင်း ဖြစ်မိလှသည်တော့မဟုတ်ပါ။ သူ့ အရည်အသွေးဟူသမျှကို အရက်ထဲမျှောပစ်လိုက်သည်ကိုမူကား အမှန်နှမြောမိပါသည်။

ဤဆောင်းပါးကို ဦးအောင်ခင် တခြားဘဝက ဖတ်ရမည်ဆိုလျှင် မျက်ရည်တစမ်းစမ်းနှင့် ဝမ်းနည်းနေလိမ့်မည်ဟု ထင်သည်။ နည်းနည်းလည်း စိတ်ဆိုးနေလိမ့်မည်လားဟုလည်း တွေးနေမိသည်။

*( ပေဖူးလွှာ၊ မတ်၊ ၁၉၈၉ )*

■

www.linhtet.com

# ဆရာမြို့မမောင်နှင့် ကျွန်တော်

'မြို့မမောင်နှင့်ကျွန်တော်' ဟု ဆိုလိုက်သောကြောင့် ကျွန်တော်နှင့် ဆရာမြို့မမောင်တို့ အတန်အသင့် အားဖြင့်ဖြစ်စေ ကျွမ်းဝင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြဖူးသည်ဟု ထင်စရာအကြောင်း ရှိပါသည်။ စင်စစ်အားဖြင့် ဆရာမြို့မမောင်ကို နှစ်ကြိမ်သာလျှင် တွေ့ဆုံ စကားပြောခဲ့ဖူးပါသည်။ နှစ်ကြိမ်မျှသာ တွေ့ဆုံခဲ့ရဖူးသော် လည်း သူ့ကိုမမေ့နိုင်လောက်သော အကြောင်းတွေရှိခဲ့ပါသည်။

www.linhtet.com



၁၉၅၄ ခု လောက်တွင် တောင်တွင်းကြီးမြို့ အမျိုးသားယဉ်ကျေးမှုပြတိုက်ကို စတင်တည်ထောင်ခဲ့ကြပါသည်။ ပြတိုက်တိုးတက်အောင်မြင်ရေး၊ ရှေးဟောင်းပစ္စည်းများ၊ ပေစာများရရှိရေးအတွက် ကျွန်တော်တို့တစ်တွေ ကြိုးပမ်းလှုပ်ရှားကြသည်မှာ တော်ရုံတန်ရုံနိုင်ငံရေး အဖွဲ့အစည်းများပင်လျှင် မီနိုင်မည်မထင်ပါ။ လူဦးရေများလှသည်မဟုတ်သော ကျွန်တော်တို့ အုပ်စုကလေးကို တစ်မြို့လုံးက 'ပြတိုက်အုပ်စု'ဟု အသိအမှတ်ပြုလာကြလောက်အောင်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ တက်ကြွစွာလှုပ်ရှားကြိုးပမ်းခဲ့ကြပုံကို ပြန်ရေးလျှင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာနိုင်လောက်ပါသည်။ (အလျဉ်းသင့်လျှင် ပြန်ပြီးရေးဦးမည်ဟုလည်း ကျွန်တော့်စိတ်ထဲတွင် တေးထားပါသည်။)

ကျွန်တော်တက္ကသိုလ်သို့ရောက်၍ ကျောင်းတက် နေရသောကြောင့် ကျောင်းပိတ်ရက်တွင်မှ တောင်တွင်းကြီးသို့ ပြန်လာနိုင်သော်လည်း ကျွန်တော့်ကို တွဲဖက်အတွင်းရေးမှူးအဖြစ် အမှုဆောင်ထဲတွင် ထည့်ထားပါသည်။ အရေးကြီးသော ကိစ္စများပေါ်လျှင်လည်း ကျွန်တော့်ထံ စာရေးအသိပေးပြီး တိုင်ပင်လေ့ရှိကြပါသည်။ ရန်ကုန်တွင် ဆောင်ရွက်ရမည့်ကိစ္စများကို ကျွန်တော်ဒိုင်ခံပြီး ဆောင်ရွက်ရပါသည်။ ကျောင်းပိတ်၍ တောင်တွင်းကြီးသို့ပြန်လျှင်လည်း ပြတိုက်မှာသာလျှင် အများဆုံး အချိန်ကုန်လေ့ရှိပါသည်။

၁၉၆၁ ခု ကျွန်တော် 'မဟာဝိဇ္ဇာ အရည်အချင်းစစ်' အတန်းကိုတက်နေစဉ် ကျောင်းပိတ်ရက်ကာလအတွင်း ပြတိုက်သို့ရောက်သွားတော့ ထွေရာလေးပါး စပ်မိစပ်ရာ ပြောနေကြရင်း တောင်တွင်းကြီးဦးအောင်ခင်'က

'ကိုအောင်သင်းရေ ခင်ဗျားရန်ကုန်မှာ ကျောင်းတက်နေတာပဲ ပြတိုက်အတွက် တစ်ခုလောက် ကြိုးစားကြည့်စမ်းဗျာ။ ရန်ကုန်သတင်းစာ မြို့မမောင်မှာ ပန်းချီကားတွေ အများကြီးရှိတယ်

ဗျ။ တော်ရုံတန်ရုံမဟုတ်ဘူး။ တကယ့်ထိပ်တန်း ပန်းချီဆရာကြီးတွေရဲ့ လက်ရာတွေ။ သူက ငွေရေးကြေးရေးလည်း တတ်နိုင်တော့ ကြိုက်ပြီဆိုရင် ကြေးမရှောင်ဘဲဝယ်ပြီး သိမ်းထားတာ။ အဲဒါ ပြတိုက်အတွက် ...'

'သူကြိုက်လို့ ကြေးမရှောင်ဘဲ ဝယ်သိမ်းထားတာကို သွားတောင်းလို့ ဆဲလွှတ်မှာပေါ့ဗျ'

'မဟုတ်သေးဘူးဗျ။ သူ့မှာက ပန်းချီကားတွေ ရာချီပြီး ရှိနေတာ။ တချို့ကားတွေကို သူက သိပ်ပြီးကြိုက်လွန်းလှလို့ရယ် မဟုတ်ဘူး။ အားပေးတဲ့အနေနဲ့ ဝယ်လိုက်တာတွေလည်းရှိတယ်။ ဒီတော့ ခင်ဗျားပြောတတ်ဆိုတတ်ရင် ပြတိုက်အတွက် တစ်ချပ်တလေတော့ ရမှာပဲ'

'သိပ်တော့ မလွယ်ဘူးထင်တယ်ဗျ'

'ဟုတ်တယ်၊ လွယ်တော့ မလွယ်လှဘူး။ သူက လူတစ်မျိုးလို့ပဲ ဆိုရမလား။ သူစိတ်မထင်ရင် နှစ်ပြားတောင် မပေးဘူး။ သူစိတ်ထင်ပြန်တော့လည်း နှစ်ထောင်လောက်ကို ဖြောခနဲ ထုတ်ပေးချင်ပေးလိုက်တာပဲ'

'တောင်တွင်းလှဖေ'က ကြားဝင်၍

'သွားကြည့်ပေါ့ဗျာ။ ပန်းချီကားမရရင်တောင်မှ ပြတိုက်သတင်းလေးများများထည့်ပေးဖို့ အောက်ဆုံးထစ်ဈေးဆစ်ခဲ့ပေါ့ဗျာ'

ကျွန်တော်တို့အားလုံး ရယ်လိုက်မိကြပါသည်။

ရယ်လိုက်ကြသည့်အကြောင်းက ထိုစဉ်အခါက ကျွန်တော်တို့ပြတိုက်ကို တစ်ပြည်လုံးကသိအောင် စိတ်ဝင်စားအောင် (ကျော်ကြားအောင်) အဘက်ဘက်က ကြိုးပမ်းနေကြချိန်ဖြစ်ပါသည်။ ပြတိုက်အဖွဲ့တွင် တောင်တွင်းကြီးက သတင်းထောက်အားလုံး၊ ပန်းချီဆရာအားလုံး ပါဝင်နေသည်ဟုပင် ဆိုနိုင်ပါလိမ့်မည်။ ထို့ကြောင့် ရေးနည်းနည်းကျသော အုတ်ခဲကျိုးကလေး၊ ဆေးတံအပဲ့ကလေး တွေ့လိုက်သည်ကအစ အဖိုးတန်ပုရပိုက်ပေစာများ တွေ့သည်အဆုံး အကုန်လုံးကို ဓာတ်ပုံနှင့်တကွ

သတင်းစာထဲတွင် ခမ်းခမ်းနားနား ပါလာအောင် သတင်းထောက်များက ရေးပေးလေ့ရှိကြပါသည်။ ထို့ကြောင့် တောင်တွင်းလုဖေ၏ စကားကိုဝိုင်းပြီး ရယ်လိုက်ခြင်းဖြစ်ပါသည်။

စင်စစ် ကျွန်တော်တို့တစ်တွေ သတင်းစာများမှ လှုံ့ဆော်ရေးသားမှုများကြောင့်ပင်လျှင် ပိသနိုးမြို့ဟောင်း တူးဖော်သည့်အဆင့်သို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော် သံသယမရှိ ယုံကြည်မိပါသည်။

× × ×

ဤသို့နှင့် ၁၉၆၂ ခု ဖေဖော်ဝါရီလ လောက်တွင် ကျုံးကြီးလမ်းရှိ ရန်ကုန်သတင်းစာတိုက်သို့ ကျွန်တော် ရောက်သွားပါသည်။ တိုက်ပုံအင်္ကျီကလေးဝတ်ပြီး မဝံ့မရဲပါပဲ။

ကျွန်တော်ငယ်စဉ်ကအိမ်တွင် 'ဆယ်သန်း သတင်းစာ' တွေ တစ်ပုံကြီးကိုတွေ့နေရတတ်သည်။ ဘာရယ်မဟုတ်၊ မျက်စိအောက်တွင်တွေ့နေရသည်မို့ ဟိုလှန်သည်လှန်တော့ ဖတ်ဖြစ်ခဲ့သည်။ မမေ့နိုင်သည်က 'အယ်ဒီတာချုပ် မြို့မမောင်'။ သူ့သတင်းစာ၏ ကြွေးကြော်သံဆောင်ပုဒ်က 'ခေတ်ကြီးကို အတင်းပြောင်းမည်' တဲ့။

ရန်ကုန်သတင်းစာ ခေတ်ကိုရောက်လာပြန်တော့လည်း 'စပ်စုမောင်' ဟူသော ကလောင်အမည်နှင့် နိုင်ငံရေးဆောင်းပါးမြူးမြူးသွက်သွက်တွေကို ရေးလေ့ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းလွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရနှင့် အပြိုင်အဆိုင်နိုင်ငံရေးကစားနေချိန်တွင် 'စပ်စုမောင်'၏ ဆောင်းပါးများကို ပြည်သူတွေအတော့်ကို ကြိုက်ကြသည်ကို ကျွန်တော်မှတ်မိနေသည်။ (နောင်အခါတွင် ဦးစပ်စုဆိုသော တရုတ်အမျိုးသားကြီးတစ်ယောက်က သူ့ဘဝဇာတ်ကြောင်း ကို 'စပ်စု၏စပ်စု' 'ထူးတဲ့စပ်စု'စသည်ဖြင့် စာအုပ်များ ထုတ်လိုက်သောကြောင့်ထင်သည်။ 'စပ်စုမောင်'ကို 'စပ်ဖြုမောင်'ဟု ပြောင်းပစ်လိုက်သည်။)

ကျွန်တော့်အဖို့ ' ခေတ်ကြီးကိုအတင်းပြောင်းမည် 'ဟု

အားနှင့်မာန်နှင့် ကြွေးကြော်ထားသော ပုဂ္ဂိုလ်ကြီးအား သွားပြီး တွေ့ရန် မလန့်ဘဲရှိပါမည်လား။

သို့သော် ခပ်လန့်လန့်နှင့်ပဲ တွေ့ခွင့်တောင်းတော့ အလွယ်တကူပဲ တွေ့ခွင့်ရသွားပါသည်။ အောက်ထပ်ရှိ လက်ထောက်အယ်ဒီတာ သတင်းစာဆရာများထံမှတစ်ဆင့် ခွင့်တောင်းတော့ သူတို့က အပေါ်ထပ်ရှိမြို့မမောင်ထံ ဖုန်းဆက်ပြီး အကြောင်းကြားပေးရခြင်းဖြစ်သည်။ ခွင့်ပြုချက်ရမှ 'အပေါ်ထပ် တက်သွားပါ' ဟု လေ့ကားကိုညွှန်ပြလိုက်ပါသည်။

ကျွန်တော်တက်သွားလိုက်တော့ စားပွဲခပ်ရှယ်ရှယ် တစ်လုံးမှာ သူတစ်ယောက်တည်းပါပဲ။ အခန်းကတော့ အတော်လေး ကျယ်ပါသည်။ သူ့နောက်ဘက်တွင် စာအုပ်ဗီရို သုံးလေးလုံး လောက် တွေ့ရသည်။ နံရံတွင်တော့ ပန်းချီကားကြီး လေးငါးချပ်ကို ထည်ထည်ဝါဝါကြီး ချိတ်ထားသည်။

ပန်းချီကားတစ်ခုကိုတော့ ခုထက်ထိ မှတ်မိနေသည်။ ဆရာကြီး ဦးငွေကိုင်၏ 'မွန်သူရဲကောင်း သမိန်ပရမ်းနှင့် တရုတ်စစ်သူကြီး ဂါမဏိတို့ စီးချင်းထိုးဟန်'ဖြစ်ပါသည်။ ထိုပန်းချီကား ဓာတ်ပုံကို စာနယ်ဇင်းတစ်ခုတွင်လည်း ဖော်ပြခဲ့ဖူးခြင်းကြောင့် ကျွန်တော်မှတ်မိလိုက်ခြင်းဖြစ်ပါသည်။ ထိုကားမှာ သေချာကြည့်လေ ကောင်းလေဟု ထင်မိပါသည်။

'ထိုင်ပါ၊ ဘာကိစ္စပါလဲ'

သူ့အသံက တိုးတိုး၊ ညင်ညင်သာသာ၊ သူ့ပုံပန်းက ညိုညိုသွယ်သွယ်၊ ကျွန်တော့်အထင် ထိုစဉ်က သူ့အသက် လေးဆယ်တစ်ဝိုက်လောက်မှာ ရှိလိမ့်မည် ထင်သည်။ လှုပ်ရှားပုံ အလွန်တိတ်ဆိတ်ညင်သာသည်ဟု ထင်လိုက်မိသည်။

ကျွန်တော် တက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်ကြောင်း၊ တောင်တွင်းကြီးပြတိုက် အမှုဆောင်အဖွဲ့ဝင် တစ်ဦး ဖြစ်ကြောင်း စသည်တို့ကို ပဏာမ ခံ၍ ပြတိုက်အတွက် ပန်းချီကားတစ်ချပ် လှူပါမည့်အကြောင်းကို ရှိရိုသေသေပြောပြပါသည်။

သူက ပန်းချီကား အကြောင်းနှင့် စပ်လျဥ်း၍ ဘာတစ်လုံးမျှမပြောဘဲ ပြတိုက်အကြောင်းတွေကိုသာ စိတ်ဝင်စားစွာ မေးနေပါသည်။ ကျွန်တော်ကလည်း ပြတိုက်စတင်တည်ထောင်ခဲ့ပုံ၊ ပစ္စည်းများစုဆောင်းပုံ၊ ရန်ပုံငွေအတွက် ကြိုးပမ်းကြပုံ စသည်တို့ကို ပြောပြပါသည်။ သူကလည်း ရှေးဟောင်းပစ္စည်းများကို အကဲခတ်ပုံ၊ အဆင့်သတ်မှတ်ပုံတို့မှစ၍ စေ့စေ့စပ်စပ်မေးပါသည်။ ကျွန်တော်ကလည်း ထိုစဥ်အခါက ကျွန်တော်တတ်သမျှ မှတ်သမျှလေးနှင့် ကြိုးစားဖြေပါသည်။ သို့နှင့် ရှေးဟောင်းစာနယ်ဇင်းများ ရှာဖွေစုဆောင်းမှုအကြောင်း ရောက်သွားတော့ ကျွန်တော်က–

'စာနယ်ဇင်းတွေဆိုမှ သတိရလို့ပြောရဦးမယ်။ ဆရာ ဟိုခေတ်က ထုတ်ခဲ့တဲ့ ခေတ်ကြီးကို အတင်းပြောင်းမည်ဆိုတဲ့ ဆယ်သန်းသတင်းစာတွေကို ကျွန်တော်တို့ရှာကြည့်သေးတယ် ဆရာ၊ မတွေ့ရတော့ဘူး။ စစ်အတွင်းမှာပဲ ပျက်စီးဆုံးပါးကြတာတွေ များတယ်ဆရာ'

'ဩော် ခင်ဗျားဆယ်သန်းကို ဖတ်ခဲ့ဖူးသလား'

'ကျွန်တော်တို့အိမ်က ဆယ်သန်းကိုလည်း ယူတတ်ထင်ပါရဲ့။ ငယ်ငယ်ကအိမ်မှာ ဆယ်သန်းတွေတစ်ပုံကြီး တွေ့ရတတ်တာပဲ။ ဒါနဲ့မျက်စိအောက်မှာရောက်နေတော့ ကောက်ဖတ်မိတာမျိုးပါပဲ။ ငယ်လည်းအလွန်ငယ်တဲ့အရွယ်ဆိုတော့ ဘာမှ သိပ်မသိပါဘူး။ ဒါပေမယ့် 'ဆေးဆရာပေါင်းတစ်သောင်းကို အစားထိုးနိုင်သည်' ဆိုတဲ့ ဆောင်းပါးကိုတော့ ကောင်းကောင်း မှတ်မိနေသေးတယ်။ အဲဒါကိုတော့ နားလည်နိုင်တာကိုး'

'အင်းအင်း၊ ဟုတ်တယ်။ နေထိုင်မကောင်းချင်လို့ မအီမသာဖြစ်လာရင် အစာကိုဖြတ်ထားလိုက်ရင် နေကောင်းသွားနိုင်ကြောင်းကို ရေးထားတာ။ ဟစ်တလာပြောတဲ့စကားကို အခြေခံပြီး ရေးတာထင်ပါရဲ့'

'ဟုတ်မယ်ထင်ပါရဲ့ဆရာ။ ကျေးငှက်တိရစ္ဆာန်တွေမှာ ဆရာဝန်တွေ ဘာတွေမရှိပေမယ့် အသေအပျောက် နည်းတာဟာ

မအီမသာ ဖြစ်လာရင် အစာရှာမထွက်ဘဲ အသိုက်ထဲမှာ ငြိမ်နေကြလို့ ရောဂါမတိုးဘူးဆိုတဲ့ အကြောင်းလည်းပါတယ်။ အဲဒီဆောင်းပါး တစ်ခုပဲမှတ်မိတယ်ဆရာ၊ ကျန်တာတွေကလည်း စီးပွားရေး ကြီးပွားရေးတွေချည်းပဲ ထင်ပါရဲ့'

ဤသို့ ပန်းချီနှင့် ဘာမျှမဆိုင်သည့် ထွေရာလေးပါး စကားတွေကိုသာ ပြောနေရင်း အတော်လေး ကြာလာတော့ ကျွန်တော် မနေနိုင်တော့ပြီဖြစ်၍ ပန်းချီကားအကြောင်းကို ပြန်ရောက်စေရန်–

'တစ်ခုမေးပါရစေဆရာ၊ ခုခေတ် စိတ္တဇပန်းချီလို့ ခေါ်နေကြတဲ့ မော်ဒန်ပန်းချီတွေကို ဆရာဘယ်လိုသဘောရပါသလဲဆရာ'

ထိုစဉ်က ခေတ်သစ်ပန်းချီ ရေးနည်းရေးဟန်မှာ ယခုခေတ်ကဲ့သို့ များပြားလှသေးသည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်က သူ့ထံမှပညာရလိုသောကြောင့် မေးလိုက်ခြင်းဖြစ်ပါသည်။

'အေး ... ကျွန်တော်လည်း ခင်ဗျားကို အဲဒါမေးလိုက်တော့မလို့ဘဲ ခင်ဗျားရော ဘယ်လိုသဘောရသလဲ'

ကျွန်တော် လန့်သွားပါသည်။ ရိပ်မိလိုက်ပါပြီ။ သူ့ပန်းချီကားတို့ လျှသင့် မလျှသင့် ကျွန်တော့်အား စာမေးပွဲ စစ်နေချေပြီတကား။

ကျွန်တော် သတိကြီးစွာထားရပါတော့မည်။ သတိကြီးစွာထားရမည် ဆိုသည်မှာ အစွမ်းကုန် ရိုးရိုးသားသားလေး ပြောရန် သတိထားရမည်ကို ဆိုလိုခြင်းသာ ဖြစ်ပါသည်။ သူ့လို ပုဂ္ဂိုလ်မျိုးကို သွားပြီး 'ဟန်–ကိုယ်ဖို့ မာန်သူ့ဖို့' ဆိုသည့် အချိုးမျိုး သွားလုပ်လို့ ဖြစ်နိုင်သည်မဟုတ်။ ကျွန်တော်ကိုယ်တိုင်က ပန်းချီ ပညာကို အတန်သင့် လေ့လာနားထောင်မှုမျိုး ရှိခဲ့သည် မှန်သော် လည်း တကယ်စင်စစ် စနစ်တကျ ဘာမျှနားလည်သူတစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် ပို၍လန့်လာခြင်းဖြစ်ပါသည်။ သို့သော် လန့်နေလို့လည်း ပြီးမည်မဟုတ်။

ကျွန်တော်လည်း ခေတ်သစ်ပန်းချီကို ကောင်းကောင်း

နားမလည်ပါဘူးဆရာ။ သိပ်ပြီး မခံစားတတ်ဘူးဆိုပါတော့။ ဒါကြောင့်လည်း ဆရာ့ကိုမေးကြည့်တာပါ'

'ခင်ဗျား ထင်မြင်သလောက်ကိုသာ မေးတာပါ'

'များသောအားဖြင့်တော့ နားမလည်ပါဘူးဆရာ။ ဒါပေမယ့် တချို့တလေ ကျပြန်တော့လည်း အရသာတွေ့မိသလို အရှိသားပဲဆရာ။ ဥပမာ ပန်းချီအောင်စိုး ရေးတာတွေကိုဆိုရင် များသောအားဖြင့် သိပ်နည်းမလည်ပါဘူး။ ဒါပေမယ့် သခင်လွင်လားမသိဘူးရေးတဲ့ 'ကိုယ်တွေ့အိန္ဒိယ'ဆိုတဲ့ စာအုပ်မျက်နှာဖုံး'ကို ပန်းချီအောင်စိုး ရေးတာပဲ။ စုတ်ချက်ကြမ်းကြမ်းကြီးတွေနဲ့ ဘာတွေရေးထားမှန်းကို မသိဘူး။ သေချာကြည့်စမ်းလိုက်တော့ ကုလားနှာခေါင်းကြီးတစ်ခုဆရာ။ အဲဒီ နှာခေါင်းကြီးမှာမှ ကုလားမများ နှာခေါင်းဖောက်သလို နှာခေါင်းကွင်းချိတ်လိုက်လို့ နှာခေါင်းကွင်းမှာ တွဲလွဲဆွဲထားတာတွေက မီးခံသေတ္တာသော့မျိုးကြီးတွေ သုံးလေးချောင်းဆရာ။ သော့တွဲကို နှာခေါင်းမှာ ချိတ်ထားတာပေါ့။ ငွေရှင်ကြေးရှင်တွေ လွှမ်းမိုးနေတဲ့ အိန္ဒိယဆိုတာ ကွင်းခနဲပေါ်သွားတာပဲ။ အဲဒီလို တွေ့လိုက်ပြန်တော့လည်း သိပ်ကို သဘောကျသွားမိပြန်ရော။ ဒါကြောင့် ထင်ရာမြင်ရာ တော်ရမ်းပြီး ရေးထားတာမျိုး မဟုတ်ဘူးလို့ အောက်မေ့လိုက်မိပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီပညာရပ်ကို ကောင်းကောင်း မသိပါဘူးဆရာ'

'ဟုတ်ပါတယ်။ ကျွန်တော်လည်း ခင်ဗျားနဲ့ သဘောတူပါတယ်။ သူတို့ဟာ ရမ်းလုပ်နေကြတာမဟုတ်ဘူး။ တကယ်ကြိုးစားပမ်းစား လုပ်နေကြတာ။ သူများယောင်လို့ ယောင်ကြတဲ့ လူတွေလည်း ရှိသပေါ့လေ'

ကျွန်တော် စာမေးပွဲ ပထမတစ်ထစ်တော့ အောင်မှတ်ရသွားပြီဟု ထင်လိုက်မိပါသည်။

သူကစားပွဲမှ ထသွားပြီးနောက်ဘက် ဗီရိုကြီးတစ်ခုထဲက စာအုပ်ရှည်ကြီး တစ်အုပ် ထုတ်လာပါသည်။ ကျွန်တော် မှတ်မိသလောက် အင်ဒိုးနီးရှား၊ မလေးရှား တို့ဘက်ဆီက ပန်းချီကား

များကို ဆေးရောင်စုံ ရိုက်နှိပ်ထားသော စာအုပ်ကြီး ဖြစ်ပါသည်။ ကျွန်တော့်ကို အကြည့်ခိုင်းပါသည်။ ကျွန်တော်ကြည့်နေစဉ် သူက တယ်လီဖုန်းနှင့်အောက်ထပ်ကို လှမ်းစကားပြောလိုက်၊ သူ့ရှေ့တွင် ချထားသော စက္ကူတစ်ရွက်တွင် (သတင်းစာအတွက်လားမသိ) စာကောက်ရေးလိုက်လုပ်နေပါသည်။

ပြီးမှ ပန်းချီကားတစ်ချပ်က ဆေးရောင်တွေကို ထောက်ပြလိုက်ရင်း–

'အစိမ်းနဲ့အနီတွေကို တွဲရေးထားတာတွေ့လား'

'တွေ့ပါတယ် ဆရာ'

'အစိမ်းနဲ့ အနီဟာ ဘယ်လိုလဲ'

စာမေးပွဲ စစ်ပြန်လေပြီလောဟု အောက်မေ့လိုက်ရာမှ–

'ပန်းချီသဘောအရဆိုရင်တော့ ရန်ဘက်အရောင်တွေပဲဆရာ'

'ဟုတ်တယ်၊ ရုတ်တရက်မရေးဝံ့ကြဘူး။ မြန်မာပြည်က ပန်းချီဆရာတွေလည်း မရေးဝံ့ကြဘူး။ ကျွန်တော်ကတော့ စိန်ပန်းပင်မှာ ဒီအရောင်နှစ်မျိုးတွဲပြီး လှနေတာပါပဲ သဘာဝမှာ လှနေပါလျက်နဲ့ ဘာကြောင့် မရေးရဲကြသလဲလို့တောင် သူတို့ကို ပြောမိပါတယ်'

ထို့နောက် ရုတ်တရက် 'ခဏနေဦး ကော်ဖီလေး သောက်လိုက်ကြဦးစို့' ဟု ပြောပြီး အတွင်းခန်းဘက်သို့ ဝင်သွားပါသည်။ သူထွက်သွားခိုက် ကျွန်တော်က သူ့နောက်ဘက် ဘေးနားရှိ စာအုပ်ဗီရိုကြီးကို သွားကြည့်နေမိပါသည်။ သိပ်မကြာလှပါ။ ကော်ဖီပန်းကန် နှစ်ခုကို ကိုင်ပြီးသူပြန်ထွက်လာပါသည်။ ကော်ဖီဖျော်ပြီးသားကို ဓာတ်ဘူးကြီးကြီးနှင့် အသင့်ထည့်ထားလေ့ ရှိဟန်တူပါသည်။

ကျွန်တော်ကလည်း သူနှင့်အတူ စားပွဲမှာ ပြန်ထိုင်လိုက်ရင်း . .

'ဟိုဗီရိုထဲမှာ **A Dictionary of Thoughts** ဆိုတဲ့

စာအုပ်တွေ့တယ်။ ကျွန်တော် အဲဒီစာအုပ်ကို လိုချင်လို့ရှာတာ ဘယ်မှာမှမရဘူးဆရာ'

'စမတ်အင်မူကာဒမ်'စာအုပ်ဆိုင်မှာမေးမကြည့်ဘူးလား'

'မေးကြည့်တယ်ဆရာ၊ အဲဒီမှာလည်း မရှိဘူး'

'မရှိရင်လည်း သူတို့ကို အမှာခိုင်းပေါ့။ ဒီလိုပဲ မှာရတာပဲ။ မှာပေးပါတယ်။ သီးသန့်မှာပေးရတာဆိုတော့ လေယာဉ်စရိတ်အတွက် နည်းနည်းပါးပါးတော့ ပိုကျမှာပေါ့'

ကော်ဖီသောက်နေကြပါသည်။ ခဏရှိတော့ သူက–

'ခင်ဗျားကြည့်ရတာ စာတော်တော် ဖတ်တယ်နဲ့တူတယ်'

ရုတ်တရက် ကျွန်တော် ဘယ်လိုပြန်ဖြေလိုက်ရမှန်း မသိပါ။ သို့သော် ချီးကျူးမြှောက်ပင့်ပေးနေခြင်း မဟုတ်မှန်းသိသည်နှင့်

'သိပ်ဖတ်တယ်ရယ်တော့ မဟုတ်ပါဘူးဆရာ၊ ဒါပေမယ့် ဝါသနာလည်းပါနေတာဆိုတော့ တတ်နိုင်သမျှ ကြိုးစားဖတ်နေသလိုပဲ ဆိုပါတော့'

ကော်ဖီသောက်ရင်း သူက ခပ်ငိုင်ငိုင် ငေးနေပါသည်။ အတော်လေးကြာအောင် ငေးနေပြီးမှ–

'စာကို သိပ်မဖတ်နဲ့တော့ဗျ။ စဉ်းစားတော့'

ခဏလောက် ရပ်နေပြန်ပါသည်။ ပြီးမှ ဆက်၍–

'ခင်ဗျားမှာ ဘွဲ့တစ်ခုတောင်ရပြီးပြီပဲ။ နည်းနည်းဖတ်ပြီး များများစဉ်းစားဖို့ အချိန်ရောက်ပြီ။ အများကြီးဖတ်ပြီး နည်းနည်းမှ မစဉ်းစားရင် ဗဟုသုတများတဲ့ လူညံ့တစ်ယောက်ပဲ ဖြစ်နေမှာပေါ့။ အများကြီးစဉ်းစားပြီးရေးထားတဲ့စာအုပ်ကောင်း နည်းနည်းလောက်ကိုဖတ်ပြီး ကိုယ်တိုင်က များများစဉ်းစားနိုင်ရင် ပိုကောင်းတယ်ဗျ'

သူပြောသည့်စကားများကို ပြန်စဉ်းစားရင်း ကျွန်တော်လည်း ငိုင်နေမိပါသည်။ သူလည်း အတန်ကြာအောင် ငိုင်နေပြီးမှ

'ကျွန်တော့်မှာ ပန်းချီကားတွေအများကြီးရှိပါတယ်။ တချို့ကတော့ ကိုယ်တိုင်က ကြိုက်လို့ဝယ်ထားတာ တချို့ကျတော့

လည်း ကိုယ်ကသိပ်မကြိုက်လှပေမယ့် အားပေးတဲ့အနေနဲ့ ဝယ်ထားလိုက်ရတာ။ ပန်းချီဆရာဆိုတာကလည်း သူတို့စိတ်ကူးပေါက်တဲ့အခါ ရေးချင်တာကိုရေးလိုက်ကြတာ။ ရေးပြီးလို့ မရောင်းရတော့ဘူး ဆိုပြန်တော့လည်း လူချမ်းသာတွေမှမဟုတ်ဘဲ စားစရာမရှိကြပြန်ဘူး။ ဒီတော့ ကျုပ်ဆီပေါက်လာပြီး ပေးချင်သလောက်သာ ကြည့်ပေးပါဆိုပြီး ရောင်းကြပြန်ရော။ အနုပညာဆိုပြန်တော့လည်း လင်သေကြွေးပူ အချောင်ရတာပဲလို့ စျေးနှိမ်ကောင်းတာမှမဟုတ်ဘဲကိုး။ တတ်နိုင်သမျှတော့ ထိုက်ထိုက်တန်တန် ပေးလိုက်ရပြန်တာပေါ့။

'ကျွန်တော့်မှာ ပန်းချီကား အတော်များများကိုရှိတယ်။ ပန်းချီပြတိုက် (Art Gallery) တစ်ခုဆောက်ဖို့ ရည်ရွယ်ချက်ရှိတယ်။ ရေကူးဘက်မှာဆောက်ရင် ကောင်းမလားလို့ အစိုးရဘက်က တချို့ပုဂ္ဂိုလ်တွေနဲ့တောင် စကားပြောထားမိသေးတယ်'

ခဏကြာမျှ စကားပြောနေကြပြီးနောက်–

'ကဲလေ ခင်ဗျားတို့ ပြတိုက်ကိုလည်း အားပေးတဲ့အနေနဲ့ ပန်းချီကား တစ်ချပ်လှူလိုက်ပါ့မယ်။ ဘယ်ကားကို လှူရမလဲဆိုတာတော့ စဉ်းစားရဦးမယ်။ ဒီတော့ နက်ဖြန်မနက် အဲ–နေဦး၊ သန်ဘက်ခါမနက် ၉ နာရီလောက်ကို တစ်ခေါက်လာခဲ့ဦး'

ကျွန်တော်လည်း ရှိရှိသေသေနှုတ်ဆက်၍ ဝမ်းမြောက်ပေါ့ပါးစွာ ပြန်လာခဲ့ပါသည်။

× × ×

သူချိန်းထားသောနေ့တွင် ကျွန်တော်လည်း သပ်သပ်ရပ်ရပ်ဝတ်စားပြီး ရောက်သွားပါသည်။ ကျွန်တော့်ကို မြင်လိုက်တော့–

'ဩော် အင်း–ထိုင်ထိုင်'

သူအောက်ထပ်ကို တယ်လီဖုန်း လှမ်းပြောပြန်ပါသည်။ ပြောပုံက တကယ့်တိုးတိုးညင်ညင် ကလေးပါပဲ။ သို့သော် အမြဲ

တမ်းအမိန့်ပေးခိုင်းစေနေကျ အသွင်မျိုးပေါ်လွင်လှပါသည်။ တိုက်ရှိ အလုပ်သမားအားလုံးကလည်း အလွန် ရိုသေကြပုံပေါ်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားဖြစ်၍ရိုသေကြရပုံမျိုး မဟုတ်ဘဲ အသက်အားဖြင့် ဝါအားဖြင့် ပညာအားဖြင့် ကြီးမြင့်သည့်သာမက စည်းစနစ်ကျသောကြောင့်လည်း ဖြစ်သည်ဟု ထင်လိုက်မိပါသည်။

'ဩော် အေး ဓာတ်ပုံဆရာ ရောက်ပြီလားဟေ့' အသံက တီးတိုးသက်သာရှိလွန်းလှသည်ကို သတိမပြုဘဲမနေနိုင်အောင် ရှိပါသည်။

'ငါ တစ်နေ့ကတည်းက ပြောထားတယ်'

'ဩော် အေးအေး ပြန်ရောက်လာရင် အပေါ်ကို လွှတ်လိုက်၊ ဖလင်အသစ်ထည့်ခဲ့လို့ပြောလိုက်'

ကျွန်တော့်ကို စာမေးပွဲစစ်ပြန်ဘိသကဲ့သို့ ဟိုမေးဒီမေး နေပြန်ပါသည်။ ထိုအချိန်အထိ ဘယ်လိုပန်းချီကား၊ ဘယ်မျှတန်ဖိုးရှိသော ပန်းချီကားကို လှူမည်ကို မဆုံးဖြတ်သေးကြောင်း နောင် အခါတွင်မှ ပြန်ပြီးစဉ်းစားမိပါသည်။ ပညာစမ်းနေခြင်းမဟုတ်ဘဲ ကျွန်တော်တို့အဆင့် ပြတိုက်အဆင့်ကို စူးစမ်းနေခြင်းသာ ဖြစ်ပါလိမ့်မည်။

အတော်လေးကြာတော့ ကင်မရာတွေ မီးခွက်တွေ အသင့်ကိုင်ထားသော ဓာတ်ပုံဆရာရောက်လာပါသည်။

'ကဲ မင်းပစ္စည်းတွေ ခဏချထားဦး၊ ဒီကိုခဏလာ စမ်း'ဟု ဆိုပြီး နောက်ဘက်က အခန်းတစ်ခုထဲသို့ ဝင်သွားကြပါသည်။

ချက်ချင်းလိုပင် သူ ပြန်ထွက်လာပါသည်။

'ခင်ဗျားတို့ ပြတိုက်နဲ့ ဆီလျော်တဲ့ ပန်းချီကား နှစ်ချပ် လှူလိုက်မယ်'

ကျွန်တော် အဘယ်မျှ ဝမ်းမြူးသွားမည်ကို မှန်းဆနိုင်ပါလိမ့်မည်။ ပန်းချီကားတစ်ချပ်လောက် ရပါမည့်အကြောင်း ကြိုးစားအားခဲခဲ့ရသည်ဖြစ်ရာ နှစ်ချပ်တောင် လှူလိုက်တော့မည်ဆိုတော့

ကျွန်တော် ဝမ်းမမြူးဘဲ နေနိုင်ပါမည်လား။

ဓာတ်ပုံဆရာက ပန်းချီကားကြီး နှစ်ချပ်ကို ထုတ်လာပါသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ ပုံတော်ကြီးများ ဖြစ်ပါသည်။ အမြင့်လေးပေ၊ အနံသုံးပေခန့်မျှစီရှိသော ရောမကားကြီးများ ဖြစ်ပါသည်။

'ကိုလှမောင်ကြီး ရေးတဲ့ကားတွေပဲ။ ကျပ် ၁၀၀၀ စီ ပေးပြီး ဝယ်ထားလိုက်တာ'

ထိုစဉ်အခါက ရွှေတစ်ကျပ်သားကို နှစ်ရာ့အစိတ် လောက်သာရှိသေးသည်ကို ကျွန်တော့်မှတ်မိနေပါသေးသည်။

ဓာတ်ပုံဆရာကို လှမ်းပြီး–

'ကဲ အဲဒီပန်းချီကားနှစ်ချပ်နဲ့ သူ့ကို ဓာတ်ပုံရိုက်ရမယ်။ ကြည့်ပြီး စီစဉ်ပေတော့'

ဓာတ်ပုံဆရာက ပန်းချီကားများကို နေရာချထားပြီး နောက် ကျွန်တော့်ကို ပန်းချီကားဘေးတွင်ရပ်စေလျက် သီပေါမင်း ပုံကို လက်နှင့်ကိုင်ထားစေပါသည်။ ကျွန်တော်က ပန်းချီကား များကို ပေးအပ်လှူဒါန်းပုံ ရိုက်မည်ထင်မိသောကြောင့်–

'ဆရာရော တစ်ဖက်ကဝင်ပြီး မရပ်တော့ဘူးလားဆရာ'

'မလိုဘူး မလိုဘူး။ ကျုပ်ကကြော်ငြာနေဖို့ မလိုဘူး။ ခင်ဗျားတို့ ပြတိုက်အတွက်ကလိုအပ်တယ်။ နောက်ပြီး ဒီပုံ သတင်းစာထဲ ပါသွားတော့ ခင်ဗျားတောင်တွင်းကြီးပြတိုက်က မဟုတ်ဘူးဆိုရင်လည်း ကောင်းကောင်းကြီး အရေးယူလို့ရတယ်' ဟု မပြုံးမရယ် ခပ်အေးအေး ပြန်ပြောလိုက်ရာ ကျွန်တော် ကတော့ အနည်းငယ်ပြုံးလိုက်မိပါသေးသည်။

နောက်တစ်နေ့တွင် ထိုဓာတ်ပုံသတင်း 'ရန်ကုန် သတင်းစာ'တွင် ပါလာပါသည်။ ကျွန်တော်က ကျောင်းမပိတ် သေးသောကြောင့် တောင်တွင်းကြီးသို့ မပြန်နိုင်သေးသော်လည်း တောင်တွင်းကြီးက ပြတိုက်ရဲဘော်များကတော့ သတင်းစာတွင် တွေ့ပြီး ကြိတ်ဝမ်းသာနေကြတော့မည်ဖြစ်ပါသည်။

ကျွန်တော် တောင်တွင်းကြီးသို့ ပြန်သွားတော့ ကြိုတင်အကြောင်းကြား ထားသည့်အတိုင်း ပြတိုက်အုပ်စု ဘူတာရုံတွင်လာပြီး ပန်းချီကားကို ကြိုကြပါသည်။ ကြိုကြသည်လည်း မပြောနှင့်။ ကျွန်တော်တို့ ပြတိုက်အဖွဲ့တွင် ပန်းချီဆရာတွေကိုက ခြောက်ယောက်၊ ခုနစ်ယောက်လောက်ပါနေသည်။ ကျွန်တော်တို့အဖွဲ့ဥက္ကဋ္ဌကိုက ပန်းချီနည်းပြဆရာကြီး ဦးဘရွှေ။

သူတို့ကပန်းချီကားများကို ရွှေအင်းတောင်ဘုရားပေါ်ရှိပြတိုက်သို့ ယူသွားကြသည်။ ကျွန်တော်က အိမ်တွင် ပစ္စည်းလေးတွေကိုထား၊ ရေမိုးချိုး၊ ထမင်းစားပြီး ပြတိုက်ဘက်သို့ လျှောက်သွားလိုက်တော့ ပန်းချီကားကြီး နှစ်ချပ်ကို ပြတိုက်နံရံတွင် ထောင်ကာ သူတို့တစ်တွေ တပြုံးပြုံးအရသာခံကြည့်နူးနေကြသည်ကိုတွေ့ရသည်။

ဦးလှမောင်ကြီး၏ လက်ရာကလည်း ကောင်းလှပါပေသည်။ ဆီဆေးကို ခပ်ထူထူကြီး ရေးထားခြင်းဖြစ်ပါသည်။ အချို့နေရာတွင် အတုံးလိုက်အထစ်လိုက် ဆေးတင်ထားသည်ကို တွေ့ရပါသည်။ အနားကပ်ကြည့်လိုက်လျှင် တကယ့်အတုံးလိုက် အတစ်လိုက်ပါပဲ။ မင်းတုန်းမင်းကြီး၏ စလွယ်က စိန်ကြီးတစ်လုံးကို အနားကပ်ကြည့်လိုက်တော့ ဆီဆေးတုံးကြီးတစ်ခု မသပ်မရပ်ကပ်ထား သလိုနေသည်မှအပ ဘာအဓိပ္ပာယ်မျှမရှိပါ။ အဝေးကကြည့်လိုက်တော့ စိန်ကြီးများမှာတဖျပ်ဖျပ် ဝင်းလက်နေသည်ဟုထင်ရပါသည်။

ကျွန်တော်တို့ ဥက္ကဋ္ဌဖြစ်သူ ဆရာဦးဘရွှေက ပန်းချီကားကို တစိမ့်စိမ့်ကြည့်နေရင်း ကျွန်တော်အလှူခံခဲ့ရပုံ အတွေ့အကြုံကို မေးပါသည်။ ကျွန်တော်က တတ်နိုင်သမျှ အသေးစိတ်ကိုပြောပြတော့ အံ့ဩလိုက်ရယ်လိုက်နှင့် နားထောင်ပြီး–

'အမယ်လေး ကိုအောင်သင်း ဝင်ခဲ့ရတဲ့စာမေးပွဲက မသေးပါလား'

'ဆရာရေ အဲဒါတောင် လှူမယ့်မနက်မှာ စိတ်တိုင်းကျ

ထပ်ပြီး စစ်လိုက်သေးတယ်'

'သူက ဘယ်ကားကို ပေးလိုက်မယ်ဆိုတာ ဆုံးဖြတ်သေးဟန်မတူဘူးဆရာ။ သူက ဘာပြောသလဲဆိုတော့ 'ကျုပ်ကားမှာ ဘောင်တွေတော့ တပ်ပြီးသားပဲ။ ဒါပေမယ့် တောင်တွေကို ဆေးတော့ မသုတ်ရသေးဘူး။ ဆေးသုတ်ဖို့တော့လို လိမ့်မယ်ထင်တယ်။ ဘာရောင်သုတ်ရင် ကောင်းမလဲ'တဲ့

ဆရာဦးဘရွှေက အမောတကော–

'အင်း အင်း ကိုအောင်သင်းက ဘာပြန်ပြောလိုက်လဲ'

'ကျွန်တော်လည်းပထမတော့ ကြောင်သွားတယ်ဆရာ။ နောက်တော့မှ ဆရာတို့တစ်တွေ ပြောသံဆိုသံတွေ ကြားနေရတာကို သတိရပြီး ခပ်လန့်လန့်နဲ့ပဲ 'ဘောင်ကို ဆေးသုတ်တာတို့၊ ရွှေချတာတို့ဟာ ပန်းချီကားကို တစ်ခါတစ်ရံ အနှောင့်အယှက်ဖြစ်တတ်သလားမသိဘူး။ ဘောင်ရဲ့အရောင်က ပန်းချီကားရဲ့ ဆေးရောင်ကို မလွှမ်းသင့်ဘူးလို့ ထင်မိတာပဲ'လို့ ပြောလိုက်တယ်'

ဆရာဦးဘရွှေ အားရပါးရ ရယ်လိုက်ပြီးနောက်–

'ဟုတ်ပြီ ဟုတ်ပြီ၊ သူ့ပန်းချီကားတွေကို တန်ဖိုးထားတတ် မထားတတ် စစ်ဆေးနေတာနဲ့တူတယ်'

'နောက်ထပ်ပြီး မေးသေးတယ်။ 'ခင်ဗျားတို့ အညာဘက်ဆီမှာ ဖုန်တွေက အလွန်ထူတယ်။ ပန်းချီကားမှာ ဖုန်တွေဘာတွေတင်နေရင်ရော ဘာလုပ်ကြသလဲတဲ့' ကျွန်တော်က 'အနည်းအကျဉ်းဆိုရင်တော့ ကြက်မွေးလေးဘာလေးနဲ့ သပ်လိုက်ကြတာပါပဲဆရာ'လို့ ပြန်ပြောလိုက်တယ်။ သူက ဆက်ပြီး 'ထူထူထပ်ထပ် တင်နေရင်ရော'တဲ့။

'ကျွန်တော်လည်း နည်းနည်း ကြောင်အအ ဖြစ်သွားတယ်ဆရာ' သူက 'ရေလေးဘာလေးနဲ့ ဆေးရတော့မှာပေါ့'တဲ့။

ဆရာဦးဘရွှေက အလွန်သဘောကျနေဟန်နှင့် ရယ်မောပြီး စိတ်အားထက်သန်စွာနှင့်–

'လုပ်စမ်းပါဦး ကိုအောင်သင်းကဘာပြန်ပြောလိုက်သလဲ'

'ကျွန်တော်လည်း 'မြိုင်–ဓါတ်ပုံ'က ကိုသန်းမြိုင် တစ်ခါ ပြောဖူးတာကို သတိရမိသလိုရှိတာနဲ့' ရေနွေးတော့ဆေးလို့ မဖြစ်ဖူး ထင်တယ်ဆရာ အာလူးအစိုကိုခြမ်းပြီး ခပ်ဖွဖွပွတ်ပေးရင်ရတယ် လို့ ပြောသံကြားဖူးပါတယ်'လို့ စွတ်ပြောလိုက်ရတာပေါ့ ဆရာ'

'အမယ်လေး ကိုအောင်သင်းရေ တကယ့်စာမေးပွဲကြီး ကို အောင်ခဲ့တာပဲ။ နို့မဟုတ်ရင် ဒီကားကြီးတွေကို လှူလိုက်မှာ မဟုတ်ဘူး။ ကဲ ••• ကဲ ကို အောင်သင်း စာမေးပွဲအောင်ခဲ့တာကို ဂုဏ်ပြုရမှာပဲ။ ဟော့ •• ဟိုကောင်လေးလာစမ်းကွာ၊ လက်ဖက်ရည် သွားဝယ်ချေကွာ'

ကျွန်တော်တို့တစ်တွေ တပျော်တပါးကြီး လက်ဖက်ရည် သောက်ကြပါသည်။ ကျွန်တော်လည်း တကယ့်ကို ပျော်ပြီးမြူးကြွ နေခဲ့မိပါသည်။

× × ×

၁၉၆၃ ခုနှစ်တွင် ကျွန်တော် မော်လမြိုင်ကောလိပ်သို့ ရောက်နေပါသည်။ တန်ဆောင်မုန်းလထဲရောက်တော့ တစ်နေ့တွင် ကျောင်းသားတစ်ယောက်က 'ဆရာ့ဓာတ်ပုံသတင်းစာထဲမှာ ပါ လာတယ်'ဟု ပြောလိုက်သောကြောင့် ဘာကိစ္စများ ပါလာပါလိမ့်။ ပါစရာအကြောင်းလည်း ဘာမှမရှိပါလားဟု အံ့အားသင့်နေမိ ပါသည်။

သွားကြည့်လိုက်တော့ ရန်ကုန်သတင်းစာတွင် ပါလာ ခြင်းဖြစ်ပါသည်။ ဤနေ့သည်ကား ပါတော်မူနေ့တည်းဟူသော ခေါင်းစဉ်မျိုးနှင့် သီပေါမင်း၏ ပန်းချီကားဓာတ်ပုံပါလာခြင်း ဖြစ်ပါ သည်။ သီပေါမင်းပုံပါလာသည်က အရေးမကြီး၊ ကျွန်တော်က ပန်းချီကားကို ကိုင်ပြီး ဘေးကရပ်လျက် အူကြောင်ကြောင် ပါလာ ခြင်းဖြစ်ပါသည်။ ဆရာမြို့မမောင်ကတော့ သီပေါမင်း၏ ပန်းချီကား ကိုအထည့်ခိုင်းလိုက်ခြင်းဖြစ်ပါလိမ့်မည်။ သို့သော်လည်း ကျွန်တော့် ပုံကို ဖြတ်ထုတ်လိုက်လျှင်လည်း ကျွန်တော့်လက်ကြီးက ကန့်လန့်

ရှုပ်နေဦးမည်ဖြစ်သောကြောင့် လက်ထောက်အယ်ဒီတာ များက ကျွန်တော့်ပုံကိုပါ ရောထည့်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။ နီးစပ်ရာ တွေက ဘာဖြစ်တာလဲဘာညာ စသည်ဖြင့်မေးကြရာ ကျွန်တော့်မှာ ဘယ်လိုလုပ်ပြီး ရှင်းပြလိုက်ရမှန်း မသိအောင် ဖြစ်ခဲ့ရပါသေးသည်။

× × ×

ထိုမင်းနှစ်ပါးပုံကို တောင်တွင်းကြီးပြတိုက်တွင် ဂုဏ်ထည်ဝင့်ဝါစွာချိတ်ထားခဲ့ပါသည်။ နောက်ပိုင်းတွင်တော့ ကျွန်တော်လည်း အလုပ်နှင့်ဟိုပြောင်း ဒီရွှေ့လုပ်ရသည်နှင့် တောင်တွင်းကြီးနှင့် အဆက်အလှမ်းဝေးသလိုလို ဖြစ်သွားခဲ့ရသည်။

ရွှေအင်းတောင် ရင်ပြင်တော်ပေါ်က ပြတိုက်ခင်းရာ တန်ဆောင်းကိုလည်း ဂေါပကအဖွဲ့နှင့် အလှူရှင်က ပြန်တောင်းသောကြောင့် တခြားနေရာသို့ ရွှေ့ရကြောင်းကြားသည်။ မကြာမီပင် နောက်ထပ်တစ်နေရာ ရွှေ့ပြန်ရာမြို့လယ်ဈေးအနီးရှိ တိုက်ခန်းကြီးတစ်ခုကိုငှားပြီး ပြတိုက်ပြုလုပ်ထားကြောင်း ကြားရပြန်သည်။ အမြဲတမ်းလိုလို ပိတ်ထားသောကြောင့် 'မပြတိုက်'ဟု ခေါ်နေကြကြောင်းကိုလည်း ကြားရသည်။

တောင်တွင်းကြီးသို့ ခဏတဖြုတ် ပြန်ရောက်သောအခါမျိုးတွင်တော့ ဈေးအနီး အိမ်ကြိုအိမ်ကြားတွင် ပြတိုက်ထားသည်မှာ မသင့်ကြောင်း၊ မီးဘေးအန္တရာယ်ကြောက်ရကြောင်း၊ အစားထိုး၍မရနိုင်သောပစ္စည်းများ ဆုံးပါးနိုင်ကြောင်း သင့်တော်ရာနေရာတစ်ခုကို ရှာကြံရွှေ့ပြောင်းသင့်ကြောင်းကို ထိုစဉ်ကာလက ပြောပိုင်လုပ်ပိုင်ခွင့်ရှိသူများအား လေပျော့ကလေးနှင့် ပြောခဲ့ပါသေးသည်။ သို့သော် ကျွန်တော် အတော်လေး စဉ်းစားပြီးပြောသည့်စကားကို သူတို့က နည်းနည်းလေးမျှ မစဉ်းစားခဲ့ကြသောကြောင့် မင်းနှစ်ပါးမှာလည်း အလောင်ပြင်းလှသည့် တောင်တွင်းကြီးမီးတွင် အဂ္ဂိမစျာပနဖြင့် ပြာကျသွားခဲ့ရပါသတည်း။

× × ×

ယခုသော်ကား ဆရာဦးလှမောင်ကြီး၏လက်ရာ၊ ဆရာမြို့မမောင်၏စေတနာ မင်းနှစ်ပါးသည်မရှိတော့ပြီ။ ဆရာမြို့မ မောင်ကိုယ်တိုင်လည်း မရှိတော့ပြီ။

သို့သော် ''များများစဉ်းစားပြီး ရေးထားတဲ့စာအုပ် နည်းနည်းကိုဖတ်ပြီး ကိုယ်တိုင်က များများစဉ်းစားစေချင်တယ်''ဟူသော ဆရာမြို့မမောင်၏ စကားတို့ကား ကျွန်တော့်ရင်ထဲတွင် ယခုတိုင်ရှိနေပါသေးသည်။

***(ပေဖူးလွှာ၊ မေ ၁၉၈၉)***

*ဤဆောင်းပါး ပါလာပြီးနောက် မကြာမီမှာပင် ရေဆေးပန်းချီကျော် ဦးဉာဏ်ရှိန်နှင့်တွေ့သည်။ သူက တောင်တွင်းကြီးဇာတိ၊ ကျွန်တော်တို့အိမ်နှင့် မျက်စောင်းထိုး။ ထို့ကြောင့် ကစားဘက်အစ်ကိုဖြစ်သည်။ သူက . . .*

*''အောင်သင်းရေ . . . မင်းရေးတဲ့ ဆရာမြို့မမောင် အကြောင်းဖတ်လိုက်ရတယ်။ ဟုတ်တယ်ကွ . . . သူက ငါတို့ ပန်းချီဆရာတွေရဲ့ အားကိုးရာပဲ။ ငါလည်း အသုံးပြုတ်နေလျှင် သူ့ဆီကို ပြေးရတာပဲ''*

*''ဆရာကြီး ကျွန်တော့် ဒီကားကလေး ကြည့်ပါပေါ့ကွာ။ ကြိုက်လျှင်လည်း ချက်ချင်းယူလိုက်တာပေါ့၊ တစ်ခါတလေလည်း ''ဆရာဦးဉာဏ်ရှိန်ရေ . . . ဒီသစ်ကိုင်းကလေးက အပြင်ထွက်နေတယ်၊ အတွင်းဘက်ကို ဒီလိုလေး ညွှတ်လိုက်လျှင် ကောင်းမလားဘဲ'' ဆိုတာမျိုး ပြောတတ်တယ်။ ဟုတ်လည်း ဟုတ်တယ်။ သူက ပန်းချီကို ကောင်းကောင်းကြည့်တတ်တာကိုးကွ။ အဲဒါကို သူပြောတဲ့ အတိုင်း ပြန်ရေးပြီးသွားပြ။ '' ကောင်းတယ် ဦးဉာဏ်ရှိန်ရေ . . . '' ဆိုတဲ့ပြီး အံဆွဲကိုဖွင့် ငွေနှစ်ရာ သုံးရာ ပတ်ခနဲ ပေးလိုက်တာ။ မင်းလည်း အလယ်တန်းပြဆရာ လုပ်ခဲ့သေးတာပဲ။ တစ်လစာ ဖူလုံသွားပြန်တာကိုးကွ''*

***ဖြည့်စွက်ချက် ( ၂၉ - ၅ - ၂၀၀၃)***

# ဆရာကြီးရွှေဥဒေါင်းနှင့် ကျွန်တော်

### ဆရာကြီးနှင့် ကျွန်တော့်စာပေဘဝ

'ဆရာကြီးရွှေဥဒေါင်းနှင့် ကျွန်တော်' ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးရေးတော့မည်ဟု ပြန်လည်စဉ်းစားလိုက်သောအခါ ကျွန်တော့်ဘဝ 'တစ်လျှားလုံး' ကြီးကို ပြန်လည်စဉ်းစားနေမိလျက်သား ဖြစ်နေသည်ကိုတွေ့လိုက်ရပါသည်။ ကျွန်တော်စာဖတ်ဝါသနာပျိုးထောင်ခဲ့သည့် ကာလမှစ၍ သူ၏အရိပ်မထိုးခဲ့သော၊ ဩဇာမမိုးခဲ့သော ကာလအစိတ်အပိုင်းမရှိပါကလားဟု အောက်မေ့လာလိုက်မိသဖြင့် ဆရာကြီးကို လွမ်းလွမ်းဆွေးဆွေးကြီး သတိရရုံမျှမက ဆရာကြီးအဖို့ စာရေးဆရာဘဝ 'အရတော်လေခြင်း'ဟု ကြည်ညိုအားကျခြင်း ဖြစ်မိပါသည်။ ကျွန်တော်တို့ ငယ်စဉ်ဘဝအဆန်းတကြယ် စွန့်စားခန်းများကို စိတ်ဝင်စားသည့် ကာလတွင် ဆရာကြီး၏ 'ရူပနန္ဒီ'တို့ 'ရူပကလျာဏီ' တို့နှင့်တွေ့ခဲ့ရသည်။ ထိုဝတ္ထုများမှာ အဘယ်မျှ ဆန်းကြယ်ကြောင်း၊ အဘယ်မျှ စာဖတ်သူကို ညှို့ငင်နိုင် စွမ်းရှိကြောင်းကို အထူးပြောနေစရာ မလိုတော့ပါ။

ထိုသို့ဆရာကြီး၏ ရှေးဟောင်းဇာတ်လမ်း အဆန်းတကြယ်တို့ကို ပရိသတ် စိတ်ဝင်စားမှန်းသိကြသောအခါ အချို့သော စာရေးဆရာတို့က လိုက်လံတုပပြီး ရေးကြပါသေးသည်။ ဥပမာ– ရွှေပိန်သောင်းက 'သုဝဏ္ဏဒေဝီ' ဟူသော ဝတ္ထုရှည်ကြီးကို သတင်းစာတွင် အခန်းဆက်ထည့် လိုက်ခဲ့သေးသည်။ သို့သော် ဆရာကြီး၏ ရူပနန္ဒီကို မြည်းစားခဲ့ဖူးပြီးသော ကျွန်တော်တို့လျှာတွင် 'သုဝဏ္ဏဒေဝီ' မှာ ခံတွင်းမပေါက်နိုင်လောက်အောင် ဖြစ်ခဲ့ရလေသည်။

ဆရာရွှေဒိုးဘီအောင်၏ 'ကာသိယောပိယ'၊ 'ပဒဏီ'၊ 'အသူရီဒေဝီ' စသောဝတ္ထုတို့သည်သာလျှင် ကျွန်တော်တို့ကို အတန်အသင့် ဖမ်းစားနိုင်သည်။ သို့လင့်ကစား ဘုရားလက်ထက်တော် ရှေးဟောင်းဘဝနှင့် ယခုမျက်မှောက်ခေတ်ဘဝတို့ကို ဆက်စပ်ထားသော ရူပနန္ဒီလောက် ခွန်အားထက်မြက်ခြင်း မဖြစ်ခဲ့ပါ။ လျှို့ဝှက်ဆန်းကြယ်မှုတွေမပါဘဲ စွန့်စားခန်းသက်သက် ရသမျိုးကိုတော့ 'ဂျမဒါကိုကိုကြီး' ဝတ္ထုများကပေးခဲ့ပါသည်။ 'အသက်ကို မတွယ်၊ ဘေးကိုမတာ' စွန့်စားတတ်သော ဂျမဒါကိုကိုကြီး မှာ ကျွန်တော်တို့၏ 'ဟီးရိုး'ကြီး ဖြစ်လာရပြန်သည်။ ထို့နောက် အသတ်အပုတ်စွန့်စားခန်းတွေမပါဘဲ၊ အဆန်းတကြယ် အံ့သြဖွယ်တွေလည်းမပါဘဲ ကျိုးကြောင်းဆင်ခြင်မှုသက်သက်ဖြင့် လျှို့ဝှက်သည်းဖိုဖြစ်စေသော 'စုံထောက်မောင်စံရှား'ဝတ္ထုတွေထဲက ပတ်ဝန်းကျင်သတိပြုမှတ်သားမှု၊ ကျိုးကြောင်းဆက်စပ် စဉ်းစားမှုတို့ကို နှစ်သက်ရကောင်းမှန်း သိလာရပြန်သည်။ ကျွန်တော်တို့ တစ်တွေကြီးကောင်ဝင်လာကြပါပြီ။ ချစ်စိတ်ချစ်သွေးတို့လည်း ပေါ်လာကြပါပြီ။ ထိုအခါတွင်လည်း ဆရာကြီးက မွန်မြတ်ကြီးမြင့်သော အချစ်ဝတ္ထုကြီးများကို ပေးလိုက်ပြန်ပါသည်။ သစ္စာကြီးမှု၊ သဘောထားကြီးမှု၊ ခွင့်လွှတ်မှု၊ အနစ်နာခံမှု စသည်တို့နှင့် ပြည့်လျှမ်းနေသော မွန်မြတ်လှသည့် ချစ်ခြင်းမေတ္တာကို ဆရာကြီးက ကျွန်တော်တို့အား ပုံစံပြပြီးသွန်သင်ပေးနေသကဲ့သို့ ဖြစ်လာပါသည်။

ဤသို့ဆိုသောကြောင့် ကျွန်တော်တို့တစ်တွေမှာ သူ့ဝတ္ထုများထဲက ဇာတ်လိုက်တွေကဲ့သို့ သဘောထားကြီးခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း စသည်တို့နှင့် ပြည့်လျှမ်းသော ယောကျ်ားကောင်း မေတ္တာရှင်များဖြစ်လာကြသည်ဟု မဆိုလိုပါ။ ကျွန်တော်တို့က 'စိတ်ထားဝတိန်' မဖြစ်လျှင် ကျွန်တော်တို့ကိုယ်၌က ညံ့ကိုညံ့လို့သာ ဖြစ်ပါသည်။ စာရေးဆရာတစ်ယောက် အနေနှင့် ဆရာကြီးဘက်ကတော့ တစ်ရွေးသားမကျန်ရအောင် တာဝန်ကျေခဲ့ကြောင်းကို ကျွန်တော်တို့ အခါမလင့် ဝန်ခံကြရပါလိမ့်မည်။ စစ်ကြီးပြီးသောအခါ ကျွန်တော်တို့မှာ စစ်ကြီးနှင့် ဖက်စစ်တော်လှန်ရေးကြီး အတွေ့အကြုံကြောင့် စွန့်စားချင်စိတ် ကလည်းတစ်ပိုင်း၊ ချစ်ချင်စိတ်ကလည်း တစ်ပိုင်းဖြစ်နေခဲ့ကြသည်။ ထိုအခါမျိုးတွင် ဆရာကြီးက 'ဇော်ဟိတ်'ကို ပွဲထုတ်လာပြန်ပါသည်။

ကျွန်တော်တို့ လူလားမြောက်လာကြပါပြီ၊ အတွေးအခေါ် ဘဝအမြင်ကလည်း ရှေးကနှင့်စာလျှင် ရင့်ကျက်လာကြပါပြီ။ မှန်သည် မှားသည်အပ ထား၍ ပေါက်တီးပေါက်ရှာ တွေးစ၊ ပြောစပြုလာကြပါပြီ။

ထိုအခါ ထိုအခိုက်မျိုး၌ ဆရာကြီးက ကျွန်တော်တို့အား တစ်ဆင့်တက်ပြီး စွန့်စားခန်းအသစ်ကို မိတ်ဆက်ပေးလိုက် ပြန်ပါသည်။ 'ကျွန်ုပ်တွေ့ရှိသော စိတ်သဘာဝ'၊ 'ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ'စသော အတွေးအခေါ် စွန့်စားခန်းစာပေများ ဖြစ်ပါသည်။

ဂျမဒါကိုကိုကြီးတို့၊ ဇော်ဟိတ်တို့ မောင်းစံရှားတို့ကို ဖတ်ခဲ့ရစဉ်က ကျွန်တော်တို့သည် ဂျမဒါကိုကိုကြီး၊ ကိုဇော်ဟိတ်၊ ဦးစံရှားတို့နှင့်သာ တွေ့ခဲ့ရသည်။ ရွှေဥဒေါင်းကို မတွေ့ခဲ့ရ။

အတွေးအခေါ် စွန့်စားခန်းစာအုပ်များ၊ ဆောင်းပါးများကို ဖတ်လိုက်ရသောအခါတွင်မှုကား ဆရာကြီးရွှေဥဒေါင်းနှင့် ပတ်ပင်းကြီး တွေ့လိုက်ကြရတော့သည်။ ကျွန်တော်တို့၏ 'ဟီးရိုး'က လည်း ကိုကိုကြီးမဟုတ်တော့၊ ကိုဇော်ဟိတ်မဟုတ်တော့၊ ဦးစံရှား မဟုတ်တော့။ ရွှေဥဒေါင်းကသာလျှင် ဟီးရိုးဖြစ်လာခဲ့သည်။

ဤစွန့်စားခန်းတွင်တော့ အသတ်အပုတ်၊ ဓားခုတ်လှံထိုး၊ လူဆိုးတွေ သေနတ်တွေမပါ။ ဦးနှောက်ကို ခါးတောင်းကျိုက်ပြီး တိုက်ပွဲဝင်ရသော စွန့်စားခန်းမျိုး ဖြစ်လာသည်။ ယခင်ကတော့ ကိုကိုကြီးတို့၊ ကိုဇော်ဟိတ်တို့က စွန့်စားသူဇာတ်လိုက်များ၊ ကျွန်တော်တို့က ပွဲကြည့်သူ၊ ယခုစွန့်စားခန်းတွင်တော့ ကျွန်တော်တို့ ကိုယ်တိုင်က ပွဲဝင်စွန့်စားသူများ ဖြစ်လာကြရသည်။ ကျွန်တော်တို့ကလည်း ကိုဇော်ဟိတ်ကိုသိသလို၊ ကိုကိုကြီးကိုလည်းသိသလို ကျွန်တော်တို့ကိုပွဲသွင်းပေးသည့် ကျွန်တော်တို့ ဟီးရိုးကြီး ရွှေဥဒေါင်းအကြောင်းကိုပိုပြီး သိချင်လာကြသည်။ 'ရတနာပုံ'ဝတ္ထုကို တက္ကသိုလ်ဝင်တန်းတွင် ပြဋ္ဌာန်းလိုက်စဉ်အခါက ကျောင်းသားများ၏ လိုအပ်ချက်ကိုဖြည့်စွမ်းသောအားဖြင့် 'ဦးဖေသိန်း၏ ရွှေဥဒေါင်း' စာအုပ်ကိုရေးလိုက်ဖူးပါ၏။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဖြစ်ပါသည်။ ပေါ့ပေါ့ပါးပါး ကျောင်းသားများအတွက် ရည်ရွယ်ပြီးရေးလိုက်ခြင်း ဖြစ်စေကာမူ မိမိကိုယ်တွေ့ဘဝကို ဆန်းစစ်ထားမှုများ မနည်းကြီးပါနေသောကြောင့် အတော်ကြီးကို စိတ်ဝင်စားဖို့ ကောင်းလှပါချေပြီ။ သို့သော် နောက်ပိုင်း 'ဘဝ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' ထွက်လာလိုက်သောအခါတွင်မူကား ထိုစာအုပ်မှာ 'နိဒါန်း' သာသာမျှသာ ဖြစ်သွားရလေသည်။

## အားကျလောက်သောစာရေးဆရာ

'ဘဝတစ်သက်တာ မှတ်တမ်းနှင့်အတွေးအခေါ်များသည်'ဆရာကြီး၏ အရှိန်အဝါကို နှစ်ဆလောက် မြင့်တက်သွားစေသည်ဟုထင်မိပါသည်။ အခြားအခြားသော ပတ်ဝန်းကျင် တို့၌ မည်သည့်အတိုင်းတာထိအောင် ဩဇာကြီးမားမည်ကို ကျွန်တော်တို့ တိတိကျကျမပြောနိုင်သော်လည်း ကျွန်တော်တို့လူငယ်လူလတ်ပိုင်းဝန်းကျင်မှာတော့ ထိုစာအုပ်ပါ အကြောင်းအရာတို့မှာ နှစ်နှစ်သက်သက်ပြောစရာ၊ ဆွေးနွေးစရာခေါင်းစဉ်ကြီးတစ်ခုအဖြစ် အတော်ကြာကြီးဖြစ်နေခဲ့သည်ကို ကောင်းစွာမှတ်မိနေပါသေးသည်။

ထောင်ဖောက် ပြေးတာတို့၊ ဖက်ဆစ်တော်လှန်ရေးတို့၊ အမဲပစ်ရင်း ကျားတွေ ဆင်တွေနှင့် တွေ့တာတို့လို သက်စွန့်ဆံဖျား ကိစ္စမျိုးတွေမပါဘဲ မိမိစိတ်အတွင်းသို့ ထွင်းထွင်းကျကျ ထိုးဖောက်ဝင်ရောက်ရသော စွန့်စားခန်းမျိုးက ကျွန်တော်တို့ကို ဖမ်းစားလိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ဤသို့ဆိုလျှင် ဆရာကြီး၏ စာပေများအဆင့် မြင့်တက်လာမှုသည် ကျွန်တော်တို့၏ ဘဝကြီးရင့်မှုကို ရှေ့ဆောင်ရှေ့ရွက် ပြုလျက်မပျက်မကွက် ပါလာခဲ့လေရကား ဆရာကြီး၏စာပေများ အကြောင်းကိုစဉ်စားလိုက်လျှင် မိမိ၏စာပေ ဘဝအကြောင်းကို 'တစ်လျားကြီး' ပြန်လည်စဉ်းစားနေလိုက်ဘိသကဲ့သို့ ဖြစ်ရသည်မှာ သဘာဝကျလှပါပေသည်။

ကျွန်တော်၏'စာပေဘဝ' ဟုဆိုခဲ့ပါသည်။ ထိန်းထိန်းသိမ်းသိမ်း ဖြစ်စိမ့်သောငှာ 'စာပေ'ဟု နယ်ကိုကန့်သတ်ပြီး ဆိုလိုက်ပါသော်လည်း စာပေဘဝ သက်သက်ထက် ကျော်လွန်သော ကျေးဇူးကိုရခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

ဌာနကြီးတစ်ခုတွင် ညွှန်ကြားရေးမှူးဖြစ်နေသော အလွန်ရင်းနှီးသည့် မိတ်ဆွေတစ်ဦးထံ မတွေ့ရတာကြာပြီ ဖြစ်သောကြောင့် မကြာသေးမီက (၁၉၈၉ခု မတ်လထဲက) ခရီးလည်းကြုံသဖြင့် ဝင်ရောက်လည်ပတ်ခဲ့ပါသည်။ သူကလည်း အတန်အသင့်အလုပ်ကလေးပါးခိုက်နှင့် ကြုံသောကြောင့် ရှေးဟောင်းနှောင်းဖြစ်တို့ကို စကားလက်ဆုံ ပြောမကုန်နိုင်အောင်ရှိခဲ့ပါသည်။ သူက ရှေးဟောင်းနှောင်းဖြစ်တို့ကို တွေတွေငေးငေးစဉ်းစားရင်း စကားတစ်ခွန်းပြောခဲ့ပါသည်။ သူ့စကားမှာ–

'ကျွန်တော်တို့ ခင်ဗျားတို့အကျိုးအကြောင်းကို တတ်နိုင်သမျှ ဦးစားပေးပြီး စဉ်းစားတတ်ကြတဲ့ အလေ့အကျင့်ကလေး ပါလာတာနဲ့ပတ်သက်လို့ ဆရာကြီး ရွှေဥဒေါင်းနဲ့ ဆရာဇော်ဂျီတို့ ကျေးဇူးအလွန်ကြီးတယ်ဗျ'

ကျွန်တော်အဖို့ အကျိုးအကြောင်း ခြေခြေမြစ်မြစ်ရောက်

အောင်တတ်စွမ်းသမျှ ကြိုးပမ်းကြံဆခြင်းနှင့် ပတ်သက်၍ ဆရာဇော်ဂျီကိုလည်း ဆရာကြီးနည်းတူပင် ရှိသေခြင်း ဖြစ်ရပါသည်။ ထိုသို့ ကျွန်တော်ရှိသေရသော ဆရာဇော်ဂျီကလည်း ဆရာကြီးကို အလွန်အလေးအမြတ်ပြုသည်ကို တွေ့ရပါသည်။ ဆရာကြီး ကိုယ်တိုင်ကလည်း ဆရာဇော်ဂျီ၏ အလေးအမြတ်ပြု ချီးကျူးခြင်း ခံရသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိဟန်တူပါသည်။ ထို့ကြောင့် ဟံသာဝတီသတင်းစာ(၅–၅–၇၂) 'ရွှေဥဒေါင်း နောက်ပိတ်ဆုံး' ဟူသောဆောင်းပါးတွင်–

'ဒုတိယချီးကျူးစာတစ်ပုဒ်မှာ ဘာထရန်ရပ်ဆယ်လ်၏ စာသုံးအုပ်ကိုဆရာဇော်ဂျီက ကျွန်ုပ်အားပေး၍ဆရာကြီး ဘာထရန်ရပ်ဆယ်လ်သည် ကျွန်တော်၏ ပထမဆရာဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်းမှာ ကျွန်တော်၏ ဒုတိယဆရာ ဖြစ်ပါသည်ဟု ပြောဖူးပါသည်' ဟူ၍ရေးသားခဲ့ပါသည်။

၁၉၇၃ ခု ဒီဇင်ဘာလတွင် ကျင်းပသော 'စာအုပ်စာပေ လူ့မိတ်ဆွေ' စာတမ်းဖတ်ပွဲတွင် တက္ကသိုလ်ဝင်းမွန်က 'ကျွန်တော်ဖတ်ခဲ့သောဝတ္ထုများနှင့် ကျွန်တော့အမြင်' ဟူသော စာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ထိုစာတမ်းတွင် ဆရာကြီးနှင့် ပတ်သက်၍ အောက်ပါအတိုင်းထည့်သွင်းဖတ်ကြားသွားပါသည်။

***'ဆရာကြီးရွှေဥဒေါင်း၏ စုံထောက် မောင်စံရှားဝတ္ထုများ၊ ဇော်ပိတ်ဝတ္ထုများ၊ ဂျမဒါကိုကိုကြီးဝတ္ထုများသည် ကျွန်တော် အပါအဝင် မရေမတွက်နိုင်သော လူငယ်လူရွယ်တို့၏ စိတ်ဓာတ် နှင့်အပြုအမူကို လွှမ်းမိုးပြုပြင်ပေးခဲ့သည် ဟု ယုံကြည်ပါသည်။ ထိုဝတ္ထုများကို ရေးခဲ့သော ဆရာကြီးရွှေဥဒေါင်းအားလည်း စိတ်ထဲက မကြာမကြာ ကန်တော့မိပါသည်'***

***ငယ်စဉ်စာအုပ်များသည် မိတ်ဟောင်းဆွေဟောင်းများနှင့် တူသည်ဟူသော စကားရှိပါသည်။ ထို့အတူ ငယ်စဉ်စာရေးဆရာများ (အထူးသဖြင့် ဝတ္ထုဆရာများ) ကိုလည်း ငယ်ဆရာများကဲ့သို့ပင် ချစ်ခင်ရိုသေတတ်ကြစမြဲဖြစ်ပါသည်။ သို့ပါလျက်နှင့်ပင် မိမိ၏ပလ္လင်ထက်မှ ဆင်းသွားရသော စာရေးဆရာတို့လည်း မနည်းလှပါ။ စာဖတ်ပရိသတ်နှင့်ရောပြီး မကြီးပြင်းနိုင်ဘဲ 'ငယ်' ကျန်ရစ်ခဲ့သော စာရေးဆရာတို့လည်း မနည်းလှ***

*ပါ။ စာဖတ်သူနှင့် အတူရောပြီး ကြီးရင့်လာနိုင်သော စာရေးဆရာဦးရေမှာ များလှသည်မဟုတ်ပါ။ ထိုထက်ပို၍ကား 'ကျေးဇူးကြီးလှပါပေသည်' ဟု ရှိသေစွာ ပြန်လည်လွမ်းတ သတိရအပ်သော စာရေးဆရာမျိုးကား ပို၍ပင် ရှားပါးလှပါလိမ့်ဦးမည်။ ထိုအချက်များကို စဉ်းစားလိုက်မိသောအခါ ဆရာကြီးအတွက် စာရေးဆရာဘဝ 'အရတော်လေခြင်း'ဟု အကြိမ်ကြိမ် ကြည်ညိုအားကျခြင်း ဖြစ်မိပါသည်။*

## ဆရာကြီးနှင့်ဒဂုန်တာရာ

ယခုခေတ် စာဖတ်ပရိသတ် လူငယ်များသည်အလွန်ကို 'စာကင်းပါး' လှကြသည်။ သူတို့သည် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး တွေကို စုံနေအောင်ဖတ်ကြသည်။ ထိုကြောင့် ကျွန်တော့ ဆောင်း ပါးတွေကိုလည်း ဖတ်မိကြသည့်အားလျော်စွာ ကျွန်တော့ စာ၊ ကျွန်တော့အယူအဆကိုလည်း အတော်ကြီးသိနေကြသည်။ အခြားသောစာရေးဆရာတစ်ယောက်ရေးသည့်စာတွင် (ကျွန်တော့ ကိုပေါ်ပေါ်ထင်ထင် ရည်ညွှန်းရေးခြင်းမဟုတ်ဘဲ) အရိပ်ငွေ့ကလေး လောက်မျှ ကျွန်တော့ကို ဆန့်ကျင်သော သဘောလေးပြလာလျှင် သူတို့ချက်ချင်းရိပ်မိကြသည်။ ကျွန်တော့ကိုလည်းလာပြီး ပြော တတ်ကြသည်။ သူတို့အကဲခတ်ချက်များမှာလည်း အလွန်လွဲခဲ လှပါသည်။

ထိုသို့သော လူငယ်များကို တွေ့လိုက်ရသောအခါတွင် ကျွန်တော့် ငယ်ဘဝကို အလွန်လွမ်းမိလှပါသည်။

ကျွန်တော့်ဇာတိ တောင်တွင်းကြီးမြို့မှာ အမည်တွင် 'ကြီး' တစ်လုံးပါနေသော်လည်း မြို့ကြီးပြကြီးမဟုတ်ပါ။ အလတ် စားမြို့မျှသာဖြစ်ပါသည်။ သို့သော် မြို့အရွယ်နှင့်စာလျှင် စာဖတ် ဝါသနာပါသူများသော မြို့များစာရင်းတွင် သွင်းနိုင်ပါသည်။ ထို့ကြောင့် စာနယ်ဇင်းတို့ကို အထိုက်အသင့် စုံစုံလင်လင် ဖတ်ခွင့် ရခဲ့ပါသည်။ ရတတ်သမျှသောစာတို့ကို ဖတ်ရင်းကပင် ကျွန်တော် လည်း ယခုခေတ်လူငယ်များနီးပါး စာရေးဆရာများ၏'အကြော' ကို သိသယောင်ရှိနေပါသည်။

ဤစကားကိုခဏရပ်ပြီး ရှေ့ဘက်ကိုအနည်းငယ် ကျော်လိုက်ရပါဦးမည်။

'တစ်သက်တာမှတ်တမ်း' တရုတ်ပြည်ခရီးအကြောင်းကို ရေးသားရာ၌ ဆရာဒဂုန်တာရာကိုတွေ့စက ဆရာကြီးက နှစ်နှစ်သက်သက် ခင်မင်လိုစိတ်မရှိခဲ့လှပုံကို ရေးခဲ့ပါသည်။ နောက်ပိုင်းတွင်မှ အထင်ကြီးခင်မင်မိလာပုံကို တခမ်းတနား ရေးသွားခဲ့သည်ကို အားလုံးသိကြပါသည်။ စာပေနှီးနှောဖလှယ်ပွဲတစ်ခုတွင် ဆရာဇဝနက 'ဆရာကြီးရွှေဥဒေါင်းဟာ တော်ရုံတန်ရုံလူတွေကို အလွန်ချီးကျူးခဲလှပါတယ်။ တစ်သက်တာမှတ်တမ်းမှာ သူအချီးကျူးဆုံးသူတွေကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ကိုဌေးမြိုင် (ဒဂုန်တာရာ) ပါပဲ။ ကိုဌေးမြိုင်က ဆရာကြီးကို ဘယ်လိုမျှားလုပ်ပြီး ပေါင်းထားလိုက်သလဲမသိဘူး' ဟု ဒဂုန်တာရာကို စင်မြင့်ပေါ် လှမ်းကြည့်ပြီး အရွှန်းဖောက်လိုက်သောကြောင့် ပွဲကျသွားသည်ကို ကျွန်တော် သတိရနေပါသေးသည်။

ဆရာကြီးက ဒဂုန်တာရာကို ပထမတွင် နှစ်နှစ်သက်သက် ခင်မင်ခြင်းမဖြစ် နိုင်ခဲ့သည်ကို ကျွန်တော်ကတော့ အံ့သြခြင်း မဖြစ်မိပါ။ ကျွန်တော့်ဘာသာကျွန်တော် (မှန်သည်မှားသည် အပထား) ခိုင်လုံသော အကြောင်းရှိနေခဲ့ပါသည်။

၁၉၄၈ ခု လွတ်လပ်ရေးနေ့ အထူးထုတ် ဂျာနယ်ကျော်တွင် ဦးသိန်းဖေမြင့်က 'ခေတ်ကြီးကိုနောက်ပြန်ဆွဲနေသော စာရေးဆရာများ' ဟူသောခေါင်းစဉ်ဖြင့် စာပေဝေဖန်ရေး ဆောင်းပါးတစ်ပုဒ်ကို ခပ်ကြမ်းကြမ်း ရေးလိုက်ပါသည်။ အဝေဖန်ခံရသော သက်ဆိုင်ရာ စာရေးဆရာများ၏ ဓာတ်ပုံကိုပါဖော်ပြပြီး သူတို့အားထိုးနှက်လိုက်သည့်စကားများကိုပါ ဓာတ်ပုံတွင်ယှဉ်လျက် ထုတ်နုတ်တပ်ဆင် ပေးထားလိုက်သောကြောင့် ပိုပြီးထိထိမိမိ ဖြစ်သွားပါသည်။ အဝေဖန် ခံလိုက်ရသော စာရေးဆရာများကလည်း အတော်ကြီးကို ခံပြင်းသွားကြသည်ဟု သိရပါသည်။

ထိုစဉ်က စာပေဝေဖန်ရေးကို အတော်လေး 'နားစိမ်း'

နေဆဲဖြစ်သောကြောင့် ကျွန်တော်ကိုယ်တိုင် ဦးသိန်းဖေမြင့်ကို ချစ်ခင်ကြည်ညိုနေသူဖြစ်ပါလျက် 'ပြောရက်လှချည်လား' ဟု အောက်မေ့ခဲ့ပါသည်။ သို့ပါလျက်နှင့်လည်း နှစ်သက်စွာပင် သုံးလေးခေါက်ပြန်ပြီး ဖတ်မိခဲ့ပါသေးသည်။

ထို့နောက် စာပေဝေဖန်ရေးကို ခပ်ကြမ်းကြမ်းဆက်လက်ကိုင်တွယ်လာသူမှာ ဆရာဒဂုန်တာရာဖြစ်သည်။ ထိုစဉ်အခါက သူတို့လိုရဲရဲဝံ့ဝံ့ (တစ်နည်းအားဖြင့် မိုက်မိုက်ကန်းကန်း) ရေးဝံ့ဖို့ မလွယ်လှပါ။ နာမည်ကြီးချင်လို့ ထပြီးလုပ်ကြတာဟု ပြောရအောင်ကလည်း သူတို့ကိုယ်၌က 'ဟည်း' နေအောင်နာမည်ကြီးပြီး သား ပုဂ္ဂိုလ်တွေဖြစ်ကြသည်။ မိမိတို့အပေါ် ပရိသတ်က ထားရှိ သည့်မေတ္တာ၊ ကရုဏာကို ဆုံးရှုံးချင် ဆုံးရှုံးစေတော့ဟု သဘော ထားပြီး နိုင်ငံရေးခံယူချက်အရ စာပေလမ်းကြောင်း ပြောင်းပစ်ရန် ပြုလုပ်ခြင်း ဖြစ်ကြလိမ့်မည်ထင်ပါသည်။

သူတို့ရေးပုံ (စကားလုံး) သုံးစွဲပုံတို့မှာ တစ်ခါတစ်ရံတွင် ( ကြမ်းတမ်းရိုင်းပျူမှု မပါသော်လည်း) ပစ်ပစ်ခါခါရှိလှသောကြောင့် အဝေဖန်ခံရသူ စာရေးဆရာမဆိုထားနှင့် ကြားထဲကစာဖတ်ပရိသတ်ပင် ခေါင်းခါသွားလောက်အောင် ဖြစ်သည့်အခါများလည်း ရှိခဲ့ပါသည်။ သို့သော်သူတို့သည် ပုဂ္ဂိုလ်ရေးရာ ထိပါးပြောဆိုသည်ကိုကား မတွေ့ခဲ့ရဖူးပါ။

ဒဂုန်တာရာသည် ထိုစဉ်က စာပေဝေဖန်ရေးတွင်အလွန် အာရုံတက်ကြွနေဟန်ရှိပါသည်။ တစ်ခါတစ်ရံ သက်ဆိုင်ရာ ဝတ္ထုဆရာက ဘာမျှဖိတ်ခေါ်တောင်းပန်ခြင်းမပြုပါဘဲ အတင်းဝင်ပြီး အမှာစာရေးခြင်း၊ ဝေဖန်ခြင်းများပြုလုပ်တတ်သည် ဟုပင် ပြောသံ ရေးသံ ကြားဖူးပါသည်။

ကျွန်တော်မှတ်မိသည်မှာ တင့်တယ်၏ လုံးချင်းဝတ္ထု တစ်ပုဒ်နှင့်ပတ်သက်၍ ဖြစ်ပါသည်။ (ဝတ္ထုအမည်ကိုတော့ မမှတ်မိတော့ပါ) တင့်တယ်က ထိုစဉ်က သူ့စာပေလမ်းကြောင်းအတိုင်း အချစ်အလွမ်းဝတ္ထု လှလှပပကလေးတွေကိုသာ ရေးနေချိန်ဖြစ်

ပါသည်။ ဒဂုန်တာရာက ထိုဝတ္ထုအတွက် အမှာစာကို ရေးသည်။ အမှာစာကလည်း ဝတ္ထုကိုအမွှမ်းတင်ထားသော အမှာစာမျိုး မဟုတ်ပါ။ အပြစ်အနာကလေးများကို ထောက်ပြထားသော ဝေဖန်စာမျိုးဖြစ်သည်။ ထူးခြားသည့်အချက်က ထိုအမှာစာကို ဝတ္ထုအပြီးမှ နောက်ကထည့်သည်။ ထိုအမှာစာကိုချေပထားသည့် တင့်တယ်၏ အမှာစာကိုရှေ့ကထည့်သည်။ ကျွန်တော်တို့ကတော့ 'ထူးဆန်းလှချေတကား' ပေါ့၊ သို့သော်ဝတ္ထုရေးသူက မကြည်မဖြူ ထည့်ပေးထားခြင်း ဖြစ်ကြောင်းကတော့ အလွန်သိသာနေပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း ဆရာဒဂုန်တာရာ လုပ်ပုံကိုင်ပုံကို နားမလည် နိုင်အောင်ဖြစ်ခဲ့ပါသည်။

(ယခုပြန်ပြီးစဉ်းစားကြည့်လိုက်တော့ ဦးသိန်းဖေမြင့်တို့၊ ဒဂုန်တာရာတို့ ရေးသားခဲ့သည့် ဝေဖန်ချက်များကို သဘောတူနိုင်သည် မတူနိုင်သည်အပထား၍ သူတို့တစ်တွေလူမှုန်းခံပြီး ထိုးထိုးထောင်ထောင်ပြုလျှက် ဝေဖန်ရေးလမ်းခင်းပေးခဲ့သည်များကို ကျေးဇူးတင်ဖို့ကောင်းလှသည်ဟု ထင်မိပါသည်။)

ထိုစဉ်အခါက ဒဂုန်တာရာမှာ စာပေလောကတွင် အတော်လေးကို လူမုန်းခံခဲ့ရသည်။ (ထိုစဉ်ကလူကြမ်းမင်းသားဟု ဆိုရမည်လားမသိ) တစ်ကြိမ်တွင်လည်း ဝတ္ထုတိုတစ်ပုဒ်တွင် သူ့ကို ပုဂ္ဂိုလ်ရေးစောင်းမြောင်း သိက္ခာချထားသည်ကို တွေ့လိုက်ဖူးရသည်။ ရေးသူနှင့်ဝတ္ထုအမည်ကိုတော့ မမှတ်မိတော့ပါ။ သိက္ခာအချခံရသော ထိုဝတ္ထုထဲက ဇာတ်ဆောင်မှာ ဇန်ကောက်လုံချည်ဝတ်လေ့ရှိသော 'ဖျာပုံနွယ်ညွန့်'အမည်ရှိ ကဗျာဆရာတစ်ယောက်ဖြစ်သည်ကိုကား မှတ်မိနေပါသေးသည်။

ဒဂုန်တာရာကို ပယ်ပယ်နယ်နယ်တွယ်လိုက်သော ဆောင်းပါးတစ်ပုဒ်မှာ ဆရာဦးသာခုထုတ်ဝေသော 'သစ္စာ' မဂ္ဂဇင်းတွင် ပါလာဖူးပါသည်။ ဆောင်းပါးအမည်မှာ 'ဒဂုန်တာရာ၏ အတွင်းစိတ်ကို လေ့လာချက်' ဖြစ်၍ ရဲဘော်ဖေသန်း တင်ပြသည် ဟူ၍ဖြစ်ပါသည်။ ဒဂုန်တာရာသည် ဝေဖန်ရေးစာပေ ရေးသားရာ၌

မလိုလျှင်မလိုသလို၊ လိုလျှင်လိုသလို ရေးတတ်ပုံကိုလည်း ပြော ထားပါသည်။ ဆရာတက်တိုး၏ 'မင်းမှုထမ်း'ဝတ္ထုကို ပထမ အမှာစာရေးစဉ်က ကောင်းပါသည်ဟု ပြောခဲ့သည်။ 'မင်းမှုထမ်း' စာပေဗိမာန်ဆုကို ရပြီးသောအခါ ဒုတိယအကြိမ်ပြန်လည် ရိုက်နှိပ် ရာတွင် ဆရာတက်တိုးက သူ့အမှာစာကို ချန်ပစ်ခဲ့သည်။ ထိုအခါတွင်မှ ဒဂုန်တာရာက မကျေမနပ်ဖြစ်ပြီး မဂ္ဂဇင်းတစ်စောင် တွင် 'မင်းမှုထမ်း'ဝတ္ထုကို အလွန်ညံ့သောဝတ္ထုဖြစ်သည်ဟု ရှုတ်ချ ဝေဖန်ကြောင်းကိုလည်း သာဓက အဖြစ်ထည့်သွင်းပြထားသည် ကို သတိရနေပါသေးသည်။

(ယခုကဲ့သို့သော အကြောင်းကိစ္စများကို ရေးသားရာ တွင် မှတ်ဉာဏ်ကိုသာအားကိုးပြီး ပြောနေရသောကြောင့် စာရေး ဆရာများအတွက် စာအုပ်ပေဟောင်းများ ပြည့်စုံသော၊ လွယ်လင့် တကူရှာဖွေကိုးကားနိုင်သော စာကြည့်တိုက် ကြီးတစ်ခုရှိလျှင် ကောင်းလေစွဟုတောင့်တမိပါသည်။)

ထိုဆောင်းပါး ပါလာပြီးသည့်နောက် ဆရာဒဂုန်တာရာ သည်လည်း တစ်နှစ်ကျော် နှစ်နှစ်လောက် စာအရေးအသား ပြတ်သွားသည်ဟု ထင်ပါသည်။

ဆရာကြီး ရွှေဥဒေါင်းအကြောင်းကိုရေးရာတွင် ဒဂုန်တာ ရာ အကြောင်း ဖောက်လိုက်သည်မှာ များလှချေကလားဟု စာဖတ်သူထင်ကောင်းထင်ပါလိမ့်မည်။ ဆက်ပြီးစပ်ကြည့်ပါခင်ဗျား။

၁၉၅၈ ခုတွင် ဈေးဦးပေါက် စာပေဗိမာန်တစ်ထောင်ဆုကို မင်းအောင်၏ 'မိုးအောက်မြေပြင်'ဝတ္ထုရှည်က ဆွတ်ခူးသွားပါ သည်။ ထိုစဉ်ကငွေတစ်ထောင်၏တန်ဖိုးမှာ နည်းလှသည် မဟုတ် ပါ။ ရွှေတစ်ကျပ်သားကို နှစ်ရာပင်မပေးရပါ။ ရွှေဈေးမှာ တစ်ရာ့ ငါးဆယ်နှင့်နှစ်ရာကြားမှာ ရှိပါသည်။ ပထမဆုံးပေးမည့် စာပေဆု ဆိုတော့ ပရိသတ်ကလည်း ထီဖွင့်သည်ကဲ့သို့ စိတ်ဝင်စားစွာ စောင့်မျှော်ကြပါသည်။

'မိုးအောက်မြေပြင်' စာပေဗိမာန်ဆု ထွက်လာပြီးသည့်

နောက် ဒဂုန်တာရာက သွေးသောက်မဂ္ဂဇင်းတွင် (ထင်သည်။) ညှံ့ကွက်အတော်များများကို ကတ်သတ်ရှာဖွေပြီးဝေဖန်လိုက်သည်။ ဆရာတာကို မလိုတမာဖြစ်သောကြောင့် ဒီလိုပြောတာလားဘာလား စသည်ဖြင့်ပင် ပြောကြဆိုကြလိုက်သေးသည်။ ကျွန်တော် ကိုယ်တိုင်လည်း ဒဂုန်တာရာ၏ ဝေဖန်ချက်ကို မနှစ်သက်နိုင်အောင် ဖြစ်ခဲ့မိသည်မှာ အမှန်ဖြစ်ပါသည်။

ထိုနောက်တစ်လတွင်လား၊ တစ်လကျော်ပဲလား မမှတ်မိတော့၊ ဆရာကြီးရွှေဥဒေါင်း၏ 'မိုးအောက်မြေပြင်' နှင့် ပတ်သက်သော ဆောင်းပါးကို ကျွန်တော်တို့ဖတ်ကြရသည်။ ဆရာကြီး၏ ဆောင်းပါးပါ အချက်အလက်များအနက်မှ ကျွန်တော်မှတ်မိသလောက်မှာ–

ဆရာကြီးသည် မြန်မာ့ဝတ္ထုများကို ဖတ်လေ့ဖတ်ထသိပ်မရှိပါ။ ဖတ်ပြန်တော့လည်း ဘာမျှမည်မည်ရရ တန်ဖိုးမရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း စာပေဗိမာန် တစ်ထောင်ဆုရသည့်ဝတ္ထုဆိုပြီး ဒေါ်ကြီးစိုးက ဈေးချိုနာရီစင်အောက်က ဝယ်လာသဖြင့် အမှတ်မထင် ကောက်ပြီးဖတ်ကြည့်လိုက်မိသည်။ လက်က မချနိုင်လောက်အောင် ကောင်းပါပေသည်။ ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီး၏ မောင်ငယ်ကလေးမှာ ဘုန်းကြီးကျောင်း အလှူတွင် သုံးရန်ရွှေထီးကို မလှမ်းမကမ်းရှိ ရွာကျောင်းတစ်ခုသို့ သွားပြီး ငှားရာတွင် လိုက်သွားရသည်။ နေကလည်းအလွန်ပြင်းသောကြောင့် အပြန်တွင်နေပူပြီး အပြင်းဖျားရာမှ ကွယ်လွန်ရ ရှာလေသည်။ ထိုကလေးငယ်မှာ အလှူတွင်ဝတ်ရန် သူ့အစ်မက ဝယ်ပေးထားသော ပိုးလုံချည်ကလေးကို အလွန်ဝတ်ချင်နေလှပေရာ ယခုသော် အလောင်းကိုလွှမ်းရန် သက်သက်သာ ဖြစ်သွားရလေခြင်းဟု အစ်မဖြစ်သူက ရင်ထုမနာငိုရှာသည်။ ဆရာကြီးက သူကိုယ်တိုင် ဘုန်းကြီးကျောင်းသားဘဝကို တွေ့ကြုံခံစားခဲ့ဖူးသောကြောင့် ထိုအခန်းကို ဖတ်ရသောအခါ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်ဟုဆိုပါသည်။

မင်းအောင်၏ ဝတ္ထုနှင့်ပတ်သက်ပြီးအပြစ်တစ်ခုကိုတော့ ထောက်ပြ လိုက်ပါသေးသည်။ ဇာတ်လိုက်ကို ရွာသား(လူကြမ်း) တစ်ဦးကရန်မူပြီးဓားနှင့်ဝင်ခုတ်သည်။ ဇာတ်လိုက်က ကိုယ်ခံပညာ တတ်ထားသောကြောင့် လူကြမ်းမှာအားလွန်ပြီး လဲကျသွားသည်။ ဓားကတော့ ဇာတ်လိုက်လက်ထဲမှာ ကျန်ရစ်ခဲ့သည်။ ထိုနေရာတွင် စာရေးသူ'မင်းအောင်'က'မည်ကဲ့သို့ လုပ်လိုက်သည်မသိ'ဟု ရေး ထားသည်။ ဆရာကြီးက ထိုကဲ့သို့မရေးသင့်ကြောင်း၊ စာရေးဆရာ မသိလိုက်ဆိုသည်မှာ မကောင်းလှကြောင်း၊ မည်ကဲ့သို့ လှုပ်ရှား တိုက်ခိုက်သည်ကို သရုပ်ဖော်ရေးသားသင့်ကြောင်း စသည်ဖြင့် ဝေဖန်ထားပါသည်။

ထိုစဉ်က ကျွန်တော်တို့ တမက်မက်မောမော ဖတ်ခဲ့ရ သော ဆရာကြီးမဟာဆွေကလည်း ဤနည်းတူ 'မည်ကဲ့သို့ လုပ် လိုက်သည်မသိ'ဟုရေးတတ်ပါသည်။ ကျွန်တော်တို့ကတော့ လျင် မြန်ကျွမ်းကျင်လှပုံကို ပေါ်လွင်စေသည်သာဖြစ်သည်ဟု မည်သို့မျှ စောဒကမတက်ခဲ့ကြပါ။ သို့သော် ဆရာကြီးရွှေဥဒေါင်းကမူ ထို အချက်ကို သဘောမတူနိုင်ကြောင်းကို ရိပ်မိလိုက်ကြပါသည်။

အထက်တွင်ဖော်ခဲ့သည့်အတိုင်း 'မိုးအောက်မြေပြင်'နှင့် ပတ်သက်၍ ဆရာဒဂုန်တာရာနှင့် ဆရာကြီးရွှေဥဒေါင်းတို့၏ မှတ် ချက်များကို ယှဉ်ကြည့်လိုက်လျှင် ဒဂုန်တာရာကလည်း ကဲ့ရဲ့လွန်း သည်။ ဆရာကြီးကလည်း ချီးကျူးလွန်းသည်ဟု ဆိုရမည်ကဲ့သို့ ဖြစ်နေပါသည်။

ဆရာကြီးက ဝေဖန်ရေးကို အမြင်ကတ်လို့မဟုတ်ဘဲ ဒဂုန်တာရာက ဖိဖိနှိပ်နှိပ်ပြောလွန်းသည်ဟု ထင်သောကြောင့် မခံ မရပ်နိုင်ဖြစ်ကာ အဖိနှိပ်ခံရသည့်ဘက်က သာသာထိုးထိုး ရပ်တည် လိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်ကောက်ချက်ချ လိုက်ပါသည်။

သို့သော်ဆရာကြီးက လည်းကောင်း၊ ဒဂုန်တာရာက လည်းကောင်း ထိုကိစ္စကို တစ်ခါမျှဖွင့်ဟပြောဖူးသည် မထင်ပါ။ တရုတ်ပြည်ခရီး ပထမတွေ့စတွင်ဆရာကြီးက ဒဂုန်တာရာကို

နှစ်နှစ်သက်သက် မရှိလှခြင်းမှာ 'မိုးအောက်မြေပြင်' ကိစ္စတွင် 'ငြိ'ခဲ့ကြဖူးသည့်အတွက်ကြောင့်ဟု ကျွန်တော်တစ်ယောက်တည်း ကောက်ချက်ချပြီး 'တစ်သက်တာမှတ်တမ်း'ကို ဖတ်နေရင်းပင် ပြုံးမိပါတော့သည်။

## ဆရာကြီးနှင့် သူရိယဦးသိန်းမောင်

မိုးအောက်မြေပြင်ကိစ္စ ဖြစ်ပေါ်ခဲ့စဉ်က 'တစ်သက်တာမှတ်တမ်း'မထွက်သေးပါ။ တစ်သက်တာမှတ်တမ်း ထွက်လာတော့မှ ဇာတ်ရည်လည်ရသောပြဿနာ ကလေးများလည်း ရှိပါသေးသည်။ တစ်ခုကိုတင်ပြပါရစေ။

သူရိယဦးသိန်းမောင်၏ 'သတင်းစာဆရာ' စာအုပ်ကို ကျွန်တော်ခပ်ငယ်ငယ် စစ်အတွင်းမှာ ဖတ်ခဲ့ရပါသည်။ ဘာရယ်မဟုတ် ဗဟုသုတစာအုပ်များကို ဖတ်ရမည်ဟု သဘောထားပြီး ဖတ်ခြင်းဖြစ်သောကြောင့် တစ်ကြောင်း၊ ထိုစဉ်က ကျွန်တော့်အဖို့ သတင်းစာပညာဆိုသည်မှာ အလှမ်းမမီနိုင်လောက်အောင် ကွာလှသောကြောင့်တစ်ကြောင်း သိပ်တော့စိတ်မဝင်စားလှပါ။ စိတ်ဝင်စားလောက်မည့်နေရာလေးများကိုသာ လှန်လှောပြီးဖတ်မိပါသည်။

ထိုစဉ်က ကျွန်တော်စိတ်ဝင်စားသော အကြောင်းအရာလေးကို ယခုထက်တိုင် သတိရနေပါသေးသည်။ (သတင်းစာဆရာ စာအုပ်ကို အလွယ်တကူ ရှာဖွေရရှိသောကြောင့် မူရင်းအတိုင်း ထည့်ပေးလိုက်ပါသည်။) ဆရာဦးသိန်းမောင်က သတင်းစာတွင် ဟာသနှောပြီး ရေးပုံရေးနည်းနှင့်ပတ်သက်ပြီး ထည့်သွင်းရေးသားထားခြင်းဖြစ်ပါသည်။

## မန္တလေးက ဘာသာပြန်ပုံ

*ဘာသာပြန်ဆိုမှုတွင် မန္တလေးသားများကို ပညာရှိအဖြစ် တိုင်ပင်ရန် ဦးစိန်ဘက ပြောသွားခြင်းနှင့်စပ်လျဉ်း၍ ၄၇ ခုနှစ်က အဖြစ်အပျက်တစ်ရပ်ကိုပြော၍ သတိရမိပါကြောင်း။ ပညာရှိပေါ*

*သော ဦးစိန်ဘတို့ မန္တလေးမြို့ မန္တလေးတောင်ခြေတွင် ၄၇ ခုနှစ်က ပွဲကပြရာ ဂျမဒါကုလားတစ်ယောက်က ပွဲကြပ်ရပါကြောင်း၊ ပွဲကြည့်ပရိသတ်က ဂျမဒါကို တကယ့်အရာရှိကြီးထင်ကာ 'မျက်နှာကလေးကတကယ် ကျက်သရေရှိပေတယ်။ ဒါကြောင့်လည်း ထိုရာထူးကြီးကို ရပေတာပဲပဲဟု ခဏခဏကြည့်၍ အချင်းချင်းပြောကြသည်ကို ဂျမဒါကုလားက စိတ်မလုံဖြစ်လာပြီး မန္တလေးသားမိတ်ဆွေတစ်ယောက်ကို အသာလက်ကုတ်ကာ ဘာပြောကြတာလဲဟုမေးရာ မန္တလေးသားက 'တွန်မာရာကမူးမှာ– မူလကျီကကျန်မာရာပေး' ဟုဘာသာပြန်၍ ပြောလိုက်သောဟူသတတ်။*

*(မူး= မျက်နှာ၊ မူလကျီ= ဟင်းစားကြက်၊ ကျန်မာရား= သားရေ။ အယ်ဒီတာ)*

x x x

ကျွန်တော်တို့လည်း ထိုဟာသကို သဘောကျပြီး ရယ်မောခဲ့ကြပါသည်။ မန္တလေးကိုလှောင်ထားခြင်း ဖြစ်ကြောင်းကိုလည်းရိပ်မိပါသည်။ ဘယ်အတွက်ကြောင့် လှောင်သည်ကိုတော့ မသိခဲ့ပါ။ ကျွန်တော်တို့ကလည်း ထိုစဉ်က စုံထောက်မောင်စံရှားတို့၊ ဂျမဒါကိုကိုကြီးတို့ကို အမှီးဘာသာပြန်များဖြစ်ကြောင်းကိုမှ မသိခဲ့ကြသေးဘဲကိုး။

တစ်သက်တာမှတ်တမ်းတွင် ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာဦးသိန်းမောင်တို့ ဆက်ဆံရေးကို ဖတ်ရတော့မှ ဆရာကြီးကို ဘာသာပြန်ဆရာအဖြစ် လည်းကောင်း၊ ဂျမဒါကိုကိုကြီးကို လည်းကောင်း လှောင်ထားခြင်းဖြစ်ကြောင်း ဇာတ်ရည်လည်လာပါတော့သည်။

တစ်ဖက်က စဉ်းစားကြည့်လိုက်ပြန်တော့လည်း စုံထောက်မောင်စံရှား အကြောင်းကို ပြန်ရေးသူမှာ 'ဦးသိန်းမောင်' ဖြစ်သည်။ မောင်စံရှားနှင့်ယှဉ်လိုက်လျှင် ဦးသိန်းမောင်မှာ အမြဲလိုလို တပည့်ဘဝသို့ ရောက်နေတတ်သည်ဖြစ်ရာ ဆရာကြီးက အမှတ်မထင် ထိုနာမည်ကိုရွေးလိုက်မိသည် ဖြစ်စေဦးတော့

ဦးသိန်းမောင်က ထိုဝတ္ထုကိုတွေ့လိုက်တိုင်း အောင့်သက်သက် ဖြစ်နေလေမည် လားဟုလည်း မှန်းဆကြည့်မိပါသည်။

## ဘာသာပြန်ဆရာတဲ့

ဆရာကြီးကို ကျွန်တော်တို့လူငယ်၊ လူလတ်အုပ်စုနှင့် စာဖတ်ပရိသတ်ပေါင်းစုံက လေးစားရိုသေလာသောအခါတွင် မရှုဆိတ်နိုင်သောသူနှင့် ခေတ်ပြိုင်စာရေးဆရာအချို့က ဆရာကြီးကို တိုက်ရိုက်ထိုးနှက်ခြင်း မဟုတ်သော်လည်း စာရေးဆရာဆိုသည်မှာ ပင်ကိုရေးသောစာရေးဆရာကိုသာ ခေါ်အပ်သည်။ ဘာသာပြန်သူသည် ဘာသာပြန်ရုံမျှသာသက်သက်ဖြစ်၍ သူ့ပင်ကိုအရည်အချင်း ဘာမျှမပါကြောင်း၊ စာရေးဆရာတစ်ယောက်အဖြစ် သတ်မှတ်နေရန်မလိုကြောင်းစသည်ဖြင့်ရေးသားကြပါသည်။ သို့သော်ကျွန်တော်တို့မှာ ဆရာကြီးကျေးဇူးကြောင့်သာလျှင် ကမ္ဘာ့ဝတ္ထုကောင်းကြီးများ၏အရသာကို ကြုံတွေ့ခွင့်ရခြင်း၊ ဘာသာပြန်ရာ၌ပင် သူ၏ထက်မြက်လှသောပါရမီကို ထင်ရှားစေသည့်အရေးအသား အနုပညာကိုနှစ်သက် နေမိခြင်းစသည်တို့ကြောင့် ဆရာကြီးအပေါ်၌ လေးစားကြည်ညိုမှုကို စဉ်းငယ်မျှပင် ယိမ်းယိုင်မသွားစေနိုင်ခဲ့ပါ။

သူတို့ရေးသားချက်ကို ပြန်လည်ထိုးနှက်ချေပရန် မသင့်သောကြောင့် စာနှင့်ပေနှင့်ရေးသားချေပခြင်း မပြုခဲ့ကြသော်လည်း စိတ်ထဲတွင်တော့ဖြင့် 'ဒါဖြင့်ရင် ပါရာယနကိုဘာသာပြန်ခဲ့တဲ့ ရှင်မဟာသီလဝံသ' ကိုလည်း စာရေးဆရာ၊ စာဆိုတော် မခေါ်နဲ့ပေါ့၊ ဇိနတ္ထဆရာ ကျီးသဲလေးထပ်ဆရာတော်ကိုလည်း ရှိသေနေစရာမလိုဘူးပေါ့၊ ပီမိုးနင်းရဲ့တက်ကျမ်းတွေဟာလည်း ဘာသာပြန်တွေသာများတာပဲ၊ သူတို့ကိုလည်းစာရေးဆရာ မခေါ်နဲ့ပေါ့၊ ဂျိမ်းစ်လှကျော်လည်း စာရေးဆရာလို့မခေါ်နဲ့ပေါ့၊ သူတို့တစ်တွေရဲ့ စေတနာနဲ့ အကျိုးကျေးဇူးကြီးမားပုံကို မျက်ကွယ်ပြုထားရတော့ မလား' စသည်ဖြင့် မမှီမကမ်းချေပနေမိသည်သာ ဖြစ်ပါသည်။

နောက်ပိုင်း 'တစ်သက်သာမှတ်တမ်း' နှင့် 'ဒိဋ္ဌေဒိဋ္ဌမတ္တ'

ကျင့်စဉ်' ဆောင်းပါးထွက်ပေါ်လာပြီးသည့်နောက်တွင်ကား ထိုသို့သော စောင်းပါးရိပ်ခြည် ထိုးနှက်မှုများကို ရပ်ဆိုင်းသွားသည်ဟု ထင်ပါသည်။

## ကျွန်တော်တို့တစ်တွေနှင့်ဆရာကြီး၏ဘာသာရေးစာပေများ

အခြားအခြားသော လူငယ်များ၏ အခြေအနေကို တထစ်ချ ပြောဆိုခန့်မှန်းခြင်း မပြုနိုင်သော်လည်း ထိုအချိန်အခါက ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ လူငယ်များမှာ ဗုဒ္ဓဘာသာဝင်ပင် ဖြစ်စေဦးတော့ များသောအားဖြင့် ဘာသာရေးကို ထူးထူးခြားခြား စိတ်ဝင်စားမှု မရှိကြပါ။ ကျွန်တော်တို့တစ်သိုက်တွင် 'စာစုံအောင် အဖတ်ဆုံး'ဟု အချင်းချင်း 'အမှတ်ပေး'ထားခြင်းခံရသည့် ကျွန်တော်ကိုယ်တိုင်ပင်လျှင် ဗုဒ္ဓဘာသာကို လေးလေးနက်နက် စဉ်းစားဆင်ခြင်မှု ပြုသည့်အဆင့်သို့ မရောက်ခဲ့ရှိးအမှန်ဖြစ်ပါသည်။ ပျော်ပျော်ပါးပါး၊ သွားသွားလာလာ စားစားသောက်သောက် နေကြသူများသာ ဖြစ်ပါသည်။

ဆရာကြီးရွှေဥဒေါင်းက ဘာသာရေးအတွေးအခေါ်မျိုးတွေကို ရေးလိုက်သောအခါတွင်မူကား 'ကိုဇော်ဟိတ်နှင့် ပထမံ ဆရာသိန်း'တို့ တွေ့ဆုံခန်းကဲ့သို့ ဖြစ်သွားပါသည်။ ဆရာကြီးထက် ပိဋကတ်ကိုကျွမ်းသော၊ တရားတော်ကိုခြေမြစ်စွာ နားလည်သော ရဟန်းရှင်လူ ပုဂ္ဂိုလ်ကျော်များရှိပါလိမ့်မည်။ ထိုသို့သော ရဟန်းရှင်လူများကို ကျွန်တော်တို့ မရိုသေမလေးစားသည်မဟုတ်ပါ။ ရိုသေပါသည်။ လေးစားပါသည်။ ကြည်ညိုပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များသည် (ထိုစဉ်က) ကျွန်တော်တို့နှင့်တစ်စုံတစ်ရာပတ်သက်သည်ဟု မထင်ခဲ့ကြပါ။ သူတို့ဟာသူတို့ တရားအားထုတ်နေကြသော၊ သူတို့ဟာ သူတို့တန်ခိုးရှိန်ဝါကြီးမားနေသော ပုဂ္ဂိုလ်များအဖြစ် (ကိုယ်နှင့်မဆိုင်သကဲ့သို့) သီးခြားကန့်ထားခဲ့ပါသည်။ ထို့ကြောင့် သူတို့၏ ဩဝါဒများကိုလည်း သီးခြားကန့်ထားသကဲ့သို့ ဖြစ်သွားခဲ့ရပါသည်။

ဆရာကြီးက ထိုလောကုတ္တရာ သဘောတရားတွေကို ရေးလိုက်တော့ ကျွန်တော်တို့မှာ 'ကိုဇော်ဟိတ် တရားစခန်းဝင်သတဲ့' ဟူသောစကားမျိုးကို ကြားလိုက်ရသကဲ့သို့ အလန့်တကြား စိတ်ဝင်စားသွားပါသည်။ ပြီးတော့ဆရာကြီး ပြောပုံပြောနည်းက ပါဠိပါဠ်သားတွေဘာတွေ အကိုးအကားတွေမဟုတ်၊ ကျွန်တော်တို့ သူလိုငါလို တွေ့ကြုံရမြဲဖြစ်သော ဖြစ်ရပ်များကို သူ့ဘာသာ သူ့ပင် ကိုဉာဏ်ဖြင့်ကျိုးကြောင်းကျကျ ဆင်ခြင်သုံးသပ်ပြထားခြင်း ဖြစ်သောကြောင့် ဂီ့ဩမေတြီသင်ခန်းစာ၊ ယုတ္တိဗေဒသင်ခန်းစာ ရှင်းရှင်းသန့်သန့်ကလေးများကို ကြားလိုက်ရဘိသကဲ့သို့ နားစိုက်သွားမိသည်မှာ အမှန်ဖြစ်ပါသည်။

ထို့ပြင် သူကသီးခြားတလွင်တပြင်လောကမှ ကျွန်တော်တို့အား တရားဟောရန် ကြွရောက်လာသူမဟုတ်၊ ကျွန်တော်တို့ထဲကသူ ဖြစ်သည်။ ကျွန်တော်တို့ ရင်ထဲတွင် ရောက်နေခဲ့သော ကျွန်တော်တို့၏ 'ဟီးရိုး'ဖြစ်သည်။ ထိုကြောင့်လည်း သူ့စကားကို ပိုပြီးနားစိုက်သွားမိဟန်ရှိပါသည်။

ဤသို့အားဖြင့် ဆရာကြီးသည် ကျွန်တော်တို့အား ရှုပန္တီနှင့်အစပြု၍ ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်အောင်ခေါ်ဆောင်လာနိုင်ခဲ့သည်ဟု ဆိုရပါမည်။ ကျွန်တော်တို့သည် ကျွတ်တမ်းဝင် သူတော်ကောင်းကြီးများ ဖြစ်မလာကြသော်လည်း ဘုရားရှင်၏ကျေးဇူးတော်ကို ရှေးကထက် ပိုမိုကြည်ညိုတတ်အောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်မှာကား အမှန်ဖြစ်ပါသည်။

ဆရာကြီး၏ ကြံဆတွေးတောချက်များသည် ဘုရားရှင်၏အလိုတော်နှင့် တစ်ထပ်တည်းညီသည်။ မဂ်ဖိုလ်လမ်းကြောင်းအတွက် အမှန်ကန်ဆုံးဖြစ်သည်ဟု ကျွန်တော်မဆိုလိုပါ။ အခြားသော ဗုဒ္ဓဘာသာတရားသမားများနှင့် အယူအဆချင်း ကွဲလွဲမှု ရှိကောင်းရှိပါလိမ့်မည်။ ရှိကောင်းရှိပါလိမ့်မည်မဟုတ်၊ ရှိကိုရှိ ကြောင်း ကျွန်တော်ကောင်းကောင်းသိပါသည်။

မကြာသေးမီက စာအုပ်ဟောင်းလုပ်ငန်းသမား 'ဖိုးသင်း

နိုင်'၏ စာအုပ်စင်တွင် ဒိဗ္ဗေဒိဋ္ဌမတ္တ ကျင့်စဉ်ဟောင်းစာအုပ်ကို အမှတ်မထင်ဆွဲပြီး ကြည့်လိုက်မိပါသည်။ နေရာပေါင်းများစွာတွင် 'ဘာကြောင့်ပြောသလဲ' 'ဒါဟုတ်ရဲ့လား' ဆိုတာမျိုးတွေ 'မွ' နေအောင်ရေးထားသည်။ နောက်ဆုံးစာအုပ်၏အဆုံး 'ရွှေဥဒေါင်း' ဆိုသောပုံနှိပ်စာလုံး လက်မှတ်နေရာတွင်တော့ 'လူစင်စစ်က တိရစ္ဆာန်နာမည်ကို ယူထားသည်နှင့်ပင် ထိုသူ၏အဆင့်ကို သိလောက်ပြီ' ဟု မှတ်ချက်ချထားသည်ကို တွေ့ရသည်။ ထိုမှတ်ချက်ကို တွေ့လိုက်ရသောအခါ ကျွန်တော်အထက်တွင် ဆိုခဲ့သည့် ဟံသာဝတီ သတင်းစာပါ ဆရာကြီး၏ 'ရွှေဥဒေါင်းနောက်ပိတ်ဆုံး' ဟူသော ဆောင်းပါးကို ပြေးပြီးသတိရလိုက်မိပါသည်။ ထိုဆောင်းပါးတွင်–

x x x

*လွန်ခဲ့သော ဖေဖော်ဝါရီလညနေပိုင်းတွင် အိမ်ဦးခန်း၌ ထိုင်လျှက်ရှိစဉ် အသက်ငါးဆယ်ခန့်ရှိ လူတစ်ယောက်တက်လာပြီး ကျွန်ုပ်နှင့်ဆွေးနွေးလိုကြောင်း ခွင့်တောင်းပါသည်။*

*ကျွန်ုပ်ကစကားမရှည်စေဘဲ ပြောတတ်လျှင်ခွင့်ပြုပါသည်ဟု ပြန်ပြောပါသည်။ ထိုအခါ ထိုသူကကျွန်ုပ်အား လူတချို့က တိရစ္ဆာန်နာမည်ကို အသုံးပြုသည့် စာရေးဆရာတစ်ယောက်ဟု မဦးမချွတ်ပြောလိုက်ရာတွင် ကျွန်ုပ်က ဒီးဒုတ်ဦးဘချို၊ ဥဩဘသောင်း အစရှိသည့် နာမည်များကို ဖော်ထုတ်လိုက်မိပါသည်။ သို့ရာတွင် ကျွန်ုပ်၏နာမည်နှင့် ပတ်သက်၍ တိရစ္ဆာန်နာမည်နှင့် ပတ်သက်သည့် ရွှေဥဒေါင်းတည်းဟူသော နာမည်ကိုစာရေးဆရာဖြစ်လာသည့်နေ့မှစ၍ ယနေ့တိုင်အောင် တစ်ကြိမ်တစ်ခါမျှ ကျွန်ုပ်၏ရှေ့မှောက်၌ ထုတ်ဖော်ပြောဆိုခြင်းကို မကြုံရဘူးသဖြင့် အတော်ပင် အံ့ဩသွားပါသည်–*

x x x

ဟူ၍ ရေးသားထားသည်ကို တွေ့ရပါသည်။ ဆရာကြီး မဆိုထားနှင့် ကျွန်တော်တို့ကိုယ်တိုင်ပင်လျှင် ရွှေဥဒေါင်းဆိုသည့် အမည်ကို တိရစ္ဆာန်ဆိုသည့် နာမည်နှင့်တွဲပြီး ယောင်လို့မျှ မတွေး

ခဲ့ဘူးသောကြောင့် ထိုစကားမျိုးကို ကြားလိုက်ရသည့်အခါတွင် စိတ်ဆိုးရန်ပင် သတိမရနိုင်လောက်အောင် အံ့သြသွားမိပါသည်။ မည်သို့ပင်ဖြစ်စေ—

ကျွန်တော်တို့စာပေလောကတွင် မကြာခဏဆိုသလို ဝိဝါဒကွဲမှု၊ အငြင်းအခုံဖြစ်မှုများ ပေါ်ပေါက်တတ်ပါသည်။ ပြင်းပြင်းထန်ထန် ထိုးနှက်ကြသည့်ပွဲများလည်း ပေါ်ပေါက်တတ်ပါသည်။ သို့သော်လည်း ဘာသာရေး တရားဓမ္မလောကရှိ တကယ့်တရားသဘောမပြည့်သူတို့၏ အတ္တ၊ ဒေါသ၊ ဝန်တိုမှုတို့မှာ ကျွန်တော်တို့ စာပေလောကထက်ပင် ပိုပြီးကြီးမားသေးသည်ဟူသော ထင်မြင်ချက်မှာ ကျွန်တော့်တွင် ယခုတိုင်စွဲလျက် ရှိနေပါသေးသည်။

ဆရာကြီး၏ဘာသာရေးစာပေများအကြောင်းကို ပြန်ကောက်ရလျှင် ဆရာကြီးသည်ကျွန်တော်တို့ကို ကျိုးကြောင်း ဆင်ခြင်မှုကိုပါ လေ့ကျင့်ပေးခဲ့သည် ဖြစ်သောကြောင့် သူ့စကားများကိုလည်း ကျိုးကြောင်းနှင့်သာလျှင် စဉ်းစားလက်ခံခြင်း ပြုကြသည်မှာ အလွန်သဘာဝကျပါသည်။ အချို့သော ဘာသာရေးသမားများက ဆရာကြီး၏တရားသဘောများကို မျက်စိမှိတ်လက်ခံကြမည်ကို စိုးရိမ်သည့်လေသံမျိုးပြောကြသည်ကို ကြားရဖူးပါသည်။ သူတို့စကားကို မျက်စိမှိတ်ပြီးလက်မခံသကဲ့သို့ပင် ဆရာကြီး၏စကားကိုလည်း ကျိုးကြောင်းစစ်ဆေးပြီးမှသာ ကျွန်တော်တို့ လက်ခံကြမည်ဖြစ်ကြောင်းကို သူတို့ရိပ်မိကြသင့်ပါသည်။

x x x

ဤသို့အားဖြင့် ကျွန်တော်သည် ဆရာကြီး၏စာပေများနှင့် ရင်းနှီးရာမှ ဆရာကြီးအကြောင်းကို အတော်များများကြီး (အဝေးမှ) သိနေခဲ့ရပါသည်။ သူ့ထံသို့လည်း စာတစ်စောင်တလေမျှပင် မရေးဖူးခဲ့။ သူ့အသံကိုလည်း မကြားဖူးခဲ့။ လူကိုပင် ခပ်လှမ်းလှမ်းမှတစ်ခါသာ လှမ်းမြင်လိုက်ဖူးသည်။

တက္ကသိုလ်မြန်မာစာ စတုတ္ထနှစ်တွင် ‘တစ်သက်တာ

မှတ်တမ်း' ပထမပိုင်းကို ပြဌာန်းလိုက်သောအခါ ကျွန်တော်တို့ ပို့ချရန် တာဝန်ကျလာသည်။ ထိုသို့ သင်ပေးရသောအခါတွင် 'သင်ပေးခြင်းဖြင့် သင်ယူခြင်း' (Learning by teching) ဟူသော သဘောတရားကဲ့သို့ ကျွန်တော်တို့အဖို့ ဆရာကြီးအကြောင်းကို ပိုပြီး သိလာသလိုလို ထင်ရပြန်သည်။

ထို့ကြောင့် မနေနိုင်မထိုင်နိုင်ဖြစ်ကာ ၁၉၇၂ ခု၊ မတ်လ ရှုမဝမဂ္ဂဇင်းတွင် 'ရွှေဥဒေါင်း၏တစ်သက်တာမှတ်တမ်း' ဟူသော ဆောင်းပါးကို ရေးလိုက်ပါသည်။

ထိုအခါတွင်မှ ဆရာကြီးထံမှ ကျွန်တော်ထံသို့ အမှာ စကား စတင်ပေါ်လာပါသည်။ မမြင့်မြင့်ဆိုသော မိန်းကလေးတစ် ယောက်ထံမှတစ်ဆင့်ရောက်လာသောအမှာစကား(စာ)ဖြစ်ပါသည်။

## ဆရာကြီးအဖို့ဆုလာဘ်

ကျွန်တော်ရေးသည့် 'ရွှေဥဒေါင်း၏ တစ်သက်တာမှတ် တမ်း'ဆောင်းပါးမှာ ၁၉၇၂ ခု၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါလာသည်။ ထိုလ တတိယပတ်ထဲလောက်မှာပင် မမြင့်မြင့် ဆို သော မိန်းကလေးတစ်ယောက်ထံမှ စာတစ်စောင်ရောက်လာပါ သည်။ ဆရာကြီးကကိုယ်တိုင်စာဖတ်ခြင်း၊ စာရေးခြင်းမပြုနိုင်တော့ သဖြင့် မမြင့်မြင့်က ထိုဆောင်းပါးကိုဖတ်ပြရပါသည်။ ဆရာကြီးက ကျွန်တော့်သုံးသပ်တင်ပြချက်များကို နားထောင်ရင်း နှစ်ခြိုက်စွာ မှတ်ချက်ချလိုက်၊ တစ်ခါတစ်ရံရယ်မောလိုက်၊ အချို့နေရာများတွင် ထပ်ပြီးစာဖတ်ခိုင်းလိုက်နှင့် လွန်စွာဝမ်းမြောက် ပီတိဖြစ်သည်ဟု ဆိုပါသည်။ ဆရာကြီးပါမက ဒေါ်ကြီးစိုးတို့ ညီအစ်မပါ ဝိုင်းဝန်း နားထောင်ရင်း ဝမ်းမြောက်ဝမ်းသာရှိကြသည် ဟုဆိုပါသည်။ ဆရာကြီး ကိုယ်တိုင်က ကျွန်တော့်ထံ စာရေးဖို့ ခိုင်းသောကြောင့် မမြင့်မြင့်က ရေးလိုက်ခြင်းဖြစ်ပါသည်။

ဆရာကြီးသည် သူရေးခဲ့သမျှစာတို့တွင် တန်ဖိုးအထား ဆုံးမှာ တစ်သက်တာမှတ်တမ်းဖြစ်သောကြောင့် ကျွန်တော်က

တတ်စွမ်းသမျှ စေ့စေ့စပ်စပ်သုံးသပ် ချီးကျူးလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာရှိသည်မှာ သဘာဝကျလှပါသည်။

မမြင့်မြင့်ထံမှ စာရောက်လာသည့်အချိန် မတ်လဆိုသည်မှာ ကျွန်တော်တို့အဖို့ ဆယ်တန်းစာမေးပွဲဖြေလွှာများကို ခေါင်းမွှမဖော်နိုင်လောက်အောင် စစ်ဆေးနေကြချိန်မျိုးဖြစ်ပါသည်။ ထို့ကြောင့် ဧပြီလထဲရောက်မှ သူ့ထံသို့စာပြန်လိုက်နိုင်ပါတော့သည်။

ထိုစာထဲတွင် ဆရာကြီး၏စာများကို ငယ်စဉ်ကတည်းကစ၍ တစွဲမက်မက်ဖတ်ခဲ့ပုံ၊ အချို့အရေးအသားများကို ကဗျာမဟုတ်ပါဘဲလျက် နှုတ်လွတ်အာရုံရနေပုံတို့ကိုပါ ထည့်ပြီးရေးလိုက်ပါသည်။

ထိုကဲ့သို့ ရေးလိုက်ရာတွင်လည်းအပိုမဟုတ်ပါ။ တကယ့်အမှန်ကိုသာ ရေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်ငယ်စဉ်က စုံထောက်မောင်စံရှား၊ ဇော်ဟိတ်တို့ထက်ပင် စွဲစွဲမက်မက်ရှိခဲ့ဖူးသောဝတ္ထုမှာ (The Count of Monte Christo) ကို ဘာသာပြန်သည့် 'ရတနာသိုက်' ဝတ္ထုပင်ဖြစ်ပါသည်။ ထိုစာအုပ်ကို ပထမအကြိမ်ရိုက်စဉ်က သုံးတွဲခွဲ၍ထုတ်ခဲ့ပါသည်။ သုံးတွဲစလုံးပင်အိမ်တွင်ရှိနေခဲ့ပါသည်။ အဖုံးမှာ ဦးအုန်းလွင်၏ ပန်းချီလက်ရာဖြစ်ပါသည်။ အရုပ်က ကျောက်မျက်ရတနာသေတ္တာကြီးထဲက ရတနာများကို ထုတ်ယူကိုင်တွယ်နေသော မြန်မာလူမျိုးရုပ်ပုံဖြစ်ပါသည်။ ကောက်ပြီးလှန်ကြည့်လိုက်တော့ မြန်မာနာမည်များကိုမတွေ့ရဘဲ ပြင်သစ်နာမည်များကိုသာ တွေ့ရသဖြင့် စိတ်ပျက်သွားပြီး ပြန်ချထားလိုက်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်ကတိုက်ရိုက်ဘာသာပြန်မှုကို အတော်ကြီးနားစိမ်းကြပါသည်။ အနောက်တိုင်းနာမည်များကိုကြားရမှတ်ရသည်ကလည်း မလွယ်လှပါ။ (နောင်အခါ ရုရှဝတ္ထုဘာသာပြန်များကိုစပြီး ဖတ်ရစဉ်ကလည်း ပထမအစတွင် အတော်လေးကသိကအောက် နိုင်ခဲ့သေးသည်ကိုမှတ်မိနေပါသည်။) ထို့ကြောင့် ဆရာကြီးရွှေဥဒေါင်း

တို့သည်လည်း အမျိုးဝတ္ထု ဖန်တီးခဲ့ကြရခြင်း ဖြစ်ပါလိမ့်မည်။

တစ်နေ့တွင်တော့ အခြားဖတ်စရာစာအုပ်ဘာမှမရှိသည်နှင့် ထို 'ရတနာသိုက်' စာအုပ်ကို ကောက်ပြီး ဖတ်လိုက်မိပါသည်။ ဖတ်မိလိုက်ကတည်းကစွဲလိုက်သည်မှာ လက်ကမချနိုင်အောင် ဖြစ်ခဲ့သည်။ ထိုစာအုပ်ကို ဘယ်နှစ်ကြိမ်လောက် အထပ်ထပ် အပြန်ပြန်ဖတ်ခဲ့မိသည်ကို ကျွန်တော်မမှတ်မိနိုင်တော့ပါ။ တချို့နေရာလေးများကိုဆိုလျှင် ဖတ်မိလွန်းသောကြောင့် အလွတ်ပင် ရနေပါတော့သည်။

အစွဲလမ်းဆုံးနှင့် မကြခဏသတိအရဆုံးအခန်းမှာ မွန်တီခရစ္စတိုနယ်စားကြီးနှင့် ချစ်သူဟောင်းမာဆေဒီတို့ ပြန်လည်တွေ့ဆုံကြသောအခန်း ဖြစ်ပါသည်။ အက်ဒမန်ဒန်တီ (မွန်တီ ခရစ္စတို) ကပြောလိုက်သော–

''မာဆေဒီ မာဆေဒီဟုတ်ပါ့ရဲ့ ဒီနာမည်ကလေးဟာ ခုထက်ထိနားဝင်ချို တုန်းပဲရှိသေးတယ်၊ ဒီနာမည်လေးကို တတပြီး ကျလိုက်ရတဲ့မျက်ရည်တွေ၊ တောင်းလိုက်ရတဲ့ဆုတွေ မရေမတွက်နိုင်ပါဘူး မာဆေဒီ။''

ထိုစကားတွေကိုဖတ်နေရင်း စာလုံးတွေဝေဝါးသွားအောင် မျက်ရည်ဝိုင်းခဲ့ရသည်။ ထိုစကားစုကလေးကိုလည်း အလွတ်ရနေမိသည်။ နောင်အခါ ကျွန်တော်တက္ကသိုလ်ရောက်လာသည့်တွင် မူရင်းအင်္ဂလိပ်ဘာသာပြန်ဝတ္ထုကြီး နှစ်တွဲကိုဝယ်ပြီး ဖတ်ကြည့်မိပါသည်။ ဝတ္ထုကြီး တစ်ပုဒ်လုံးကို မဖတ်သေးဘဲ ထိုစကားလေးကို အင်္ဂလိပ်ကို ဘယ်လိုများရေးထားပါလိမ့်ဟု အမောတကောရှာ ကြည့်လိုက်မိပါသည်။ အင်္ဂလိပ်လိုမှာ

'Mercedes!' repeated Monte Christo, 'Mercedes!' Well, yes, you are right, that name has still its charms" စသည်ဖြင့် တွေ့လိုက်ရပါသည်။ (charms) ဟူသောစကားလေးကို ပေါ်လွင်အောင်ရုံးပေါင်းပြီး 'နားဝင်ချို' ဟု ဘာသာပြန်လိုက်ပုံကြီးကို အံ့သြချီးကျူးမိခြင်း ဖြစ်လာရပါသည်။

မူရင်းဝတ္တုကြီးမှာ နှစ်တွဲပေါင်းစာမျက်နှာ ၁၂၀၀ ခန့် ရှိပါသည်။ အပြည့်အစုံဘာသာပြန်ရမည်ဆိုလျှင် ''စစ်နှင့်ငြိမ်း ချမ်းရေး'' လောက်ပင်ရှိနေမည်လားဟု ထင်မိပါသည်။

ဖခင်ဖြစ်သူ ဒီမော်ဆက်သည် မိမိအရှင်သခင်ကျေးဇူးရှင်အား သစ္စာဖောက်ခဲ့သော လူယုတ်မာဖြစ်ကြောင်း သိလာသောအခါ သားဖြစ်သူအဲလဘတ်က သူငယ်ချင်းဘိုချမ်းအား ပြောသောစကားများကိုလည်း ကျွန်တော်အလွန်ထိခိုက်စွာသတိရနေပါသည်။ ဆရာကြီး၏စကားများမှာ–

'––– ကိုယ့်မွေးသဖခင်လုပ်တဲ့သူက လူယုတ်မာဖြစ်နေကြောင်းသိရတာ သိပ်ပြီးဝမ်းနည်းတယ် သူငယ်ချင်း သားဆိုတာ မွေးသဖခင်ကို ချစ်ရုံခင်ရုံနဲ့မပြီးဘူး၊ အကျင့်ပါဖြူစင်တယ်လို့ မြတ်နိုးရမှတော်တာကိုး သူငယ်ချင်း–––'

ထိုစာပိုဒ်ကိုလည်း မူရင်းအင်္ဂလိပ်စာအုပ်တွင် လိုက်ရှာပါသေးသည်။ ဆရာကြီးကတိုက်ရိုက်ပြန်ဆို ထားလိုက်သည် မဟုတ်ပါ။ တိုတိုနဲ့လိုရင်း အာဘော်ကိုမိနေအောင် ချုံ့ပြီးပြန်ဆိုလိုက်ခြင်းဖြစ်ပါသည်။

ထိုသို့ မူရင်းနှင့်ယှဉ်ပြီးဖတ်ကြည့်လိုက်တော့မှ ဆရာကြီးသည်သာမန် မည်ကာမတ္တ ဘာသာပြန်ဆရာမျိုးမျှသာ မဟုတ်ဘဲ စာဖတ်သူအပေါ် အလွန်စေတနာမြင့်မြတ်သော၊ စွမ်းရည်လည်း ကြီးမားသောပုဂ္ဂိုလ်ဖြစ်သည်ဟု တစိမ့်စိမ့် ကြည်ညိုခြင်း ဖြစ်လာမိပါသည်။

အထက်ပါအကြောင်းအရာများကို အတော်လေး ပြည့်စုံအောင် ထည့်သွင်းရေးသားပြီး မမြင့်မြင့်ထံ စာပြန်ကြားလိုက်ပါသည်။ ဆရာကြီးအား ဖတ်ပြပေးရန်လည်း မေတ္တာရပ်ခံလိုက်ပါသည်။ ထိုပြင်ဆရာကြီး၏ စာများကို ဂရုတစိုက်ဖတ်မိလှသောကြောင့် ဆရာကြီးထံ ဝင်ထွက်သွားလာနေကြသည့် တပည့်တချို့ထက်ပင် ကျွန်တော်က ဆရာကြီး အကြောင်းကိုပိုပြီး သိနေလိမ့်မည် ထင်ပါကြောင်းကိုလည်း ရေးထည့်လိုက်ပါသည်။

ထိုအချိန် မမြင့်မြင့်က ကျောင်းပိတ်ရက် မြင်းခြံသို့ ပြန်နေသောကြောင့် ကျွန်တော်စာနှင့်လွဲနေချေသည်။ ထိုကြောင့် မေလလယ်လောက်ကျမှ သူ့ဆီကပြန်စာကို ဖတ်ရပါတော့သည်။ ၅ ၈ ၅ ၈ ၇၂ ရက်စွဲနှင့်ရေးလိုက်သော မမြင့်မြင့်၏စာထဲတွင်–

x x x

ဆရာကြီးထံလည်း ရောက်ပြီးပါပြီ။ ဆရာ့စာကိုလည်း ဖတ်ပြခဲ့ပါတယ်။ ဆရာကြီးနဲ့ အမေစိုးဝမ်းသားအားရဖြစ်နေပုံတော့ မပြောနဲ့ဆရာရေ။ ဆရာကြီးဟာ ဆရာ့စာဖတ်ပြတာကိုနားလေးစွင့် ပြီးစူးစူးစိုက်စိုက်နားထောင်ရှာတယ်။ တချို့အပိုဒ်တွေမှာ ထပ်ဖတ်ပြ ခိုင်းတယ်၊ ပြီးစဉ်းစားတယ်၊ ပြုံးတယ်။ ကျေနပ်အားရ ဝမ်းမြောက် ဝမ်းသာဖြစ်နေတဲ့ ဆရာကြီးရဲ့မျက်နှာဟာ ခါတိုင်းထက်နုပျိုနေ သလိုပါပဲ။ ဆရာကြီးဟာ သတိမေ့လျော့နေတတ်ပါပြီ။ မှတ် ဉာဏ်အားချို့ယွင်းနေပါပြီ။ ဒါပေမယ့်အရေးကြီးတဲ့အချက်အလက်၊ အမည်တွေကိုတော့ မမေ့သေးပါဘူး။ ဆရာကြီး အသက်အရွယ်နဲ့ ဒီလောက်ကျန်းမာနုပျိုပြီး စာမရေးနိုင်တော့ပေမယ့် စာပေနဲ့ အဆက်မဝေးအောင်ဖတ်တုန်း ဆွေးနွေးနိုင်တုန်းပဲ ရှိပါတယ်။

ဆရာကြီးက ဆရာ့စာဆုံးတော့ ကဲမိန်းကလေးရေ ဆရာကြီးဒီစာဖတ်ရတဲ့အတွက် သိပ်ဝမ်းသာတယ်၊ ကျေးဇူးလည်း တင်ပါတယ်ဆိုတာ စာပြန်ရေးလိုက်ပါဦး လို့ပြောပါတယ်။ အမေစိုး ကတော့ သာဓုသုံးကြိမ်ခေါ်ပြီး မောင်မင်းကြီးသား သက်တော် ရာကျော်ရှည်ပါစေ။ သည့်ထက် တိုးတက်ကြီးပွား အောင်မြင် ပါစေ စတဲ့ ဆုရှည်ကြီးကို ပေးနေပါတယ်။ ဆရာစာရေးလိုက်သလို တခြားဝင်ခဲ့ထွက်ခဲ့ဖူးတဲ့ စာရေးဆရာတွေထက် ဆရာကြီးကို ပို နားလည်မှာ အမှန်ပဲကွယ့်လို့ဆရာကြီးကလည်း ပြောပါတယ်။

x x x

ထိုစာကိုဖတ်လိုက်ရသောအခါ ကျွန်တော်အဖို့ အတိုင်း မသိဝမ်းသာကြည်နူးခြင်းဖြစ်မိပါသည်။ ဆရာကြီး ကျွန်တော်တို့ အပေါ် စာပေအားဖြင့်များစွာ ကျေးဇူးပြုခဲ့ပြီးပြီဖြစ်ပါသည်။ သူအဖို့

မှာမူကား သင့်တင့်လျောက်ပတ်စွာ နေနိုင်စားနိုင်လောက်ရုံမျှသာ လျှင် အကျိုးကျေးဇူးရှိပါသည်။ စာဖတ်သူက သူ့ကိုကျေးဇူးတင် လှပါကြောင်း၊ ချစ်ခင်ရှိသေပါကြောင်းဖြင့် တုံ့ပြန်လိုက်ခြင်းသည် သာလျှင် သူ့အဖို့ ကြီးမားလှသော ဆုလာဘ်ကြီး ဖြစ်ရှာပါ လိမ့်မည်။

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းလိုပဲ

မမြင့်မြင့်၏ စာထဲတွင် ဆရာကြီးမှာ တစ်ခါတစ်ရံ သတိ မေ့လျော့တတ်လာပြီဖြစ်ကြောင်းကို ကျွန်တော်မအံ့ဩမိပါ။ ရှေ့ပိုင်း တွင်ကျွန်တော်ဖော်ပြခဲ့သော ‘ရွှေဥဒေါင်းနောက်ပိတ်ဆုံး’ဆောင်းပါး ကိုသေချာဖတ်ကြည့်လိုက်လျှင်ပင် သိသာနေပါသည်။ ဟံသာဝတီ သတင်းစာ၏ စာမျက်နှာ လေးပုံတစ်ပုံခန့်မျှသော ပမာဏရှိသည့် ထိုဆောင်းပါးတွင် ရှေ့နောက်စကားချိတ်ဆက် ချွတ်ချော်မှုကလေး များကို တွေ့ရစပြုပါပြီ။ ဤမျှသောစာကိုပင် ဆရာကြီးသည် မနည်းကြီး အာရုံစူးစိုက်ပြီးရေးရကြောင်း၊ သို့မဟုတ် နှုတ်ကချပေးရ ကြောင်း မှန်းဆနိုင်ပါသည်။

ထိုစာကိုဖတ်ရင်းပင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ပတ်သတ်ပြီး ဆရာဇော်ဂျီ ပြောဖူးသောစကားလေးကို ပြန်ပြီး သတိရမိပါသည်။ ဆရာဇော်ဂျီက ‘‘ဆရာကြီးသခင်ကိုယ်တော်မှိုင်း လဲ သတိမေ့လျော့စပြုပြီပေါ့၊ တလောတုန်းကပဲ ဆရာယော (ဆရာဇေယျ) က ပြောပြသေးတယ်။ သူကအိမ်နောက်ဖေးဘက် မှာရှိနေတုန်း ဆရာကြီးအိမ်ရှေ့ဘက်ကဝင်လာပြီး ‘ဟေ့မောင်ယော ရဲ့ အနန္တသူရိယဆိုတာ ဘယ်ကကောင်လဲကွ ငါဒီကောင်ကို သိပါ တယ်။’လို့ပြောသတဲ့၊ ဆရာယောက‘ဆရာကြီးကလည်း သူတည်း တစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့် ကာသာ၊ ဓမ္မတာတည်း’’ဆိုတဲ့ မျက်ဖြေလင်္ကာရေးတဲ့ အမတ်ကြီး ဟာကောလို့ပြောလိုက်တော့မှ ‘အေးဟုတ်သားပဲ၊ ငါဒီကောင်ကို သိပါတယ်လို့ စဉ်းစားနေတာကွ’’ လို့ပြောပြီး ပြန်လှည့်သွားသတဲ့။ ဆရာယောကပြောပြလို့ ရယ်ကြရသေးတယ်။ ဇရာပေကိုး၊

ဘယ်သူမှမလွန်ဆန်နိုင်တဲ့ တရားပေကပဲ''

ဆရာဇော်ဂျီက ထိုကဲ့သို့ ပြောလိုက်သောအခါတွင် ကျွန်တော့်အဖို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ကြည်ညိုခြင်း အရင်းခံစိတ်တွင် ကြင်နာခြင်းပါ ပိုလို့ တိုးပွားလာခဲ့မိပါသေးသည်။

ဆရာကြီးရွှေဥဒေါင်းအပေါ်တွင် ထိုနည်းတူပင်ဖြစ်သည်။ 'လုပ်သားပြည်သူနေ့စဉ်'တွင် နောက်ပိုင်း ဆရာကြီးရေးသော ဆောင်ပါးများမှအချို့ကို ကျွန်တော်သဘောမတူနိုင်ရိုးအမှန်ဖြစ်ပါသည်။ ဆရာကြီးတွေးတောဆင်ခြင်ပုံမှာ ပုံမှန်မှယိမ်းပါးစ ပြုလာပြီဟုလည်း ဆုံးဖြတ်ခဲ့မိပါသည်။ သို့သော် ထိုကဲ့သို့ ဖြစ်လာသောကြောင့် ဆရာကြီးပေါ်၌ ကျွန်တော်၏ ကျေးဇူးတင်ခြင်း၊ ကြည်ညိုခြင်းတို့မှာ တစ်ရွေးသားမျှပင် လျော့ပါးသွားခြင်းမရှိခဲ့ပါ။ ဇရာကို ကျွန်တော်တို့ နားလည်ကြရမည်သာ ဖြစ်ပါသည်။

## အပြန်အလှန်မြတ်နိုးလျက်တဲ့

ထိုအတောအတွင်းမှာပင် နိုင်ငံတကာ စာအုပ်စာတမ်းဖတ်ပွဲတွင် စာတမ်းတင်သွင်းဖတ်ကြားရန် သက်ဆိုင်ရာက ကျွန်တော့်အား မေတ္တာရပ်ခံ တာဝန်ပေးပါသည်။ တက္ကသိုလ်ဝင်းမွန်သည်လည်း ကျွန်တော်ကဲ့သို့ပင် စာတမ်းတစ်စောင် တင်သွင်းရမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်းမွန်မှာ ကျွန်တော်နှင့် ကျောင်းသားဘဝကပင် ရင်းနှီးခင်မင်ခဲ့ကြသူဖြစ်သောကြောင့် စာတမ်းကိစ္စတွင် သူနှင့်ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်မိကြသည်။ ကျွန်တော်တို့မှာ 'စာအုပ်စာပေ'နှင့် ပတ်သက်၍ 'စာဖတ်သူကဏ္ဍ'မှ ပါဝင်တင်ပြရန်ဖြစ်သည်။ သူ့စာတမ်းခေါင်းစဉ်က 'ကျွန်တော်ဖတ်ခဲ့သောဝတ္ထုများနှင့်ကျွန်တော်အမြင်' ဖြစ်၍ ကျွန်တော့်စာတမ်းခေါင်းစဉ်မှာ 'စာဖတ်သူခံစားရသော စာပေသြဇာ' ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်လုံး ကြိုတင်တိုင်ပင်ထားခြင်း မရှိပါဘဲ ဆရာကြီး၏ စာပေကျေးဇူးကို သီးသီးသန့်သန့် ထုတ်ဖော်

ရေးသားကြရန် တူညီနေကြပါသည်။ ကျွန်တော်က ထိုကဲ့သို့ ၁၉၇၂ ခု ဒီဇင်ဘာ၊ နိုင်ငံတကာ စာအုပ်စာတမ်းဖတ်ပွဲတွင် စာတမ်းများရေးကြရန်တာဝန်ယူထားပါကြောင်း၊ ကျွန်တော့် နည်းတူ တက္ကသိုလ်ဝင်းမွန်ကလည်း ဆရာကြီးကျေးဇူးကို မှတ်မှတ် ထင်ထင် ထည့်သွင်းပူဇော်မည်ဟု ဆိုပါကြောင်းကို မမြင့်မြင့်မှ တစ်ဆင့် စာရေးလိုက်ပါသည်။ ထိုအချိန်တွင် မမြင့်မြင့်က မြင်းခြံသို့ပြန်ရောက်နေပါပြီ။ ကျွန်တော့်စာတွင်ပါသည့် အကြောင်း အရာများကို သူကဆရာကြီးထံလှမ်းပြီး စာရေးအသိပေးလိုက်ဟန် ရှိပါသည်။ အမှန်အားဖြင့် မမြင့်မြင့်စာပြန်ချိန်တွင် ကျွန်တော်တို့ စာတမ်းဖတ်ပြီးကြပါပြီ။ နယ်ကစာပေသမားများ အဖို့မှာကား သတင်းစာတွင် ပါလာသည့် သတင်းလောက်ကိုသာဖတ်ပြီး အာသာဖျောက်နေ ကြရမည်ဖြစ်ပါသည်။

၁၂–၁၂–၇၂ နေ့စွဲနှင့် ရေးလိုက်သော မမြင့်မြင့်စာတွင်

x x x

မန္တလေးမသွားမီ ဆရာကြီးရွှေဥဒေါင်းထံက စာတစ် စောင်ရပါတယ်။ ဆရာကြီးစာတွေရဲ့ ကျေးဇူးကို ထည့်ပြီးဆရာတို့၊ ဦးဝင်းမွန်တို့ စာတမ်းရေးကြတဲ့ အကြောင်းကိုသိရ၍ အလွန် ဝမ်းသာကြောင်း၊ ကျွန်မထံစာရေးလိုက်တဲ့ဆရာ့စာပါ အကြောင်း အရာများကိုလည်း ဆရာကြီး ကြားလိုသိလို၍ ကျွန်မလာရင်ယူ ခဲ့ဖို့အကြောင်း၊ ဆရာ့စာတမ်းကိုလည်းမှာပေးဖို့ အကြောင်းတွေ ပါလာပါတယ်။ ဆရာ့စာတမ်းမှာပေးဖို့အကြောင်း ဆရာကြီး ရေးတဲ့ စာကို မူရင်းအတိုင်းရေးပြပါမည်။

'အထူးဝမ်းသာသည်မှာ ဆရာကြီး၏ စာများအကြောင်း ကို ကိုအောင်သင်းနှင့် အခြားသောစာရေးဆရာတစ်ယောက်ကပါ စာတမ်းတွင် ရေးသားဖတ်ကြားကြမည်ဆိုသောကြောင့် အလွန် တရာဝမ်းမြောက်ပါသည်။ ၎င်းစာတမ်းများကို မြင့်မြင့် ရရှိလိမ့်မည် ထင်၍ မြင့်မြင့်ကဆရာကြီးထံ ပေးပို့လိမ့်မည်ဟု မျှော်လင့်ယုံကြည် လျှက် ရှိသောကြောင့် မြင့်မြင့်က ၎င်းစာတမ်းများကို မရရအောင်

တောင်းခံ၍ (မာဒင်ထုံးနှလုံးမူခိုင်းနေပြီဆရာရေ) ဆရာကြီးထံ ဆက်ဆက်ကြီးပေးပို့ရန် လေးလေးနက်နက် တောင်း ခံပါသည်။ ၎င်းစာတမ်းများကို ဆရာကြီးကလည်း အမြတ်တနိုး သိမ်းဆည်း ထားပါမည်။ ဆရာကြီးမှာ စာရေးဆရာတပည့်ပေါင်း တော်တော် များများ ရှိခဲ့ဖူးသော်လည်း အထူးအားဖြင့် ကိုအောင် သင်းကို နံပါတ်(၁)ထား၍ အပြန်အလှန် မြတ်နိုးလျက်ရှိပါသည်'လို့ ဆရာနဲ့ပတ်သက်ပြီး ရေးထားပါတယ်။ စာကိုတော့ ဆရာကြီးက ပြောပြီး အခြားသူတစ်ယောက်က လိုက်ရေးပေးထားရပါတယ်။ လက်မှတ်ကိုတော့ ဆရာကြီးကိုယ်တိုင် ထိုးထားပါတယ်။

x x x

ထိုစာကို ဖတ်လိုက်ရသောအခါ ကျွန်တော့်စိတ်တွင် မည်မျှ ကြည်နူးဝမ်းသာဖြစ်မည်ကို စာဖတ်သူ မှန်းဆကြည့်နိုင် လောက်ပါသည်။ ဆရာကြီး၏ အခြေအနေကိုလည်း သဘော ပေါက်နေသောကြောင့်ဖြစ်ပါသည်။ ထိုအချိန်မှာ ဆရာကြီးသည် လူ့လောကဝန်းကျင်မှ ဆုတ်ခွာအနားယူလိုက်ချိန်ဖြစ်သောကြောင့် အထီးကျန်ဘဝ မဟုတ်ပါဘဲလျက် အထီးကျန်အဖြစ်ကို ကြုံနေရ လိမ့်မည်ဟု ထင်မိပါသည်။ သူ့ကိုကြည်ညိုနေသူတို့ကလည်း သူ၏ အသက်အရွယ်အရ အေးချမ်းစွာအနားယူနေသည်ကို မနှောင့် ယှက်လိုသောကြောင့် အလာအသွား၊ အဝင်အထွက် ဆင်ခြင်ကြ တော့မည်ဖြစ်ပါသည်။ ထို့ကြောင့်သူ့အဖို့ တစ်နေ့တာတွင် ရှေး ဟောင်းနှောင်းဖြစ်တို့ကို သတိရတစ်ချက်၊ မေ့တစ်ချက် ပြန်လည် စဉ်းစားခြင်း၊ တရားနှလုံးသွင်းခြင်း စသည်တို့ဖြင့်သာ အချိန်ကို ကုန်လွန်စေရတော့မည်ဖြစ်ပါသည်။

ထိုအခါမျိုးတွင် ကျွန်တော်ရေးလိုက်သော ဆောင်းပါး နှင့်စာများက သူ၏ပျိုမျစ်စဉ်ကဘဝကိုပြန်လည် နိုးထလာစေသော ကြောင့် ကျွန်တော့်အပေါ် မေတ္တာစိတ်ပွားများလာခဲ့ခြင်း ဖြစ်သည် ဟု ကျွန်တော် မှတ်ယူမိလိုက်ပါသည်။

## လူကိုယ်တိုင်တွေ့ရခြင်း

၁၉၇၂ ခု၊ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ကျွန်တော်နှင့် ဆရာမတစ်ယောက်ဦးဆောင်သော မြန်မာစာအဓိက ကျောင်းသား များ အထက်မြန်မာပြည် မန္တလေး၊ စစ်ကိုင်း၊ မုံရွာဘက်ဆီသို့ လေ့လာရေး ခရီးထွက်ကြမည်ဖြစ်ကြောင်း သတင်းစာများတွင် ပါလာပါသည်။ ထိုသတင်းကို ဆရာကြီးအား ပြောပြသောကြောင့် ဆရာကြီးကလည်း သူ့ထံသို့ ကျွန်တော်မုချဝင်လာမည်ဖြစ်ကြောင်း သိနေနှင့်ပါသည်။

ဒီဇင်ဘာ ၂၆ရက် ညရထားနှင့်လိုက်သွားကြရာ၂၇ရက် နံနက်တွင် မန္တလေးသို့ရောက်ကြပါသည်။ ရောက်လျှင်ရောက်ချင်း ကျွန်တော်ဆရာကြီးထံ မသွားနိုင်သေးပါ၊ စခန်းချရန်ကအစ စား ရေးသောက်ရေးကိုပါ စီစဉ်ကြရပါသည်။ ထိုနေ့တွင်ပင် မန္တလေး တောင်စသည့် နီးနီးစပ်စပ်ခရီးများသို့ ကျောင်းသားများအား လိုက် ပို့လိုက်ရပါသေးသည်။ ထို့နောက် ညနေမှောင်ရီပျိုး ချိန်တွင်မှ ဆရာကြီးထံသို့ သွားရောက်နိုင်ပါတော့သည်။

ဆရာကြီးက လှေကားထိပ် ဖိနပ်ချွတ်ဟုခေါ်နိုင်သော ကြမ်းပြင်ကလေးတွင် ပက်လက်ကုလားထိုင်တစ်ခုနှင့် ထိုင်နေ ပါသည်။ ကျွန်တော်တက်သွားပြီး လှေကားထိပ်တွင်ရပ်လိုက်တော့ ဆရာကြီးက ခါးကိုမတ်လိုက်ပြီး 'ဘာကိစ္စပါလဲ' ဟု မေးပါသည်။

'ဆရာကြီးကိုတွေ့ချင်လို့ပါ လာတာပါ၊ ကျွန်တော် အောင်သင်းပါ။'

ဆရာကြီးက ကျွန်တော်ကိုဘာမှ ပြန်မပြောတော့ဘဲ ကုလားထိုင်ကထလိုက်ရင်း နောက်ဘက်ဆီသို့လှမ်းတည့်၍ 'မစိုး ရေ မစိုးရေ ရောက်လာပြီဟေ့' ဟု လှမ်းပြီးအော်ပြောလိုက်သဖြင့် ကျွန်တော်လည်း အံ့အားသင့်နေပါသည်။ ဒေါ်ကြီးစိုးနှင့်သူ့ညီမ နှစ်ယောက်သား အူယားဖားယားပြေးထွက်လာကြတော့ ဆရာကြီး က 'ဆရာကိုအောင်သင်းရောက်လာပြီဟေ့' ဟု ထပ်ပြောပြန် ပါသည်။

ဒေါ်ကြီးစိုးတို့က–

'အမယ်လေး ဆရာရယ်ခုမှပဲ ပေါ်လာတော့တယ်၊ ဆရာကြီးက မနက်ကတည်းကမျှော်နေတာ။ ကိုအောင်သင်း ရန်ကုန်က ၂၆ ရက်နေ့ ညနေထွက်လာမှာဆိုတော့ မန္တလေးကို ၂၇ ရက်နေ့မှာရောက်မယ်။ ဒီနေ့လာလိမ့်မယ်ဆိုပြီး မနက် ကတည်းက မလာမလာနဲ့ တစ်နေ့လုံးမျှော်နေရှာတာဆရာရေ။'

ကျွန်တော်က ၂၆ ရက်ညနေရထားနှင့် လိုက်လာခြင်း ဖြစ်ကြောင်း၊ ၂၇ ရက်နံနက်မှရောက်ကြောင်း၊ စခန်းချရေး စားရေး သောက်ရေး စသည်တို့ကို စီစဉ်၍ လိုက်ပို့သင့်သည့် နေရာများကို ပို့ခဲ့ရသေးကြောင်းတို့ကို ရှင်းပြရပါသည်။

ညှော်ခန်းစားပွဲတွင် ထိုင်မိကြသောအခါ ကော်ဖီ၊ ဘီစကစ်၊ လက်ဖက်၊ လိမ္မော်သီးစိတ်နွှာပြီးများပါ အသင့်ချက်ချင်း လာချထားလိုက်ကြသောကြောင့် စောင့်မျှော်ပြီး ကြိုတင်ပြင်ဆင် ထားကြောင်း တွေ့လိုက်ရသည်နှင့် ကျွန်တော့်မှာကျေးဇူးတင် ဝမ်းသာနေသည့်ကြားကပင် အားနာနေမိပါသည်။

## စံဒေဝီနှင့်ဒေါ်ကြီးစိုး

ထိုင်မိသည်နှင့်မကြာမီမှာ ကျွန်တော်ရေးသော ဆောင်း ပါးများ၊ စာတမ်းများအကြောင်းသို့ ရောက်သွားပါတော့သည်။ ဆရာကြီးက–

'နေပါဦး ဆရာကိုအောင်သင်းကို မေးရဦးမယ်။ စံဒေဝီနဲ့ ပတ်သက်ပြီးကျုပ်က အတော်ကိုလေးလေးနက်နက်ခံစားပြီး ရေး ထားခဲ့ပါတယ်။ စာဖတ်သူအများလည်း အလွန်ကို စွဲလမ်းနှစ်သက် ကြပါတယ်။ ကိုအောင်သင်းက အဲဒါကို ပေါ့ပေါ့တန်တန်လောက် ပဲ သဘောထားပုံမျိုးနဲ့ ရေးလိုက်တယ်။ အဲဒီ စံဒေဝီ အပိုင်းကလေး ကို သိပ်ကြိုက်ကြတဲ့လူတွေက ကိုအောင်သင်းရေးတာကို သဘော မတူကြဘူး။ ကိုအောင်သင်းက အဲဒီလိုဘာပြုလို့ရေးလိုက်တာလဲ'

'ကျွန်တော်ကိုယ်တိုင်လည်း အဲဒီအခန်းကိုအတော်လေး

သဘောကျတာ အမှန်ပါပဲ။ ဒါပေမယ့် ဒီစာအုပ်ကြီးတစ်အုပ်လုံးမှာ ပါတဲ့ တခြားအတွေးအခေါ်တွေနဲ့ ယှဉ်လိုက်ရင် စံဒေဝီကိစ္စဟာ ဘာမှမပြောပလောက်ဘူးလို့ ပြောတာပါဆရာကြီး'

ဒေါ်ကြီးစိုးက–

'ဆရာကိုအောင်သင်းပြောတာလည်း ဟုတ်သားပဲ၊ သူက ဘာအရေးကြီးတာမှတ်လို့ပဲ'

'ကျုပ်ကလည်း တကယ်ကိုဖြစ်ခဲ့တာကို ပြန်ပြီးရေးလိုက်ရလို့ အင်မတန်လည်း ကိုယ့်ဟာကိုသဘောကျနေပြီး အများကလည်းအဲဒါကို သဘောကျနေချိန်မှာ ကိုအောင်သင်းက သိပ်အရေးမကြီးလှသလို ရေးလိုက်တာနဲ့ အံ့အားသင့်မိတာပါ'

'ဒီလိုပါဆရာကြီး ဆရာကြီးကိုယ်တိုင်က ခံစားမိခဲ့တာမို့ ဆရာကြီးအဖို့ အလွန်တန်ဖိုးထားကောင်း ထားမှာပါပဲ။ သို့သော်လည်း အချစ်ဇာတ်လမ်းတစ်ခုအနေနဲ့ ပြောကြစို့ဆိုရင် ဆရာကြီးရေးခဲ့တဲ့ 'ရူပနန္ဒီ'တို့၊ ရူပကလျာဏီ' တို့လောက် ဘယ်မှာဆန်းကြယ်နိုင်ပါ့မလဲ။ ဒီထက်ဆန်းကြယ်တဲ့ အချစ်ဇာတ်လမ်းတွေ တစ်ပုံတပင်ကြီးရှိပါတယ်။ ဆရာကြီးရဲ့ တစ်သက်တာမှတ်တမ်းဟာ အလွန်အဖိုးတန်ပါတယ်ဆိုရင် စံဒေဝီ အဖြစ်အပျက်ကြောင့် မဟုတ်ဘူး၊ ဒီထက်မက လေးနက်တဲ့အကြောင်းအရာတွေကြောင့် သာလျှင်ဖြစ်တယ်။ အဲဒါတွေနဲ့ယှဉ်လိုက်ရင် စံဒေဝီကိစ္စဟာ ဘာမှအရေးမကြီးလှပါဘူး လို့သာဆိုလိုတာပါ'

ဒေါ်ကြီးစိုးက

'ဟုတ်ပါ့တော်– ဆရာကိုအောင်သင်းရှင်းပြလိုက်တော့မှ ပိုပြီးရှင်းသွားတာပဲ စံဒေဝီအကြောင်းက ဘာမှအရေးမကြီးပါဘူး'

ကျွန်တော်မသိမသာ ပြုံးမိစပြုလာပါပြီ။ ဆရာကြီးတို့ ဇနီးမောင်နှံနှစ်ဦး၏အချစ်တော် ခွေးကလေးတစ်ကောင်၏စိတ်ကို စမ်းသောအားဖြင့် သူတို့နှစ်ယောက်က ခွေးကလေးရှေ့တွင် တွန်းထိုးရိုက်ပုတ် ဟန်ဆောင်ကြသောအခါ ခွေးကလေးကဒေါ်ကြီးစိုးကို ဟိန်းရာတွင်၊ ဒေါ်ကြီးစိုးက 'ကျွေးတော့ငါကကျွေးတယ်၊ ရန်ဖြစ်

တော့ နင့်အဖေဘာက်ကလား’ ဟူသော သဘောနှင့်ခွေးကလေးကို စိတ်ကောက်ဖူးကြောင်း ဆရာကြီးရေးခဲ့ဖူးသည်ကို ပြေးပြီး သတိရလိုက်မိ၍ ပြုံးလိုက်မိခြင်းဖြစ်ပါသည်။

ဆရာကြီးသည် မိမိ၏စိတ်ထဲတွင်ရှိသည်ကို ဖွင့်ပြီးပြောလေ့ပြောထ သိပ်မရှိလှဟုသိရပါသည်။ သူ့တစ်သက်တာ မှတ်တမ်းကို ဖတ်ကြည့်လျှင်လည်း အတန်အသင့် ရိပ်မိနိုင်ပါသည်။ ဆရာဦးကြီးမောင် (ငွေဥဒေါင်း)ကပင် သူနှင့် သော်တာဆွေအပေါ် ဆရာကြီးက ဤမျှအထိ အလေးအနက်ထားခဲ့သည်ဟု မထင်ကြောင်း၊ တစ်သက်တာမှတ်တမ်းတွင် အတော်များများ ထည့်ပြီး ရေးလိုက်တော့မှ အံ့အားသင့်မိကြောင်း ပြောဖူးပါသည်။

ထို့အတူ စံဒေဝီအကြောင်းကို ဒေါ်ကြီးစိုးတို့အားလည်း ဖွင့်ပြောဖူးဟန်မတူပါ။ တစ်သက်တာမှတ်တမ်း ထွက်လာသော အခါတွင်မှ ကျကျနနသိကြရပါလိမ့်မည်။ ထိုမျှသာဆိုလျှင် အကြောင်းမဟုတ်သေးပါ။ ဟိုလူက စံဒေဝီအကြောင်း၊ ဒီလူကလည်းစံဒေဝီအကြောင်းပြောကြ၊ မေးကြ၊ သိချင်ကြဖြစ်နေသည်ကို (ကြာလာတော့) ဒေါ်ကြီးစိုးမှာ ဇနီးတစ်ယောက်အနေနှင့် (အသက်အရွယ်ထောက်လာပြီဖြစ်လင့်ကစား)‘လွန်ပဲလွန်လွန်းတယ်’ ဟု နားကြားပြင်းကတ်ပြီး အူတိုလာခဲ့ဟန်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်က စံဒေဝီကိစ္စမှာဘာမှအရေးကြီးသည်မဟုတ်ဟု ပြောလိုက်ရေးလိုက်သောအခါ ကျွန်တော့်အဆိုကို အပြတ်အသတ် ထောက်ခံနေခြင်း ဖြစ်ပါလိမ့်မည်။ (ယခုဒီစာကို ရေးနေရင်းပင် ဒေါ်ကြီးစိုး၏ အမူအရာကို ချစ်ခင်စွာ ပြန်လည်မြင်ယောင်လျှက် ပြုံးမိပါသေးသည်)

## မတွေ့ဖူးဘဲနဲ့ နားအလည်ဆုံးလူ

ထို့နောက် စကားဆက်ကြပြန်ရာတွင် တစ်သက်တာ မှတ်တမ်းအချို့ နေရာများ၌ ရယ်မောရကြောင်းပြောလိုက်ရတော့ ဆရာကြီးက –

'နေပါဦး ကိုအောင်သင်းရယ်၊ ကျုပ်တပည့် သော်တာဆွေတို့ကတော့ ရယ်စရာဟာသစာပေတွေကို ရေးတတ်ကြပါရဲ့။ ကျုပ်က ဘာဟာသကိုမှမရေးတတ်ဘဲ ကိုအောင်သင်းကရယ်စရာတွေ တွေ့တယ်ဆိုတော့'

'ဆရာသော်တာဆွေတို့လို ဟာသမျိုးတော့ မဟုတ်ပေဘူးပေါ့ဆရာကြီးရယ်၊ ဆရာကြီးက တကယ့်အတွေ့အကြုံကို၊ တကယ့်ခံစားမှုကို နှိုက်နှိုက်ချွတ်ချွတ် ရေးလိုက်တာပဲ။ အဲဒါကိုက ဟာသဖြစ်လာပြီး ဖြစ်နေတာ၊ ဥပမာဆိုပါတော့–

'အင်း ... အင်းပြောစမ်းပါဦး၊ ကျုပ်ကတော့ဖြင့် ကျုပ်စာထဲမှာ ဟာသပါတယ်လို့ကို စဉ်းစားလို့မရပါဘူး'

'ဥပမာဆိုပါတော့ ဆရာကြီးရယ်၊ ရန်ကုန် ကျောက်မြောင်းထဲမှာထင်တယ်။ လေယာဉ်ပျံက ဗုံးတွေလာကြဲတော့ ဆရာကြီးက ဗုံးကျင်းထဲကို မဆင်းဘူး၊ စောင့်ကြည့်နေတယ်။ လေယာဉ်ပျံတွေပြန်သွားတော့ ဗုံးကျင်းထဲက မိန်းမတစ်ယောက်ထွက်လာတယ်။ ဖုန်တွေအမှိုက်တွေလည်းပေလို့၊ ဆံပင်တွေကလည်း ပွရောင်းရောင်းနဲ့၊ ဆရာကြီးကလည်း ဒီမိန်းမကိုမြင်ဖူး သလိုလိုရှိပါတယ်လို့ စဉ်းစားကြည့်နေတယ်။ နောက်မှတဖြည်းဖြည်း ရုပ်ကိုဖမ်းမိပြီး သတိရသလိုလိုရှိလာတယ်။ ဆရာကြီးတို့ ငယ်ငယ်က နာမည်ကြီး အငြိမ့်မင်းသမီး 'မစိန်ဆင်'ပဲလို့ထင်တာကြောင့် မေးကြည့်လိုက်တော့ အမှန်ပဲ မစိန်ဆင်ဖြစ်နေတယ်။ ငယ်ငယ်တုန်းက အလွန်ချောတယ်လှတယ်လို့ ပြောခဲ့ကြရတဲ့ မစိန်ဆင်ဟာ ခုတော့ မမှတ်မိလောက်အောင် ရုပ်ကကျသွားတာပဲ။ အဲဒီမှာတင် ဆရာကြီးက 'အလွန်လှပါသည်ဟုအပြောခံရသော မစိန်ဆင်ပင်လျှင် ဤမျှအရုပ်ဆိုးနေပါလျှင် ဘယ်တုန်းကမှလှတယ်လို့ အပြောမခံခဲ့ရသော ငါ့ရုပ်ဟာ ဘယ်လောက်များဆိုးနေမလဲ' လို့တွေးမိပြီး မစိန်ဆင်ကိုတောင် နှုတ်မဆက်နိုင်ဘဲ'

ကျွန်တော် စကားဆုံးအောင်ပင် မပြောလိုက်ရပါ။ ဆရာကြီးနှင့် ဒေါ်ကြီးစိုးတို့ ညီအစ်မ တဝါဝါးနှင့်အားရပါးရ ရယ်နေကြ

ပါသည်။ ဆရာကြီးမှာ ရယ်လွန်းမကရယ်ရသောကြောင့် မျက်ရည်များကျလာ၍ လက်ကိုင်ပဝါနှင့် အထပ်ထပ်သုတ်နေရပါသည်။

ဤသို့သောအသက်အရွယ်ရောက်လာလျှင် သာမန်အားဖြင့်ပင် မျက်ရည်များအလိုလို ရွှဲနေတတ်သည်ဖြစ်သော ကြောင့် တစ်ကြောင်း၊ ဆရာကြီးကိုယ်တိုင်ကလည်း ထိုအချိန်တွင် အလွန်ရွှင်မြူးနေလျက် ရယ်မောလိုက်သောကြောင့်တစ်ကြောင်း၊ ဤမျှထိ မျက်ရည်ကျလာခြင်းဖြစ်ဟန်ရှိပါသည်။

ထို့နောက် ဆရာကြီးက မည်သို့စိတ်ကူးပေါက်လိုက်သည် မသိ။

'ကျုပ်သေရင် ဘယ်ဘုံကိုရောက်ဖို့ အာရုံပြုသလဲ သိလား၊ ကိုအောင်သင်း'

'ပြောပါဦး ဆရာကြီး'

'သုဒ္ဓါဝါသဘုံကို အာရုံပြုတယ်။ ဘုရားအလောင်းတော်များဟာ သုဒ္ဓါဝါသဘုံကို မရောက်ကြဘူးလို့ ဆိုတယ်'

ကျွန်တော်က ခဏကြာမျှငိုင်နေပြီး နောက်မှ–

'ဒါပေါ့လေ၊ ဆရာကြီးရဲ့ဉာဉ်အတိုင်းပေါ့။ ဉာဉ်ဆိုတာမျိုးကလည်း သေသည်အထိဖျောက်လို့ရတာမျိုးမှ မဟုတ်ဘဲကိုး။'

'ဘယ်လိုဘယ်လို ဘယ်ဉာဉ်ကိုပြောတာလဲ ကိုအောင်သင်း'

ဆရာကြီးရုတ်တရက် အံ့အားသင့်သွားပုံရပါသည်။ ပြီးမှ–

'ဆရာကြီးရဲ့ ဉာဉ်ကိုက ကျွန်ုပ်သည်ကောင်းသည်ကို ဖြစ်စေ၊ မကောင်းသည်တို့ဖြစ်စေ၊ မြည်းစမ်းကြည့်ချင်တတ်သည့် သဘောရှိရာလို့ ဆရာကြီးရေးဖူးတယ်မဟုတ်လား၊ ဘုရားအလောင်းများတောင် မရောက်ဖူးဘူးတော့ ဆရာကြီးသုံးဆယ့်တစ်ပုံမှာ ဘုရားလောင်းထက်ပိုပြီးစုံအောင် မြည်းကြည့်ချင်လို့ ဖြစ်မှာပေါ့ခင်ဗျာ'

ဆရာကြီးတို့တစ်တွေ အားရပါးရရယ်ကြပါသည်။

ဆရာကြီးကတော့ ရယ်မောနေရင်းကပင် ရယ်သံကိုပြတ်တောင်း ပြတ်တောင်းပြုလျက် ဒေါ်ကြီးစိုး ကိုလှမ်းပြီး –

'မစိုးရေ . . . ဟုတ်တယ်ဟေ့ . . ၊ ငါ့ကိုတစ်ခါမှ မတွေ့ဖူးဘဲနဲ့ ငါ့ကိုနားအလည်ဆုံး လူတစ်ယောက်ဆိုတာ အမှန် ပဲဟေ့ . . . ။ ငါ့ကို ဒီဆရာကိုအောင်သင်းလောက် နားလည်တာ တစ်ယောက်မှ မတွေ့ဖူးသေးဘူး။ တပည့်တပန်းတွေ ဝင်ထွက် နေကြပေမယ့် သူ့လောက်ကို ငါ့ကိုမနားမလည်ကြဘူး။'

ရယ်သံတစ်ဝက်နှင့် ပြောနေရင်းကပင် မျက်ရည် ကိုလည်းသုတ်လိုက်ရပါသေးသည်။ ဒေါ်ကြီးစိုးကလည်း–

'ဟုတ်ပါပေ့တော်၊ လူကိုမတွေ့ဘူးပဲနဲ့ စာဖတ်ရုံနဲ့ ဒီ လောက်ထိသိနေတာ ကျုပ်တို့ဖြင့်အံ့သြလို့မဆုံးပါဘူး'

ညရှစ်နာရီခန့်မှ ကျွန်တော်ပြန်ခွင့်တောင်း၍ ရိုရိုသေသေ ကန်တော့ခဲ့ပါသည်။ ဆရာကြီးကလည်း လိုက်လှဲစွာ ဆုပေးပါ သည်။ ဆရာကြီး၏ဇနီး ဒေါ်ကြီးစိုးနှင့်တကွ ညီမဖြစ်သူကလည်း ဆုရည်ကြီးများကို ပေးကြပါသည်။

နောက်ထပ်တစ်ကြိမ်တွေ့ဆုံခွင့် မလွယ်တော့ပြီဟု ခံစား မိနေသည့်အလျောက် ဆို့ဆို့နင့်နင့် ဖြစ်နေရင်းကပင် ကျွန်တော်၏ စာပေကျေးဇူးရှင်ကြီးတစ်ဦးအား ကြည်နူးဝမ်းမြောက်စေခြင်း ဖြစ်နိုင်စေခဲ့သည့်အတွက်လည်း ပီတိဖြစ်ခဲ့ရပါသည်။

အနီးကပ် ဝင်ထွက်သွားလာနေကြသော တပည့်များ ထက်ပင် ဆရာကြီးကို ကျွန်တော်သိနေပါသည်ဟု ဆိုခဲ့ခြင်းမှာ သူ့၏စာများကိုအဘယ်မျှ ကျွန်တော်စွဲလမ်းစွာ ဖတ်ရှုခဲ့သည်ကို ပေါ်လွင်စေရန် တင်စားပြောဆိုခဲ့ခြင်းဖြစ်ကြောင်းကို စာဖတ်သူတို့ သဘောပေါက်ကြပြီးဖြစ်ပါသည်။ ဆရာကြီးကိုယ်တိုင်ကလည်း ကျွန်တော်၏ ဖတ်ရှုလေ့လာမှု၊ မှတ်မှတ်သားသားရှိမှုကို နှစ်သက် ဝမ်းမြောက်လှသောကြောင့် ဤသို့ဂုဏ်ပြုစကားဆိုလိုက်ခြင်း ဖြစ်ပါ လိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဆရာကြီး၏ တစ်သက်တာမှတ်တမ်း

စတုတ္ထတွဲမှ စာပုဒ်ကလေးတစ်ပုဒ်ဖြင့် ဤ 'ရွှေဥဒေါင်းကန်တော့ခန်း' ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါရသည်။

x x x

တစ်နေ့သ၌ ခပ်ကြမ်းကြမ်းပြောလေ့ရှိသော *ထိုစဉ်က ထုံးစံအတိုင်း ဆရာလွန်းနှင့် ကျွန်ုပ်သည် ကာမနှင့်စပ်လျဉ်းသော စကားကို ပြောမိကြရာ အလွန်တရာ အဓိပ္ပာယ်ဆီလျော်သည်နှင့် သူ၏လေးချိုးကြီးထဲမှ ကျွန်ုပ်က 'သံသရာဂနိုင်ကြာမြိုင် အလွန်နက်ပေတဲ့၊ ညွန့်ဗွက်ကန် သူ့အတွင်းဆီသို့၊ သက်ဆင်းကာ မက်ရင်းအာသာရှိသူတို့မှာဖြင့်၊ စက်ကွင်းပမာ လက်ငင်းမကြာမိပြန်တော့' ဟုရွတ်ပြလိုက်ရာ၊ ဆရာအလွန်ပီတိဖြစ်ပုံရသည်။ စာရေးဆရာတို့မည်သည် မိမိတို့စီကုံးဖွဲ့သည့်စာကို တစ်ဦးတစ်ယောက်က အကွက်ဆိုက်လာသောအခါ၌ ရွတ်ပြလိုက်ခြင်းကို ကြားရသည့်အခါ နှလုံးခွေ့တတ်ခြင်းမှာ ဓမ္မတာ ဖြစ်ပေလိမ့်သည်။ စာတွေကိုတစ်ပုံကြီး ရွတ်ပြခြင်းထက် အချက်ကျသောအခါ၌ တစ်ပိုဒ်တည်းရွတ်လိုက်ခြင်းသည် နားဝင်ချိုလှသည်။ မုံရွာဘက်သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သွားကြစဉ်ကလည်း ချောင်းဦးဘူတာ၌ မီးရထားဆိုက်နားလျက်ရှိစဉ် 'ချောင်းဦးဆယ်ရွာက ပြောင်းဖူးသည် မယ်သူ့ာတို့များ ရှိကြသေးသလား ဆရာရယ်' ဟုပြောလိုက်ရာ ဆရာကြီး၏မျက်နှာ၌ အလွန်ကြည်နူးနှစ်သိမ့်သော အမူအရာကို မြင်လိုက်ရခြင်းအားဖြင့် ကျွန်ုပ်အဖို့ ဆုလာဘ်ကြီး ရသကဲ့သို့ ထင်လိုက်မိပါသည်။ ကျွန်ုပ်၌ အပြစ်အနာများ ဒုနှင့်ဒေးရှိနေရမည် ဖြစ်သော်လည်း*

ကျွန်ုပ်ယုံကြည်မြတ်နိုးသော ပုဂ္ဂိုလ်မျိုးအား နှစ်သိမ့်ကျေနပ်အောင်လုပ်လိုက်ရ၍ ကျွန်ုပ်ကို ခင်မင်သဘောကျခြင်းနှင့် တုံ့ပြန်ခြင်းကို မြင်လိုက်ရသောအခါ၌ ဖြစ်ပေါ်လာသည့် မုဒိတာစိတ်သည် ကျွန်ုပ်၏အပြစ်အနာများအနက်မှ တစ်ဝက်ထက်မနည်း ပြေပျောက်သွားစေနိုင်သည်ဟု ယုံကြည်လျက်ရှိပါသည်။ ထိုအချိန် ၌ ကျွန်ုပ်သည် ဆရာကြီး၏လေးချိုးများကို အာဂုံဆောင်ထားပြီး လိုအပ်သောအချိန်တွင် ပေါ်လာတတ်သည့် ကျွန်ုပ်၏မှတ်ဉာဏ် အတွက် ကိုယ့်ကျောကို ကိုယ်သပ်ပေးချင်စိတ် ဖြစ်မိပါသည်။

**(ပေဖူးလွှာ၊ ဇွန်နှင့်ဇူလိုင်၊ ၁၉၈၉)**

■

# ပန်းချီဦးဘရင်ကလေးနှင့်
# ကျွန်တော်

'ရှင်ပြုံး'' ဂျာနယ်ကို စာဖတ်သူ တွေ့ဖူးဖတ်ဖူးလေမည် လားမပြောတတ်။ ကလေးတွေအတွက် ထုတ်ဝေသော ကာတွန်း စာစောင်လေးမို့ ကလေးတွေကတော့ မက်မက်မောမော ဖတ်ကြ သည်မှာအမှန်ဖြစ်သည်။ ထိုဂျာနယ်တွင် 'မောင်မောက်(ဥက္ကလာ)' ဝိုင်းဝန်းလုပ်ကိုင်ပေးနေသည်ဖြစ်လေတော့ သူကကျွန်တော့်အား ကလေးငယ်များအတွက် စာစီစာကုံးကဏ္ဍလေးတစ်ခုဖွင့်ပြီး ရေး သားပေးပါရန်အပူလာကပ်သည်။ ကျွန်တော်ကလည်း လက်ခံပြီး လုပ်ပေးနေရသည်။ ကိုမောက်က ကျွန်တော့်ပုံတွေကို ကြိုးစား ပမ်းစား ပန်းချီအပ်ပြီး ဝေဝေဆာဆာ ဖြစ်အောင် လုပ်ပေးရှာသည်။ သူကအပ်လိုက်လျှင်လည်း နာမည်ကြီး ပန်းချီဆရာတွေ ချည်းမို့ ကျွန်တော့်ကိုပေးရတဲ့ စာမူခထက်ပိုလို့ပင် ပေးနေရလိမ့်မည် ထင်မိ ပါသည်။

တမြန်နေ့ကတော့ ကိုမောက် ကျွန်တော့်ပုံတူ ပန်းချီကားတစ်ချပ်ကိုယူလာသည်။ ထိုပန်းချီကားကို ထုတ်ပြရင်း 'ကိုဝသုန်' က 'ခင်ဗျားတို့လုပ်စရာရှိတာလုပ်ပြီးရင် ဆရာအောင်သင်းကိုပေးလိုက်ပါ' လို့ပြောတယ်ဆရာ။ 'ကားနောက်ကျောဘက်မှာလည်း စာရေးထားပါတယ်' တဲ့။ ပန်းချီကား နောက်ကျောဘက်မှာ 'ဆရာအောင်သင်းကို အမှတ်တရ– လေးစားလျက် ပန်းချီဝသုန်' ဟုရေးထားသည်။ ပန်းချီကားကို ကြည့်လိုက်တော့ ကျွန်တော့်ပုံတူပါပဲ။ သို့ပေမယ့် ရေးပုံရေးချက်က အတော်ကြီးကို ထူးခြားနေသည်။ ဘယ်လိုရေးနည်းသုံးပြီး ရေးထားပါလိမ့်ဟု နားမလည်နိုင်အောင် ကျွန်တော်တို့အဖို့ ဆန်းနေသည်။ ကိုဝသုန်က စိတ်ကူးပေါက်လျှင် (သို့မဟုတ် စိတ်ရူးပေါက်လျှင်) အလွန်စိတ်အားထက်သန်စွာ လုပ်တတ်သည်ဟုထင်မိပါသည်။ ပါတိတ်ပန်းချီကို စိတ်ဝင်စားနေစဉ်တုန်းကလည်း ပါတိတ်ပန်းချီကိုချည်း လိုမ့်ရေးနေခဲ့သည်။ ယခုလည်း ကျွန်တော့်ပုံတူကို ရေးနေရင်း လိပ်ပြာကပ်သွားဟန်တူပါသည်။ ထို့ကြောင့် ကျွန်တော့်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးတာ ဖြစ်မည်ပေါ့။ ကျွန်တော်ထင်သည် ကျွန်တော့်စာမူထက် သူကပိုလို့တောင် ရပေလိမ့်ဦးမည်။

လွန်ခဲ့သော လေး၊ ငါး နှစ်လောက်က စာပေသမားလူငယ်လေးတစ်ယောက်က ပြောဖူးသည်။ 'ဆရာရေ ကျွန်တော်တို့ ဝတ္ထုတိုရေးလိုက်ရင် စာမူခက ၅၀၀ လောက် ပဲရတာ၊ ဝတ္ထုတိုအတွက် သရုပ်ဖော်ပန်းချီဆရာက ၁၀၀၀ လောက် ရချင်ရနေတာ' တဲ့။ ကျွန်တော်က 'ကောင်းပြီ မင်းဝတ္ထုကို သရုပ်ဖော်ပန်းချီကောင်းကောင်းနဲ့ တွဲပေးလိုက်တော့ မင်းမကြိုက်ဘူးလား' ဟုမေးလိုက်တော့ 'ဟာ ကြိုက်တာပေါ့ဆရာ' တဲ့။ 'မင်း ဝတ္ထုကို အကြောင်းခံပြီး ရေးရတာမှန်သော်လည်း သူ့နယ်နဲ့သူ့ပညာကိုးကွ' ဟုပြောပြီး ကျွန်တော်ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကိုပြန်ပြီး ပြောပြလိုက်မိပါသည်။

၁၉၅၈ လောက်ကဆိုတော့ နှစ်ပေါင်း(၄၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်ပထမဆုံး စပြီးရေးခဲ့သော ဆောင်းပါးမှာ ကျွန်တော့်ကိုယ်တွေ့ 'သရက်ထောင်ဖောက်ခဲ့စဉ်က' ဟူသော ဆောင်းပါး ဖြစ်ပါသည်။ ထိုဆောင်းပါးကို မြဝတီမဂ္ဂဇင်းတိုက်သို့ ပို့လိုက်သည်။ ရွေးချင်လည်းရွေးလိမ့်မည်။ မရွေးလျှင်လည်း ပြန်ပို့ လိမ့်မည်ဟု ခပ်အေးအေးပဲ သဘောထားလိုက်ပါသည်။ သို့နှင့် ကျွန်တော့်စိတ်ထင် နှစ်လလောက် ကြာသွားသည်။

သည်တုန်းက ကျွန်တော်ကစစ်ကိုင်းဆောင်မှာနေသည်။ တစ်နေ့တွင် ထမင်းစားဆောင်၌ ထမင်းစားနေစဉ် အခန်းနီးချင်း ကျောင်းသားတစ်ယောက်က 'ကိုအောင်သင်း ခင်ဗျားအခန်းမှာ ဧည့်သည်တစ်ယာက်စောင့်နေတယ်၊ ခင်ဗျားကိုတွေ့ချင်လို့တဲ့' ဟု ပြောသောကြောင့် ထမင်းစားပြီး အခန်းသို့ပြန်လာခဲ့သည်။ ကျွန်တော်အခန်းရှေ့ ဝရန်တာအုပ်ရိုးပေါ် လက်ထောက်ရင်းအပြင် သို့ ငေးနေသော လူတစ်ယောက်ကို တွေ့ရသည်။ အသက်က တော့ ၃၅/၄၀ လောက်ဟုထင်မိသည်။ ကျွန်တော်က ကျွန်တော့် အခန်းကို သော့ဖွင့်လိုက်တော့ သူက 'ကိုအောင်သင်းပါလား' ဟုမေးသည်နှင့် ကျွန်တော်က တံခါးကိုဖွင့်လိုက်ပြီး–

'ဟုတ်ပါတယ်၊ ဝင်ပါဦး'

သူအခန်းတွင်းသို့ ဝင်လာပါသည်။ ထို့နောက် သူ့လွယ် အိတ်ထဲက စက္ကူတစ်ထပ်ကို ဆွဲထုတ်လိုက်ပြီး–

'ဒီစာမူကို ကိုအောင်သင်း ရေးတာပါနော်'

'အော် ‥ အင်း ‥ ဟုတ်ပါတယ်'

'ကိုအောင်သင်းရဲ့ စာမူအတွက် သရုပ်ဖော် ပန်းချီရေးဖို့ ကျွန်တော်ကိုတိုက်က တာဝန်ပေးပါတယ်၊ ကျွန်တော်က ပန်းချီ ဘရင်ကလေးပါ'

'အော် ‥ ဟုတ်ကဲ့၊ ကြားဖူးပါတယ်၊ ဆရာ့လက်ရာ တွေကိုလည်း၊ တွေ့နေရတာပါပဲ၊ ကျွန်တော်အနေနဲ့ ‥ ‥ ဘယ် လို ‥'

'ဒီလိုပါ၊ ကျွန်တော်တို့ ပန်းချီသမားတစ်ယောက်ဟာ ရာသီဥတု၊ အချိန်ကာလ၊ ပတ်ဝန်းကျင် အခြေအနေဆိုတာတွေကို သိလို့ရှိရင် ပန်းချီရေးလို့ရပါတယ်။ ကိုအောင်သင်းရဲ့ စာထဲမှာ အဲဒါတွေ ပြည့်စုံအောင် ပါပါတယ်။ သို့သော်လည်း ကျွန်တော် သိချင်တာလေးတစ်ခုက ကိုအောင်သင်းတို့ သံတိုင်ကိုဖြတ်တဲ့ အခါမှာ သံဖြတ်လွှကို သုံးတယ်လို့ ရေးထားပါတယ်၊ ကျွန်တော် သိချင်တာက ကိုအောင်သင်းတို့သုံးတဲ့ သံဖြတ်လွှက ကိုင်းနဲ့ သံဖြတ်လွှလား၊ ဒါမှမဟုတ် လွှပြားကလေးသက်သက်လား ဆိုတာကို သိချင်လို့ပါ ...'

'အော် .. ကိုင်းနဲ့လွှပါ၊ သံဖြတ်လွှထည့်ရေးမလို့လား'

'အဲဒီလိုရယ်တော့ မဟုတ်ပါဘူး၊ လိုအပ်ချင်မှလည်း လိုအပ်မှာပါ'

ဆရာဦးဘရင်ကလေး ကျွန်တော့်ဆီလာသွားသည်မှာ ၁၉၅၉ ဖေဖော်ဝါရီလလောက်မှာဟု ထင်သည်။ ၁၉၅၉ ခု၊ မေလ ထုတ် မြဝတီတွင် ကျွန်တော့်ဆောင်းပါး ပါလာသည်။

ကျွန်တော် မှတ်မိသလောက် မာတိကာတွင် ဝတ္ထုတို ကဏ္ဍ၌သွင်းထားသည်။ ပန်းချီဦးဘရင်ကလေး၏ သရုပ်ဖော် ပန်းချီနှစ်ပုံပါသည်။ ကျွန်တော့် စာက စာမျက်နှာ နှစ်ဆယ်လောက် ရှိသည်။ ပန်းချီတွေက ရှေ့ဆုံး အဖွင့်တွင်တစ်ပုံ၊ နောက်ဆုံးအပိတ် တွင်တစ်ပုံ။

သေချာကြည့်လိုက်တော့ ဘာသံဖြတ်လွှမှမပါ။ သို့သော် ခပ်မှိန်မှိန်ဝိုးတဝါး အလင်းအောက်မှာ သံတိုင်ကြားက တိုးထွက် နေသူကတော့ ကျွန်တော့်ရုပ်ပုံပါပဲ။ ကျွန်တော်နှင့် သိနေသော သူတိုင်းက 'ဆံပင်ကျနေပုံကအစ ခင်ဗျားပုံပဲ' ဟု ပြောကြသည်။

စင်စစ် ဦးဘရင်ကလေး ကျွန်တော့်ဆီလာသွားသည်က သံဖြတ်လွှကို မေးချင်လို့မဟုတ် ကျွန်တော့်ပုံပန်းသွင်ပြင်ကို မြင် လိုသောကြောင့်သာဖြစ်ကြောင်း ထိုအခါကျမှ ကျွန်တော်ရိပ်မိလိုက် လေတော့သည်။ နောင်အခါကျမှ ဆရာဦးဘရင်ကလေးကို ပိုလို့ပင်

လေးစားရိုသေခြင်း ဖြစ်လာမိသည်။ သူသည်သူ့အလုပ်ကို သူများ ခိုင်းလို့လုပ်နေသည့် လူစားမျိုးမဟုတ်။

မြဝတီတိုက်က ခိုင်းလိုက်သည်မှာမှန်သည်။ သို့သော် ကျွန်တော့်ကိုလာပြီး တွေ့လိုက်ချိန်မှာတော့ မြဝတီနှင့်ဘာမျှမဆိုင်၊ ဘရင်ကလေးနှင့်သာဆိုင်သည်။ ဘရင်ကလေးက ဘရင်ကလေးကို ခိုင်းလိုက်ခြင်းသာဖြစ်သည်။

ထိုဆောင်းပါး(ဝတ္ထု)အတွက် ကျွန်တော်စာမူက (မှတ်မိသလောက်) ၄၀ိ ကျပ်လားရသည်။ ထိုစဉ်က မြဝတီတွင် စာတည်းလုပ်နေသော ဆရာကြီးဦးရန်အောင်ကို ၂၀ိ ကန်တော့ခဲ့ပါသည်။

ကျွန်သည့်ငွေနှင့်ကျွန်တော့်ဇနီး အသစ်စက်စက်အတွက် သိုးမွှေးချည် ဝယ်လာခဲ့သည်ကို မှတ်မိနေသေးသည်။ ဆရာဦးဘရင်ကလေးမှာ ပန်းချီအတွက် (ကျွန်တော့်အထင်) ၁၀၀ ကျပ်ကျော်လောက်ရမည်ထင်သည်။

စာရေးလိုက်သူက ၄၀ ကျပ်၊ သရုပ်ဖော်ပန်းချီ ရေးသူက ၁၀၀ ကျပ်၊ သည်လိုပြောလို့ ဖြစ်ပါမည်လား။ သူ့နယ်နှင့်ကိုယ့်နယ် တူသည်မှမဟုတ်ဘဲ။

သတိရမိလို့ လျှာရှည်လိုက်ရဦးမည်။ ရှုမဝ လျှမ်းလျှမ်းတောက်အောင်မြင်နေစဉ်က 'ဆရာသော်တာဆွေ'၏ ဟာသဝတ္ထုတွေကလည်း ပရိသတ်အသည်းစွဲ။ သရုပ်ဖော်ပုံတွေကိုတော့ ဂန္ထဝင်ကာတွန်းဆရာကြီးဦးဘဂျမ်းက ရေးပေးခဲ့သည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်မှာ သော်တာဆွေ၏ ဟာသကိုလည်း တဟိဟိ၊ ဦးဘဂျမ်း၏ ကာတွန်းကိုလည်း တခိခိ စွဲမက်ခဲ့ရသည်ကို မှတ်မိနေသေးသည်။ နောင်အခါ ဆရာသော်တာဆွေ၏ ဟာသဝတ္ထုကို လုံးချင်းပြန်ရိုက်တော့ ဦးဘဂျမ်း၏ကာတွန်းတွေမပါတော့သောကြောင့် ပေါ့ပျက်ပျက်ဖြစ်နေခဲ့သည်ကိုလည်း သတိရနေမိသေးသည်။

ကျွန်တော်က စကားကြုံလို့ လျှာရှည်သည်ကို သည်းခံပါတော့။

ပဓာန ကျွန်တော်ပြောချင်သည်က ပန်းချီဆရာဦးဘရင်ကလေးက ကျွန်တော့်ကို ***'မင်းနာမည်ကို မင်းရှိသေပါ၊ မင်းကိုယ်မင်းခိုင်းပါ '*** ဆုံးမသွားသလို ခံစားမိပါသည်။

(ဇူလိုင်/ဩဂုတ်လ၊ ၂၀၀၂ ခုနှစ်၊ ပုလဲမြို့ပြ မြေယာမဂ္ဂဇင်း)

***(ဆရာကြီး ဦးအောင်သင်း၏ မူရင်းဆောင်းပါးအမည်မှာ "ပန်းချီဦးဘရင်ကလေးရဲ့ ဩဝါဒ" ဖြစ်ပါသည်။ စာအုပ်အမည်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဆရာကြီး၏ ခွင့်ပြုချက်အရ ပြောင်းလဲထားခြင်း ဖြစ်ပါသည်။)***

■

# မောင်ညိုဝင်းနှင့် ကျွန်တော်

ကျွန်တော်ပထမဆုံး ရေးခဲ့သောစာမှာ '***သရက်ထောင်ဖောက်ခဲ့စဉ်က***' ဟူသော ကိုယ်တွေ့ဖြစ်ရပ်ဆောင်းပါးဖြစ်ကြောင်း ကျွန်တော်၏ စာပေမိတ်ဆွေအများ သိကြပါသည်။ သိကြရပုံက စာပေဟောပြောပွဲတွင် အခမ်းအနားမှူးဖတ်ပြရသော ကျွန်တော်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတွင် ပါနေလေ့ရှိသောကြောင့် ဖြစ်သည်။ သို့သော် ထိုစာကို ဘယ်သူမှမဖတ်ဖူးကြပါ။ သူတို့ မဖတ်ဖူးသည်ကိုမပြောနှင့် ကျွန်တော်ကိုယ်တိုင်ပင်လျှင် လွန်ခဲ့သော တစ်နှစ်ခန့်ကမှ တပည့်တစ်ယောက်က ထိုဆောင်းပါးပါသော မဂ္ဂဇင်းဟောင်းကို အဟောင်းဆိုင်တွင်တွေ့ရ၍ ဝယ်လာပြီးပေးသောကြောင့် ပြန်ပြီးဖတ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ သရက်ထောင်ကိုဖောက်ခဲ့စဉ်က ၁၉၄၉ တွင် ဖြစ်သည်။ ကျွန်တော်၏ဆောင်းပါး ‘မြဝတီမဂ္ဂဇင်း’ တွင် ပါလာသည်က ၁၉၅၉ မေလတွင်ဖြစ်သည်။ ၁၀နှစ်ရှိမှ ရေးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုဆောင်းပါးကို ကျွန်တော်အကြမ်းတွေ ဘာတွေမရေး၊ တောက်လျှောက်မနားတမ်း ရေးလိုက်ခြင်း ဖြစ်သည်ကို ကျွန်တော် မှတ်မိနေသည်။ ပထမဆုံး ပို့လိုက်သည်က ‘ရှုမဝ’မဂ္ဂဇင်းတိုက်သို့ဖြစ်သည်။ ရက်သိပ်မကြာလိုက်ပါ။ ဆောင်းပါးကို ပြန်ပို့လိုက်သည်။ ရေးထားသည့်မှတ်ချက်က ‘အကြောင်းအရာရော အရေးအသားကိုပါကြိုက်ပါသည်။ သို့သော် ယခုအခိုက်တန့်တွင်ပြည်တွင်းစစ်နှင့် ပတ်သက်သောစာများကို မသုံးရန် စာတည်းအဖွဲ့က ဆုံးဖြတ်ထားသောကြောင့် ဝမ်းနည်းစွာ ပြန်ပို့လိုက်ရပါသည်။ အခြားသောစာမူများရှိနေပါလျှင် ပို့ပေးစေလိုပါသည်’ ဟုရေးပြီးလျှင် ‘သန်းဆွေ’ဟု လက်မှတ်ထိုးထားပါသည်။ သူတို့ ပြောသည်မှာလည်း ဟုတ်ပါပေသည်။ ကျွန်တော်တို့ ဖောက်ခဲ့သည့် သရက်ထောင်က အစိုးရ၏ထောင်မဟုတ်။ သောင်းကျန်သူ ရောင်စုံတပ်ပေါင်းစုတို့၏ထောင်ကို ဖောက်ခဲ့ခြင်းဖြစ် သည်။ သည်တော့ ပြည်တွင်းစစ်နှင့်ပတ်သက်နေသည်မှာလည်း အမှန်ဖြစ်ပါသည်။

ကျွန်တော်ကတော့ ပယ်လိုက်လျှင်လည်းပယ်ပေါ့ဟု စာမူကိုသည်အတိုင်းပဲ ပစ်ထားလိုက်သည်။ ကိုယ့်စာမူ အပယ်ခံရပြီဟုလည်း ဝမ်းနည်းပမ်းနည်း မဖြစ်မိရိုးအမှန်ပါ။ သို့သော် ကျွန်တော်၏ ဇနီးသည်၏မောင်ငယ်၊ ကျွန်တော့်ယောက်ဖက ရန်ကုန်တက္ကသိုလ် စစ်ကိုင်းဆောင်တွင် အတူနေကြသည်မို့ ‘ဖတ်လို့ကောင်းတယ်ဗျ’ ဟုပြောပြီး ‘မြဝတီ’တိုက်သို့ သူ့ဘာသာ သူသွားပို့သည်။ ပို့လိုက်တော့ ကျွန်တော်ပင် မသိလိုက်၊ ပို့ပြီးမှ သိလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ပို့လိုက်လည်း ပို့ပေါ့။ မေ့မေ့လျော့လျော့ အမှတ်မထင်ပါပဲ။ ယခုမှပြန်ပြီး စဉ်စားကြည့် လိုက်တော့ ထိုစာကို ကျွန်တော် ၁၉၅၈ အောက်တိုဘာလတွင် ရေးသည်ဟုထင်မိသည်။

## ပန်းချီဘရင်ကလေး

၁၉၅၉ ဖေဖော်ဝါရီလလောက်တွင် ကျွန်တော်က စစ်ကိုင်းဆောင် ထမင်းစားဆောင်တွင် ထမင်းစားနေစဉ် အခန်း နီးချင်း ကျောင်းသားတစ်ယောက်က 'ကိုအောင်သင်းရေ ခင်ဗျား အခန်းမှာ ညှော်သည်တစ်ယောက်စောင့်နေတယ်။ ခင်ဗျားကို တွေ့ ချင်တယ်လို့ ပြောတယ်။' သို့နှင့်ကျွန်တော်လည်း ထမင်းကို ခပ် သုတ်သုတ်ကလေးစားပြီး အခန်းသို့ပြန်ခဲ့လာခဲ့သည်။ စစ်ကိုင်း ဆောင်ရှိ ကျွန်တော်အခန်း (၉၁) က တက္ကသိုလ်စာသင်ဆောင် များဘက်သို့ မျက်နှာမူနေသောကြောင့် ရှုခင်းမြင်ကွင်းလေးကောင်း သည်ဟု ဆိုနိုင်ပါသည်။ ကျွန်တော့်အခန်းရှေ့တွင် လူတစ်ယောက် ဝရန်တာအုတ်နံရံကို လက်ထောက်လျက် အပြင်သို့မျှော်ကြည့်ရင်း စောင့်နေသည်ကို တွေ့ရသည်။ ကျွန်တော်အခန်းကို သော့ဖွင့် နေစဉ်မှာပင် ထိုသူက ကျွန်တော့်ဆီလာပြီး 'ကိုအောင်သင်းလား' ဟု မေးသည်။ ကျွန်တော်က 'ဟုတ်ပါတယ်' ဟုပြော၍ အခန်းကိုဖွင့်လိုက်ပြီး ဝင်ရန်ဖိတ်ခေါ်လိုက်ပါသည်။

အခန်းထဲရောက်တော့ ထိုင်ပင်မထိုင်ရသေးမီ သူ့လွယ် အိပ်ထဲက စာရွက်တစ်ထပ်ကို ဆွဲထုတ်လိုက်ပြီး 'ဒီစာမူက ကိုအောင်သင်းရေးတာနော်'

ကြည့်လိုက်တော့ ကျွန်တော်၏ 'သရက်ထောင် ဖောက် ခဲ့စဉ်က '

'ဟုတ်ပါတယ်၊ ထိုင်ပါဦး'

ကျွန်တော်စာမူကိုယူပြီး ဒီလူကဘာကြောင့် ကျွန်တော် ဆီရောက်လာရသနည်း။ ဇဝေဇဝါဖြစ်နေသည်။

'ဒီလိုပါ၊ ကျွန်တော်က ပန်းချီ 'ဘရင်ကလေး'ပါ။ မြဝတီက ဒီစာမူကို သရုပ်ဖော်ရေးဖို့ ကျွန်တော့်ကို တာဝန်ပေး ပါတယ်'

'ဟုတ်ကဲ့၊ ဦးဘရင်ကလေးလက်ရာတွေကို ခဏခဏ တွေ့ဖူးပါတယ်၊ အခု ကျွန်တော်က ... . .'

'ဒီလိုပါ၊ ကျွန်တော်တို့ သရုပ်ဖော်ပန်းချီရေးသူတွေအဖို့ ပတ်ဝန်းကျင်အခြေအနေ၊ ရာသီဥတု၊ အချိန်အခါဆိုတာမျိုးတွေ စာထဲမှာပြည့်စုံအောင်ပါတယ်ဆိုရင် ပန်းချီရေး လို့ရပါတယ်။ ကိုအောင်သင်းစာမူထဲမှာ ပြည့်စုံအောင်ပါပါတယ်။ ပန်းချီရေးမယ် ဆိုရင် ဖြစ်ပါပြီ။ ဒါပေမယ့် ထပ်သိချင်တာလေးတစ်ခုရှိနေလို့ ရောက်အောင်လာခဲ့ရတာပါ '

'အော်– ဟုတ်ကဲ့ပြောပါ'

'ကိုအောင်သင်းစာထဲမှာ ထောင်ကိုဖောက်တော့ သံဖြတ်လွှကို သုံးတယ်လို့ ပါပါတယ်။'

'ဟုတ်ပါတယ်'

'ကျွန်တော်သိချင်တာက သံဖြတ်လွှနှစ်မျိုးရှိပါတယ်။ အနောင့်တပ်ထားတဲ့ လွှသွားနဲ့ ကိုင်းမှာတပ်ပြီးသုံးရတဲ့ လွှသွား ပေါ့။ ကိုအောင်သင်းတို့ သုံးခဲ့တဲ့လွှက ဘယ်လိုလွှမျိုးလဲဆိုတာကို သိချင်လို့ပါ'

'အော် ဟုတ်ကဲ့၊ ကျွန်တော်ထည့်မရေးလိုက်ဘူး။ ကိုင်းတပ်လွှပါ။ လွှကို ထည့်ပြီးရေးချင်လို့လား'

'ဒီလိုပုံသေစိတ်ကူးတော့ မရှိပါဘူး။ လိုရမယ်ရလာပြီး မေးလိုက်တာပါ။ သွားပါဦးမယ်'

ကြာကြာမနေ။ ချက်ချင်းပဲပြန်သွားသည်။

ကျောင်းပိတ်ရက် ကျွန်တော်တောင်တွင်းကြီးကို ပြန် ရောက်နေစဉ် ၁၉၅၉ခု မေလမြဝတီတွင် ကျွန်တော့်ဆောင်းပါး ပါလာသည်။ မဂ္ဂဇင်းကိုတွေ့ပြီး သူတွေက ''ကိုအောင်သင်း ခင်ဗျား ဆောင်းပါးပါလာတယ်၊ ပုံကလည်း ခင်ဗျားပုံပဲ၊ ဆံပင်ကျပုံ ကအစ ခင်ဗျားအတိုင်းပဲ'' ဟုပြောကြသည်။

ဟုတ်သည်။ ကျွန်တော့်ပုံပါပဲ။ ပုံထဲမှာ ဘာလွှမျှမပါ။ ဒီတော့မှ ဦးဘရင်ကလေးက လွှကိုရမယ်ရှာပြီး လူပုံကိုကြည့်ချင်လို့ လာခဲ့တာဖြစ်ကြောင်း သိလိုက်ရတော့သည်။ စိတ်ထဲတွင်တော့ 'ဒီလူဟာ ကိုယ်လုပ် သမျှကို သေသေချာချာလုပ်တတ်တဲ့သူပဲ'

ဟု အောက်မေ့လိုက်မိသည်။

ပြန်တွက်လိုက်တော့ နှစ်ပေါင်း၄၀ ကျော်ခဲ့ပြီပဲ။

## ပန်းချီမောင်ညိုဝင်း

ဒီအကြောင်းလေးကို မကြာသေးမီက မဂ္ဂဇင်းကလေး တစ်ခုတွင် ကျွန်တော်ရေးလိုက်ခဲ့သေးသည်။ ထိုစာကို မောင်မောက်(ဥက္ကလာ)က တွေ့တော့ ပန်းချီကိုညိုဝင်းကို 'ဆရာဦးအောင်သင်းက ဆရာ့အဖေအကြောင်းကို ရေးထားတယ်ဟု' ပြောပြရာ ကိုညိုဝင်းကဖတ်ချင်သည်ဆိုသောကြောင့် ကိုမောက်က ရှာပေးလိုက်ရသေးသည်။

ကိုမောက်အကြောင်းကို ပြောလိုက်ရဦးမည်။ ကျွန်တော့်ကို ကလေးများအတွက် စာစီစာကုံးကလေးတွေ အရေးခိုင်းသည်။ ရေးပေးလိုက်တော့ သရုပ်ဖော်ပန်းချီပုံတွေကို ပန်းချီဆရာ ပေါင်းစုံထံမှ လက်ရာစုံကို တစ်လှည့်စီရအောင် ချဉ်းကပ်သည်။ ထိုကိစ္စမှာ အလွန်ကို (အလွန့်အလွန်ကို) မလွယ်သောကိစ္စဖြစ်ကြောင်း ပန်းချီဆရာများနှင့် အလုပ်ကိစ္စဆက်ဆံဖူးမှ သိနိုင်သည်။

ကိုညိုဝင်းအကြောင်း ကျွန်တော်ကြားခဲ့ဖူးသလောက်ကို ပြောလိုက်ရဦးမည်။ ပုံတူပန်းချီတစ်ကားကို သိန်းချီပြီးစရံပေး၍ အပ်ထားသည်။ နှစ်ချီပြီးကြာခဲ့လေပြီ။ ပုံမပြီးသေး။ သို့သော် ဒီကြားထဲတွင် သူခင်မင်လေးစားသော စာရေးဆရာ၊ အနုပညာသည် တစ်ယောက်ယောက် ကွယ်လွန်လိုက်ပြီဆိုလျှင် အသုဘ အခမ်းအနားတွင်သုံးရန် ပုံတူပန်းချီကားကို ပြန်းပြန်း ပြန်းပြန်းနှင့် နေ့ဝက်လောက်နှင့် ပြီးသွားအောင် ရေးပစ်လိုက်တတ်သည်။ လက်ရာကို ကြည့်လိုက်ပြန်တော့လည်း 'အမယ်လေးကောင်းမှကောင်း၊ တူမှတူ' ဟုဆိုရလောက်သည်။ ကျန်ရစ်သူမိသားစုက သူ့လက်ရာကို တမြတ်တနိုးရှိကြလှသည်။ မြသန်းတင့်၏ပုံဆိုလျှင် သူ့မိသားစုက ဧည့်ခန်းတွင် တရိုတသေထောင်ထားသည်။

ကိုမောက်က''ရှင်ပြုံး''တွင် သုံးချင်သောကြောင့် ကျွန်တော့်ပုံတူကို ဆွဲပေးဖို့ပြောသည်။ သူ့ဖခင်အကြောင်းကို ကျွန်တော်က ရေးခဲ့လေတော့ ကျွန်တော့်အပေါ် မေတ္တာဝင်ဟန်ရှိသည်။ ဆွဲပေးမည်။ သို့သော် ကိုမောက်ကို ပြောလိုက်သေးသည်က 'ရေးပေးမယ်ကွာ၊ ဒါပေမယ့် ငါကသေတဲ့စာရေးဆရာတွေကိုချည်း ရေးလာခဲ့တော့ မင်းဆရာကအစွဲဖြစ်နေပါဦးမယ်။ ငါက သက်ရှိတွေကိုရေးရင် ပိုပြီးအသက်ရှည်တယ်လို့ ပြောလိုက်ကွာ'ဟု ရယ်ပြီး ပြောလိုက်သေးသည်တဲ့။ ဒီမျှလောက်ဆိုလျှင် ဒီလူတွေအကြောင်းတစ်စေ့တစ်စောင်း သိလောက်ပါပြီ။

## ဥမ္မတ္တကော

၁၉၈၉။ ...

ကျွန်တော် ပထမဆုံးကလောင် 'သရက်ထောင် ဖောက်ခဲ့စဉ်က' အတွက် ဦးဘရင်ကလေး ရေးဆွဲခဲ့သည့် သုံးလေးလက်မပတ်လည်လောက် ပန်းချီကားလေးကို အမှတ်တရအိမ်မှာ ချိတ်ထားရအောင် သူ့သားကိုညိုဝင်းအား ပုံတူပြန်ဆွဲခိုင်းရလျှင် ကောင်းမည်လားဟု အတွေးပေါက်လာမိသည်။ ဒီလူတွေက အတော် လေးဆက်ဆံရခက်သည်။ 'ပုထုဇ္ဇနော ဥမ္မတ္တကော'ဟု ဘုရားက ဟောတော်မူခဲ့သည်။ သို့သော် ဒီလူတွေကပိုပြီး 'ဥမ္မတ္တကော'သည်ဟု ကျွန်တော်ထင်သည်။ သည်လိုကူးဆွဲခိုင်းတာမျိုးကို စော်ကားသည်ဟုထင်ချင်ထင်တတ်ကြသူတွေ။ သို့သော်လည်း ကျွန်တော့်မျက်နှာကို မထောက်လျှင်တောင်မှ သူ့အဖေမျက်နှာကိုတော့ ထောက်လိမ့်မည်ဟု တွက်လိုက်သည်။ ထို့ကြောင့်နောက်တစ်ပတ် ကိုမောက် ကျွန်တော့်အိမ်ရောက်လာတော့ –

'ကိုမောက်ရေ ကိုညိုဝင်းဆီရောက်ဦးမလား။ မရောက်ရင်လည်း ရောက်အောင် သွားပေးစမ်းဗျာ။ သူ့အဖေ ဦးဘရင်လေး

ရေးထားခဲ့တဲ့ 'သရက်ထောင်ဖောက်ခဲ့စဉ်က' သရုပ်ဖော်ပန်းချီကို ပြန်ပြီးနည်းနည်းလောက်ချဲ့ရေးပေးပါ။ ကျွန်တော့်ပထမ ကလောင် အဖြစ် နံရံမှာချိတ်ထားချင်တယ်။ တစ်ခုတော့ရှိတယ် ကိုမောက်ရေ၊ ကျွန်တော်လူချမ်းသာ မဟုတ်ဘူးနော်၊ ငွေ ၄၀၀၀ဝိ/– ပဲ တတ်နိုင် တယ်လို့ ပြတ်နေအောင်ပြောပြနော်၊ ၄၀၀၀ဝိ/–ပဲ တတ်နိုင်တယ်'

ကိုမောက် ပြန်သွားသည်။ ကိုမောက်က ကျွန်တော်ဆီ တစ်ပတ်လျှင်တစ်ခါ အနည်းဆုံးရောက်သည်။ နောက်တစ်ပတ် ရောက်တော့ ကိုမောက်က–

'ဆရာရေ ဆရာညိုက ရေးပေးမယ်လို့ပြောတယ်။ စရံ ၂၀၀၀ဝိ/–ပေးလိုက်ပါလို့ပြောတယ်။'

ကျွန်တော် ဝမ်းသာသွားသည်။ စရံတောင်းလိုက်သည် ကိုပိုလို့ကို ဝမ်းသာမိသေးသည်။ သေချာသွားပြီ မဟုတ်ပါလား။

မကြာခင်မှာပင် ပန်းချီမောင်မောင်သိုက်က ဇနီးသည် ကွယ်လွန်သည့် နှစ်လည်ဆွမ်းကျွေးပွဲသို့ ကျွန်တော်ကိုဖိတ်သည်။ ကိုသိုက်က ခင်မင်ရင်းနှီးရာတို့ကို ဖိတ်ထားသောကြောင့် ပန်းချီ သမား စာသမားအတော်များများလေး လာကြသည်။ ကိုညိုဝင်းကို ထိုပွဲတွင် ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။ ပန်းချီအကြောင်း၊ စာ အကြောင်း၊ ဆရာ့ဆရာကြီးများအကြောင်း စကားလက်ဆုံကျ လိုက်သည်မှာ တစ်နေ့ခင်း ကုန်သွားပါလေတော့သည်။ ကျွန်တော် နှင့် ကိုညိုဝင်းလည်း တစ်ယောက်စရိုက်ကို တစ်ယောက် ကြိုက် သွားကြသည်ဟု ခံစားမိလာသည်။

ကိုညိုဝင်းက–

'ဆရာ– ဒီကားကိုဘယ်အရွယ်လဲ– စာအုပ်ပြန်ထုတ် ဖို့လား၊ စာအုပ်မျက်နှာ ဖုံးလုပ်ဦးမှာလား '

'ဟာ ••• ဘာလို့လုပ်ရမှာလဲ၊ ကျွန်တော် ပထမဆုံး ရေးတဲ့စာမို့ အမှတ်တရ အိမ်မှာချိတ်ထားချင်တာ၊ ဒါပဲ'

'တခြားမဟုတ်ဘူးဆရာ၊ ကျွန်တော်က ရည်ရွယ်ချက် ကိုကြည့်ပြီး အလျားအနံ ချိန်ရတာ'

## တကယ်ကိုရေးနေပြီတဲ့

နောက်နှစ်ပတ်လောက်ရှိတော့ ကိုမောက်နှင့် 'ရွှေမြင်သာ'ဝင်းမောင်တို့ နှစ်ယောက်သား ကျွန်တော့်ဆီ ရောက်လာကြသည်။ ကျွန်တော်က 'ရွှေမြင်သာ'ဂျာနယ်တွင်လည်း 'သူ့အတွေးကိုယ့်အမြင်' ဟူသော ကဏ္ဍလေးကို ရေးပေးနေသည်။ ထို့ပြင် ရွှေမြင်သာ ဝင်းမောင်ကိုယ်တိုင်က ပန်းချီရူး၊ ကျွန်တော့်ပုံတူစကက်ချ်လေးတစ်ခု သူ့စာစောင်တွင်ပါလာရာ လက်ရာကောင်းလှသောကြောင့် ကျွန်တော်ကိုယ်တိုင် အံ့အားသင့်သွားခဲ့မိပါသည်။

ဒီလူတွေအကြောင်း တစ်ဆက်တည်း ပြောလိုက်ရဦးမည်။ သူတို့က စာပေ ပန်းချီ လုပ်မနေကြသည့်အချိန်တွင် ဘာလုပ်ကြသည်ထင်သနည်း။ စုပြီးသီချင်းတွေ ဆိုကြသည်။ သီချင်းဆိုလိုက်သည်ဟုဆိုလိုက်တော့ ပျော်ပျော်ပါးပါးစုပေါင်းအော်ဟစ်နေကြတာမျိုး မထင်လိုက်ပါနှင့်။ ငြိမ့်ပေ့ညောင်းပေ့ဟူသော ဂီတနက်သန်ကိုစောငြိမ်း၏ သီချင်းမျိုးတွေကို တမြိန့်မြိန့်အရသာခံပြီး ပညာရှင်ဆန်ဆန် သီဆိုကြခြင်းဖြစ်သည်။ သူတို့အုပ်စုဆုံမိလျှင် သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုတတ်ကြသည်။ ဆိုပုံဆိုပေါက် အရှိုက်အငင် အဝင်အထွက် အဟန့်အဟဲတွေက တကယ့်ကို ကောင်းကြပါပေသည်။ သူတို့ဆရာကြီးက ကိုတင်လှိုင်၊ သူတို့အားလုံးက အဆိုတော်ကိုတင်လှိုင်ကို အစ်ကိုကြီးဟုခေါ်ကြသည်။ ကျွန်တော်ကတော့ ''ဟေ့ကောင် မောင်တင်လှိုင်''ဟုပဲခေါ်သည်။

စာဖတ်သူ အံ့ဩသွားလေမည်လားမသိ။ ကျွန်တော်သရက်ထောင်ကိုဖောက်ပြီးပြေးတော့ တောင်တွင်းကြီးမှာ သောင်းကျန်းသူတို့လက်အောက်တွင် ရှိနေဆဲဖြစ်သောကြောင့် ရေနံချောင်းထိအောင်ပြေးခဲ့ရသည်။ သည်စဉ်ကယခု အဆိုတော်ကိုတင်လှိုင်က ၅ တန်း ၆ တန်းလောက်ကောင်ငယ်လေး။ သူ့ဦးလေး ဦးသိန်းဟန်ကလည်း ပန်းချီဆရာပင်ဖြစ်သည်။ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခဲ့သောကြောင့် သူလည်း ကျွန်တော်တို့လိုပင်

ရောင်စုံတို့၏ အဖမ်းခံလိုက်ရသေးသည်။ ထို့ကြောင့် သူတို့မိသားစု အားလုံးနှင့် ရင်းနှီးပြီးသူတို့အိမ်မှာ ကျွန်တော်တို့ စားအိမ် သောက်အိမ်ပင် ဖြစ်နေခဲ့သည်။ မောင်တင်လှိုင်တို့ မိခင်ရောအဘွားပါ သဘောကောင်းလှသည်။ တစ်ခါတွင် ကျွန်တော်က ဖျားချင်သလိုလို ဖြစ်နေရာ မောင်တင်လှိုင်၏အဘွားက 'မောင်အောင်သင်း လာစမ်းဟဲ့' ဟု ခေါ်ပြီး သင်္ဘောပင်ပဥ္စငါးပါး မျက်စဉ်းဆိုလားမသိ ခပ်ပေးလိုက်ရာ စပ်လိုက်သည်မှာ ထွန့်ထွန့်လူးနေသည်ကို ယနေ့တိုင်သတိရနေသေးသည်။ ဖျားချင်သလိုလို ဖိန်းတိန်းတိန်း ဖြစ်နေသည်မှာလည်း ဘယ်ရောက်သွားလိုက်မှန်းပင် မသိတော့။ 'ဘကြီးအောင်ညာတယ်'သီချင်းနှင့်အဆိုတော် ကိုတင်လှိုင်ရယ်လို့ နာမည်ကြီးလာတော့ ကျွန်တော်ကသူမှန်းမသိ။ ကျွန်တော် စစ်တက္ကသိုလ်မှာ အမှုထမ်းနေစဉ် ဂီတဖျော်ဖြေရေးအဖွဲ့တစ်ခုတွင် သူပါလာတော့မှ 'အဆိုတော်ကိုတင်လှိုင်ဆိုတာ မင်းလားဟ'ဟု မေးလိုက်၍ 'ဟုတ်တယ်အစ်ကို' ဟုပြောမှသိတော့သည်။ ကြုံကြုံဖန်ဖန် သူတို့အုပ်စုနှင့်လာပြီးဆုံမိကြပုံကို ကျွန်တော် မကြာခဏအံ့သြမိသည်။

အထက်တွင်ပြောခဲ့သည်အတိုင်း ကိုမောက်နှင့် မောင်ဝင်းမောင်တို့ ရောက်လာကြတော့ မောင်ဝင်းမောင်က–

'ဆရာရေ ဆရာညိုအိမ်ကို ရောက်ခဲ့တယ်။ ဆရာ့ကားကို တကယ်အပီရေးနေတာ။ တော်တော့်ကိုကောင်းတယ်။ နောက်ပြီး တော်တော်လည်းကြီးတယ်။ ကျွန်တော်တို့က ဒီလောက်ကြီးကြီးရေးမယ်မထင်ဘူး။ တကယ့်ကိုရေးနေတာ။ ဆရာညိုလက်ခံထားတဲ့ အလုပ်ကို ဒီလောက်မြန်မြန်ဆန်ဆန် လုပ်ပေးတာ ဒီတစ်ခါပဲတွေ့ဖူးတယ်'

ကိုမောက်က–

'ဆရာညိုက ကိုသိုက်ကို 'ကိုသိုက်ရေ ကောင်လေးတစ်ယာက်လောက် ငါ့ကိုပေးစမ်းပါဦး' ပြောတာနဲ့ ဆရာကားကိုရေးဖို့ ကောင်လေးတစ်ယောက် သူ့ဆီလွှတ်ထားရသေးတယ်လို့ ကိုသိုက်ကပြောတယ်ဆရာ'

'ဟုတ်လား၊ ဘာလုပ်ဖို့လဲ'

'ဒီလိုပဲပေါ့ဆရာ၊ ဆေးညွှန်၊ စုတ်ဆေး၊ အကူအညီပေးဖို့ပေါ့'

ဒီတော့မှ ကျွန်တော်သဘောပေါက်လိုက်မိသည်။ သူတို့သည် စိတ်ကူးအရှိန်ကို အမိဖမ်းချင်သည်။ ထိုအချိန်မျိုးတွင် ဟိုဆေးဘူးယူညှစ်လိုက်၊ ဒီစုတ်တံကို ဆေးလိုက်လုပ်မနေချင်။ ကိုယ်ရေးနေသောကားကို တစိမ့်စိမ့်ကြည့်နေရင်း ဆေးချက်တို့ ရမည့်နေရာ၊ ဖို့ရမည်နေရာတို့ကို စူးစမ်းနေချင်သည်။ သူတို့ကို ကူညီလုပ်ကိုင်ပေးနေသော တပည့်ကလည်း ဘယ်နေရာဘယ်လို လုပ်လိုက်သည်ကို စောင့်ကြည့်ရင်း ပညာယူပေရော့။ တစ်ခါတစ်ရံတွင်တော့လည်း လက်ဖက်ရည်သောက်ရင်း၊ ထမင်းစားရင်းကျမှ ပြောဆိုသင်ပြပေးသွားတတ်ကြသည်။

## စကားပြောတဲ့ပန်းချီကား

များမကြာမီပင်လျှင် ကိုမောက်က ဖုန်းဆက်သည်။ နက်ဖြန်သွားယူရမည်ပေါ့။ သွားယူရမည်က မြောက်ဒဂုံတွင်ရှိသော ကိုညီ့ဝင်း၏ ပန်းချီအိမ်၊ ပန်းချီအိမ်ဟု ကျွန်တော် ရေးလိုက်သည်က သူ့အိမ်ကမြို့ထဲမှာရှိသည်။ သို့သော် ဆိတ်ဆိတ်ငြိမ်ငြိမ် ပန်းချီ ရေးနိုင်ရန် မြောက်ဒဂုံအစွန်တွင် အိမ်ကလေးတစ်လုံး ငှားထားသေးသည်။ ၂၉–၈–၂၀၀၁ တွင် ထိုပန်းချီအိမ်လေးတို့ ကျွန်တော်တို့ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့ဆိုသည်က ကိုမောင်မောင်သိုက်၊ ကိုမောက်၊ မောင်ဝင်းမောင်နှင့်ကျွန်တော်ဖြစ်သည်။ ငွေအပြေခြေရန် ကျန်ငွေနှစ်သောင်းကိုလည်း ထည့်လာခဲ့သည်။

ပန်းချီရိပ်ငြိမ်ကလေးသို့ ရောက်သွားလိုက်တော့ ကိုညီ့ဝင်းက အိမ်ပေါက်ဝက ဆီးကြိုနေသည်။ အိမ်ပေါ်တက်ပြီး လှမ်းဝင်လိုက်တော့ ကောင်းကောင်းမြင်သာအောင် ပြတင်းပေါက်အနီးတွင်ထောင်ထားသော ပန်းချီကားကို လှမ်းမြင်လိုက်ရသည်။

အရွယ်က အမြင့်သုံးပေ၊ အနံ နှစ်ပေခန့်ရှိသည်။

သံတိုင်နှစ်ခုကြားက လွန့်ထွက်နေသော ကျွန်တော်၏ ငယ်ရုပ်ကို လှမ်းမြင်လိုက်ရသည်။ နောက်ဘက်က အမှောင်ထုထဲတွင် စိုးရိမ်စွာ၊ ထက်သန်စွာကြည့်နေသူ လူနှစ်ယောက်၏မျက်နှာကို ဝိုးတဝါးတွေ့နေရသည်။

ကျွန်တော် ရုတ်တရက်ဘာစကားကိုမျှ မဆိုနိုင်ပါ။ ငိုင်ပြီး ပန်းချီကားကို ကြည့်နေမိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်ကအရိပ်တို့သည် ကျွန်တော်မျက်စိရှေ့တွင် တရစပ်ပြေးနေကြသည်။ တိုင်းမောင်၊ အောင်ကြည် သူတို့နှစ်ယောက်လုံး မရှိကြတော့ပြီ။ သူတို့သာဤကားကို မြင်လိုက်လျှင် ဘယ်လိုနေကြမည်လဲ။ ဘယ်လိုခံစားမိကြမည်လဲ။ ပန်းချီကားကိုကြည့်ပြီး ကျွန်တော်ရင်ထဲတွင် ဆို့ဆို့နင့်နင့်ကြီးကြီးဖြစ်နေသည်။ ပန်းချီကားကို ကြည်နူး၍ ဘဝကိုလွမ်းနေသည်။ အတော်ကြီးကြာမှ–

'ကျေးဇူးတင်လိုက်တာ ကိုညိုဝင်းရယ်၊ ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး'

'ကျွန်တော်ကလည်း ဆရာကိုကျေးဇူးတင်နေမိပါ တယ်။ ဆရာက ကျွန်တော့်အဖေကို တမလွန်ကနေ ကျွန်တော့်ဆီ ကို ပြန်ခေါ်လာခဲ့တယ်။ အဖေက သားမောင်ညိုဝင်း မင်းဒါမျိုးတွေ လိုနေသေးတယ်ကွ လို့ကျွန်တော့်ကိုသင်ပေးတယ်'

'ဟုတ်လား'

ကျွန်တော်က အံ့အားသင့်သလို ပြောလိုက်မိသည်။ သူတို့ပညာသည်ချင်းတော့ ဟုတ်ပေလိမ့်မည်။ ကျွန်တော်တို့က တော့ ဘယ်မှာသိနိုင်ပါမည်လဲ။ သူဖခင် ပညာသုံးထားပုံကို မွေ့မွေ့ချင်း ခြေမြင်ကြမည်ပေါ့။

'ဆရာ့ဆောင်းပါးကို ကျွန်တော်နောက်မှဖတ်တာ။ ဆေးနှစ်ရစ်လိုက်ပြီးမှဖတ်တာ။ ဘာကြောင့်လဲဆိုတော့ ဆရာ့စာကို ကျွန်တော်အရင်ဖတ်လိုက်ရင် ကျွန်တော်ခံစားမှုပါသွားနိုင် တယ်။ ကျွန်တော်က အဖေခံစားမှု အရင်းအတိုင်းကို ဒီကားထဲမှာ

ပါနေစေချင်တာ'

ဟုတ်ပေလိမ့်မည်။ ကျွန်တော်တို့ကတော့ ဒီလောက်ထိ တောင်မတွေးမိပါ။ မဂ္ဂဇင်းစာအုပ်ကိုကြည့်လိုက်တော့ သရုပ်ဖော် ပန်းချီကား၏ဘေးကစာသားတွေအားလုံးကို ပလပ်စတာ အနက်စ ကြီးနှင့် ပိတ်ထားသည်။ ပန်းချီကားသက်သက်ကိုသာ မြင်လို သောကြောင့် ဖြစ်ဟန်ရှိပါသည်။

မူရင်းပန်းချီကားနှင့်တိုက်ကြည့်လိုက်တော့ အောက် ဘက်တွင် နေရာနည်းနည်း ပိုချန်ထားသည်ကို တွေ့ရသည်။ စာတန်းထိုးဖို့ ချန်ထားသည်ဟုပြောပါသည်။ မူလပုံတွင်ပါသော 'ဘရင်ကလေး'ဆိုသည့်လက်မှတ်ကိုလည်း မူရင်းနှင့် တစ်ထေရာ တည်းဖြစ်အောင်ရေးထားသည်။ ကိုညိုက–

'ကိုင်း ကိုသိုက်ရေ ဆရာဦးအောင်သင်းလိုချင်တဲ့ စာ သားကလေးကို ကိုရင်ကပဲရေးထည့်လိုက်စမ်းပါ။ ကိုရင့်စာလုံး ကလေးတွေကလှလို့ပါ'

မောင်မောင်သိုက်ကလည်း ချက်ချင်းပဲ စုတ်နှင့်ဆေးကို ယူတဲ့ပြီး ရေးထည့်ပေးပါသည်။ ရေးသည်က– အောင်သင်း သရက်ထောင်ကို ဖောက်ခဲ့စဉ်က ဦးဘရင်ကလေးရဲ့လက်ရာကို သားမောင်ညိုဝင်း ပြန်လည်ရေးဆွဲသည်။ (၂၀၀၁)

ဦးဘရင်ကလေးက သူ၏လက်မှတ်တွင် ခုနှစ်ကို မထည့်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်က ကိုသိုက်အား–

'ကိုသိုက်ရေ၊ ဦးဘရင်ကလေးရဲ့လက်မှတ်မှာလည်း နောက်က ၅၉ ဆိုတာလေး ထည့်ပေးလိုက်စေချင်တယ်။ ဒီလိုဆို တော့မှ နှစ်ပေါင်း ၄၀ ကျော်ကွာတယ်ဆိုတာ ပေါ်လာမယ်မဟုတ် လား'

ထိုထိုသောကိစ္စတွေပြီးပြီးတော့မှ ကျွန်တော် သူ့အခန်း ကို ကြည့်မိသည်။ အဝတ်တွေဖုံးထားသော ရေးလက်စမပြီးသေး သောပန်းချီကား တွေကိုတွေ့ရသည်။ နည်းနည်းနောနောမဟုတ်။ ဆယ့်လေးငါးချပ်လောက်ရှိမည် ထင်သည်။ ကျွန်တော့်မျက်စိကို

ဖမ်းစားလိုက်သည်က မြသန်းတင့်၏ 'တောင်သမန်' အတွက် ရေးထားသော အချုပ်ခန်းကားဖြစ်သည်။ တကယ့် ရှေးဗမာကြီးတွေ၏ မျက်နှာတွေ။ ကြည့်နေရင်း ကိုမြသန်းကို လွမ်းလိုက်မိသေးသည်။

'ကိုညိုဝင်းရေ စိတ်တော့မရှိနဲ့နော်၊ ကျွန်တော် တစ်ခု မေးချင်တယ်။ ခင်ဗျားတကယ့်ကို အာရုံနှစ်ပြီး ရေးထားတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ တကယ်လို့ ကျွန်တော်မဟုတ်ဘဲတစ်ခြားသူတစ်ယောက်ယောက်က အရေးခိုင်းတာဆိုရင်ခင်ဗျား ဘယ်လောက်လောက်ယူမလဲ '

ကိုညိုက ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း –

'သိန်းဂဏန်းတော့ ယူမှာပေါ့ဆရာရဲ့'

သူ၏ သိန်းဂဏန်းဆိုသည်ကို ကျွန်တော်နားလည်လိုက်ပါသည်။ သူက–

'ဒီလိုလေ ဆရာက ကျွန်တော့်ကိုပြောလိုက်တာက လေးသောင်းပဲပေးနိုင်မယ်လို့ အပြတ်ပြောတယ်နော်။ နောက်ပြီး ဘယ်အရွယ်၊ ဘယ်လောက်ကြီးဘာညာ ဘာမှမပြောခဲ့ဘူး။ ဆီဆေး၊ ရေဆေးတွေဘာတွေလည်း ဘာမှမပြောခဲ့ဘူး။ ဖအေ့လက်ရာကို သားကရေးပေးစေချင်တယ်။ ဒါပဲ။ နောက်ပြီး ဘယ်စာရေးဆရာမှ ကိုယ့်ပထမဆုံးကလောင်အတွက် သရုပ်ဖော် ပန်းချီကို ငွေလေးသောင်းအကုန်ခံပြီး အရေးခိုင်းမှာမဟုတ်ဘူး အခုကျွန်တော်ရေးထားတာကို ပြောပြမယ်။ အရွယ်ကလည်း အတော်လေးကို ခန့်အောင်လုပ်ပေးလိုက်တယ်။ ဆီဆေးနော်၊ ဆီဆေးမှ ဝင်ဆာအင်နယူတန်တွေချည်းပဲနော်၊ အပေါစားမဟုတ်ဘူး။ ဆေးကိုလည်း လေးထပ်လိုက်ထားတာ။ နောက်ပြီးဟောဒီမှာ ပန်းချီကားအတွက် ဘောင်ပါလုပ်ပြီးသား '

ဒီလောက်တော့ ကျွန်တော်မှန်းတတ်သည်။ ကိုယ့်လူမှာ ကင်းဗပ်စနှင့် ဆေးအတွက်ကပင် တစ်သောင်းခွဲလောက် ထွက်သွားလိမ့်မည် ထင်သည်။

'တကယ်ကို ကျေးဇူးတင်တယ် ကိုညိုဝင်းရယ်။ ဒီ ပန်းချီကားဟာ ကျွန်တော့်ဧည့်ခန်းရဲ့ ကျက်သရေဆောင်ဖြစ်တော့ မှာ သေချာပါတယ်။'

ကိုမောက်က ကျွန်တော့်ကို အသာလက်တို့ပြီး တိုးတိုး ပြောသည်။

'ဆရာဒီနေ့ပဲယူသွားတော့။ ထားခဲ့ရင်သူက ထပ်ပြီး ဟိုတို့ဒီတို့ လုပ်နေရင်း မပြီးသေးဘူးဖြစ်လာနေဦးမယ်'

ကျွန်တော်လည်း ထိုနေ့ပင် ယူလာခဲ့ပါတော့သည်။

ပန်းချီကားကိုယူလာခဲ့ပြီး နောက်တစ်နေ့ရောက်တော့ ဧည့်ခန်းမှာချိတ်လိုက်သည်။ ချိတ်ပြီး နောက်တစ်နေ့တွင် ကျွန် တော့်သမီး မော်မော်သင်း အိမ်သို့ရောက်လာသည်။ အပေါ်ထပ်သို့ အတော်လေးကြာမှ တက်လာသည်။

'ကောင်းလိုက်တဲ့ ပန်းချီကားဖေဖေရယ်။ ဘယ်လို ကောင်းမှန်းမသိဘူး။ သမီးလေ အဲဒီကားကို ကြည့်ပြီး ဝမ်းနည်း သလိုလိုကြီး ဖြစ်လာတယ်။ သမီး ဦးညိုဝင်းဆီကို စာတစ်စောင် လောက်ရေးချင်တယ်။'

သူဝမ်းနည်းသလိုလို ဖြစ်မိတယ်ဆိုတာ ဘာကြောင့် လည်း ကျွန်တော်မသိ။ သူ့ဖေဖေ၏ငယ်ဘဝကိုလှမ်းပြီး တွေး လိုက်မိသောကြောင့် ဖြစ်မည်လားမသိ။ ဘာပဲဖြစ်ဖြစ် ပန်းချီကား က စကားပြောနေသည်ဟု ထင်လိုက်မိသည်။

ကျွန်တော့်ကိုတော့ ပိုလို့ ပိုလို့ စကားတွေဆိုနေတတ်ပါ သည်။

***(သရဖူ၊ နိုဝင်ဘာ၊ ၂၀၀၁)***

***(ဆရာကြီး ဦးအောင်သင်း၏ မူရင်းဆောင်းပါး အမည်မှာ'သရက်ထောင်နှင့်မောင်ညိုဝင်း' ဖြစ်ပါသည်။ စာအုပ်အမည်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဆရာ ကြီး၏ခွင့်ပြုချက်အရပြောင်းလဲထားခြင်းဖြစ်ပါသည်။)***

■

# ဦးသိန်းဖေမြင့် နှင့် ကျွန်တော်

''ဆရာ ... ဆရာဦးသိန်းဖေမြင့်က ဆရာ့ကိုတွေ့ချင်လို့ပါတဲ့ဆရာ''

ဆရာမလေးတစ်ယောက်က ကျွန်တော့် အခန်းပေါက်ဝမှ လှမ်းပြောလိုက်ခြင်းဖြစ်ပါသည်။

"အော် အေး...အေး...."

ကျွန်တော့်စကား မဆုံးမီမှာပင် ဆရာဦးသိန်းဖေမြင့်က သူ့ပင်ကိုဟန်အတိုင်း ခပ်ပြုံးပြုံးကြီးနှင့်ဝင်လာပါသည်။

''ကြွပါဆရာ၊ ထိုင်ပါ''

ဆရာဦးသိန်းဖေမြင့် အေးဆေးသက်သာစွာ ထိုင်လိုက်ပါသည်။

ကျွန်တော့်စိတ်ထဲတွင်တော့ ရည်မှန်းချက်တစ်ခု ပေါက်မြောက်အောင်မြင်လိုက်သလို ပီတိဖြစ်သွားပါသည်။

## မိတ်ဟောင်းဆွေဟောင်း

၁၉၅၀–၅၁ လောက်ဆီက ဦးသိန်းဖေမြင့်နှင့် ကျွန်တော် အတော်လေး တွဲခဲ့ရဖူးသေးသည်။ စာပေနယ်ပယ်တွင် မဟုတ်၊ နိုင်ငံရေးနယ်ပယ်တွင်ဖြစ်သည်။ နိုင်ငံရေးနယ်ပယ်တွင်ဟု ဆိုလိုက် သောကြောင့် ကျွန်တော့်ကို ပစ်ပြီးအထင်မကြီး လိုက်ပါလေနှင့်၊ 'ဖျာလိပ်ခွေးမောင်း' လုပ်နေရခြင်းဖြစ်ပါသည်။

၁၉၄၉–၅၀–၅၁ ကာလများတွင် မြန်မာတစ်ပြည်လုံး၌ ပြည်တွင်းသောင်းကျန်းမှုများပြင်းထန်နေချိန်ဖြစ်ပါသည်။ ကျွန်တော့် ဇာတိ တောင်တွင်းကြီးမြို့မှာလည်း သောင်းကျန်းသူများ အပိုင်စီး ထားသောကြောင့် ကိုယ့်ရပ်ကိုယ့်ရွာမပြန်နိုင်ဘဲရန်ကုန်မြို့ရှိ ဗိုလ် ချုပ်အစ်ကို ဦးအောင်သန်းအိမ်တွင် သောင်တင်နေရပါတော့သည်။

ထိုစဉ်က ဦးသိန်းဖေမြင့်က 'အားလုံးကောင်းကြပါ သည်ခင်ဗျား' 'သစ္စာဖောက်တဲ့ဗျား' 'တတိယတန်းမှာ တစ်နေရာ' စသောဝတ္ထုတိုများကို 'ရှုမဝ' တွင်ရေးနေချိန်ဖြစ်ပါသည်။ ကျွန်တော်က သူ့စာတွေကို ကလေးသာသာဘဝကပင် ရင်းနှီး လာခဲ့သောကြောင့် သူ့ကိုအလွန်အထင်ကြီးသည်။ အထက်တွင် ဖော်ပြခဲ့သော ဝတ္ထုတိုတွေကို တစ်ပုဒ်မကျန်ဖတ်ခဲ့မိသည်။ သူ့ စာတွေကိုသာမက သူ့ကိုဝေဖန်ပုတ်ခတ်ထားသော စာတွေကို လည်း တစ်ခုမကျန်ဟုဆိုရလောက်အောင်ပင် ဖတ်ဖြစ်ခဲ့သည်။ ကျွန်တော်ကသူ့ကိုအိမ်လိုက်ပို့ရင်း ကားပေါ်တွင်ထိုထိုသော ဝေဖန် ပုတ်ခတ်စာများအကြောင်းကိုပြောပြတော့ သူက ခပ်အေးအေးပင် ''ခက်တာက သူတို့ကကျွန်တော့်စာ၊ ကျွန်တော့်နိုင်ငံရေးကို ဝေဖန် တာမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေချည်း ဖြစ်နေတယ်။ အဲဒါမျိုးတွေကိုတော့ ကျွန်တော်က ဘာမှပြန်ပြောမနေချင်တော့ ဘူး'' ဟု ပြောပါသည်။ သူကဆက်ပြန်ပါသည်။ ''နောက်ပြီး သူတို့ဝေဖန်တယ်ဆိုတာက မလိုတစ်မျိုး လိုတစ်မျိုးပြောတာမျိုး လည်း ဖြစ်ချင်ဖြစ်နေတာ၊ ဆိုပါစို့ ကိုအောင်သင်းရယ်၊ ကျွန်တော့် အတွေ့အကြုံတစ်ခုကိုပြောပြမယ်။ ဒီတုန်းက နယ်ချဲ့ဆန့်ကျင်ရေး

နိုင်ငံရေးတိုက်ပွဲတွေကလည်း ပြင်းထန်နေချိန်ဆိုတော့ ကျွန်တော်တို့ အလုပ်အမှုဆောင်တွေလည်း ဌာနချုပ်ဘုံရိပ်သာမှာပဲ ထမင်းစားကြရတယ်။ ထမင်းကို ကိုယ်တိုင်သွားယူနေဖို့မလိုပါဘူး၊ ရဲဘော်လေးတွေကပဲလာပြီး စားပွဲအရောက်ပို့ပေးပါတယ်။ ကျွန်တော်က စားပြီးတော့ ကျွန်တော်စားတဲ့ပန်းကန်ကို ပန်းကန်ဆေးတဲ့နေရာ ရောက်အောင် သွားပို့ပေးလိုက်တယ်။ ဝေးလည်း မဝေးပါဘူး၊ ဘာမှလည်း ဝန်မလေးပါဘူး။ အဲဒါကို နံရံကပ်စာစောင်မှာ ဘယ်လိုဝေဖန်သလဲဆိုတော့ 'အတွင်းရေးမှူးတစ်ယောက်ရဲ့အချိန်ဟာ သိပ်ပြီးတန်ဖိုးရှိကြောင်း၊ ပန်းကန်ကို ပြန်ပို့နေခြင်းအားဖြင့် အချိန်ကိုမဖြုန်းသင့်ကြောင်း ဝေဖန်ပြီးရေးတယ်။ ကျွန်တော့်ကိုလိုလားနေတဲ့ အခါပေါ့လေ''

ဦးသိန်းဖေမြင့်က ပြောနေရင်း ပြုံးပါသည်။ ကျွန်တော်ကတော့ ရယ်လိုက်မိပါသည်။ ပြီးမှ ကျွန်တော်က–

''ဆက်ပါဦးဆရာ မလိုတော့တဲ့အခါကျတော့ကော. . .''

ဦးသိန်းဖေမြင့်က ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း–

''နောက်ပိုင်းမှာ ကျွန်တော်နဲ့ နိုင်ငံရေးအယူအဆတွေ ကွဲလွဲလာတော့ ကျွန်တော်က မနက်အိပ်ရာထမှာ သွားပွတ်တန်နဲ့ သွားတိုက်တာကို နံရံကပ်စာစောင်က ဘူဇွာ ဆန်တယ်၊ အရင်းရှင်ဆန်တယ်လို့ ဝေဖန်တယ်ဗျ''

ကျွန်တော် ရယ်လိုက်မိပါသည်။ ဦးသိန်းဖေမြင့်က ပြုံးစစလုပ်လျက်–

''ပါးစပ်သန့်ရှင်းရေး သွားသန့်ရှင်းရေးအတွက် သွားပွတ်တန်ဟာ အကောင်းဆုံးမဟုတ်လား။ ဒီလိုပါပဲ သူတို့ဝေဖန်ရေးဆိုတာတွေက များသောအားဖြင့် စာရဲ့အကြောင်းအရာပေါ်မှာ အကျိုးအကြောင်းကျကျ ပြောတာမျိုးမဟုတ်ဘဲ၊ မလိုတစ်မျိုး လိုတစ်မျိုး လူကိုသက်သက်လာဆဲနေတာမျိုးဖြစ်နေတော့ ပြန်ရေးနေလည်းအပိုပဲ မဟုတ်လား''

ကျွန်တော်က ရယ်မောလိုက်ပြီးနောက်–

''ဦးသိန်းဖေမြင့်ရဲ့ 'တက်ဘုန်းကြီး' ဝတ္ထုကို တုံ့ပြန်လိုက်တဲ့ရွှေမြိုင်ပဏ္ဍိတရဲ့ 'ဘုန်းကြီးယောက်ဖ' ဝတ္ထုတုန်းကလည်း ကျွန်တော်တို့က ခပ်ငယ်ငယ်ဆိုတော့ ဦးသိန်းဖေမြင့် ပြန်ရေးဦးမှာပဲလို့ အောက်မေ့နေခဲ့တာ''

''အေးဗျ၊ ကျွန်တော် ကြားတော့ကြားလိုက်တယ်၊ ဒါပေမယ့် တွေ့တော့မတွေ့လိုက်မိပါဘူး၊ဖတ်လည်းမဖတ်ဖူးဘူး''

ကျွန်တော် အတော်လေးကို အံ့အားသင့် သွားလိုက်မိပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဦးသိန်းဖေမြင့် မုချဖတ်ပြီး ဖြစ်နေရမည်ဟု အောက်မေ့ထားလိုက်ခဲ့မိသောကြောင့်ဖြစ်ပါသည်။ အရေးမလုပ်လောက်သည့်အရာကို တကယ်ကို အရေးမလုပ်ဘဲ နေနိုင်သူပါတကားဟု နောင်သောအခါတွင် နားလည်လာမိပါသည်။

## ဇာတ်ညွှန်းရေးတာလက်ပျက်သတဲ့

ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီက 'ယောက်ျားဂုဏ်ရည်' ဟူသောဇာတ်ကားကို ဦးသိန်းဖေမြင့် ဒါရိုက်တာ လုပ်ပြီး ရိုက်ခဲ့ဖူးသေးသည်ကို သတိရမိသေးသည်နှင့်–

''ဦးသိန်းဖေမြင့် ရုပ်ရှင်ဒါရိုက်တာလည်း လုပ်ခဲ့ဖူးသေးတယ်နော်''

သူကကျွန်တော့်ကို အံ့အားသင့်သွားသယောင် ကြည့်လျက်–

''ဟုတ်တယ်၊ တစ်ကားတည်းပါ၊ 'ယောက်ျားဂုဏ်ရည်' ဆိုတဲ့ကား''

''ဟုတ်တယ်၊ ကျွန်တော်လည်း ကြည့်ခဲ့ဖူးပါတယ်။ ကျွန်တော့် ဦးလေးနဲ့ လိုက်သွားတာ။ ဇာတ်လိုက်မင်းသားက 'ဘချစ်'၊ မင်းသမီးတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ ခင်ခင်ရီထင်တာပဲ။ကျွန်တော်မှတ်မိနေတာတစ်ခုကတော့ မြို့အုပ်အိမ်ရှေ့မှာ လူတွေဆန္ဒပြ ဝိုင်းအော်နေကြတာပဲ။ နောက်ပြီး

ကျွန်တော်ကတော့ သိပ်မကြိုက်ခဲ့ဘူး။ ပျင်းစရာ ကောင်းတယ်လို့ အောက်မေ့ခဲ့မိတယ်။ ကျွန်တော်တို့က ထိုးတာကြိတ်တာတွေကို သာ ကြိုက်တဲ့အရွယ်မဟုတ်လား''

သူကခပ်ယဲ့ယဲ့ ပြုံးလျက်–

''ဟုတ်တယ်၊ကျုပ်ကအတော်လေးစောလွန်းသွားတယ်''

''ဦးသိန်းဖေမြင့် ဇာတ်ညွှန်းလည်း ရေးသေးတယ်နော်။ ကျွန်တော် မှတ်မိသေးတာက 'ရွှေ' ဆိုတဲ့ဇာတ်ကားပဲ။ ဇာတ်လိုက် မင်းသားက'ကျော်အေး' ဆိုတာလောက်ပဲမှတ်မိတော့တယ်''

''ဟုတ်တယ်။ ပိုက်ဆံလိုနေတာနဲ့ ရေးလိုက်တာပါ။ ဇာတ်ညွှန်းရေးတာက လွယ်လွယ်လေးနဲ့ပိုက်ဆံရတယ်။ အခု ကျွန်တော်နေတဲ့အိမ်ဟာ ဇာတ်ညွှန်းနှစ်ပုဒ်ရေးပြီး ဆောက်လိုက် တာပဲ''

ထိုအိမ်ကလေးမှာ သစ်သားခြေတံရှည် အိမ်ကလေး သာဖြစ်ပါသည်။ ယခုအိမ်မဟုတ်သေးပါ။

''ဒါဖြင့် ဦးသိန်းဖေမြင့် ဇာတ်ညွှန်းတွေကိုဘာကြောင့် ဆက်မရေးတာလဲ''

''ပိုက်ဆံရပေမယ့် လက်ပျက်တယ်ဗျ''

ကျွန်တော် နားမလည်လိုက်နိုင်ပါ။ ထို့ကြောင့်–

''ဟုတ်လား ... ဘယ်လိုလက်ပျက်တာလဲ''

''ဒီလိုလေ၊ ကျွန်တော်က ဝတ္ထုရေးချင်တဲ့လူ။ ဝတ္ထုရေး ဆရာအဖြစ်သာ နာမည်လိုချင်တာ။ ဇာတ်ညွှန်းရေး ရတာက သိပ်ကိုလွယ်တယ်။ ဆိုပါစို့ဗျာ 'ဤနေရာတွင် မေရှင်လွမ်း' လို့ ရေးလိုက်ရင်ပြီးတော့တာကိုး။ ဒါရိုက်တာက သူ့ဘာသာသူ ပန်းခြံ ထဲဖြစ်ဖြစ်၊ အိပ်ရာပေါ်ဖြစ်ဖြစ် သင့်သလိုကြည့်လွမ်းသွားတာပဲ။ အဲဒီလိုပဲ ကျွန်တော်က 'ဤနေရာတွင် ဇာတ်လိုက်နှင့် လူကြမ်း တိုက်ခန်း'လို့ရေးလိုက်ရင် ဒါရိုက်တာက သူ့ဘာသာသူ ထိုးကြိတ် သတ်ပုတ်တာတွေကို လုပ်သွားတာပဲ။ ကျွန်တော်ကဘာမှ အသေး စိတ်ရေးနေစရာမလိုတော့ဘူး။ ဝတ္ထုမှာတော့ ဒီလိုလုပ်လို့ မရဘူး

မဟုတ်လား။ လွမ်းတယ်ဆိုရင် စာဖတ်သူကိုယ်တိုင်က ရောပြီး လွမ်းလာအောင်ဖွဲ့ရတယ်။ ဇာတ်ညွှန်းတွေကို ရေးပါများလာတော့ ဝတ္ထုရေးတဲ့အခါမှာ အသက်သာခိုချင်လာတယ်။ လက်ပျက် လာတတ်တယ်။ ဒါကြောင့် ဇာတ်ညွှန်းမရေးတော့တာပဲ''

ထိုစဉ်အခါကပင် ဦးသိန်းဖေမြင့် ပြောပြသည်ကို သဘောပေါက်ခဲ့ပါသည်။ သို့သော် နောင်အခါတွင် နာမည်ကြီး ဝတ္ထုဆရာများ ရုပ်ရှင်ဇာတ်ညွှန်းတွေကိုရေးရင်း ဝတ္ထုရှည် လက်ပျက်လာကြသည်ကို တွေ့ရလာတော့မှ ဦးသိန်းဖေမြင့် ပြောခဲ့ သောစကားကို စိမ့်ပြီးသဘောပေါက်လာပါတော့သည်။ မိမိလမ်း ကြောင်းကိုပြတ်ပြတ်သားသားသိခြင်း၊ ဆင်ခြင်ဆုတ်ခွာတတ်ခြင်း တို့ကြောင့် ဦးသိန်းဖေမြင့်ကို ပိုမိုလေးစားမိလာပါသည်။

ထိုမျှမကသေးပါ။ ဖဆပလအစိုးရကိုလူတွေက စိတ် ပျက်မုန်းတီးနေကြသောအခိုက်တွင် အစိုးရကိုတွယ်လိုက် ပုတ်ခတ် လိုက်သောစာများကို စာဖတ်သူတွေက လက်ခုပ်တီးကြိုဆိုလိုက် ကြသည်သာဖြစ်ပါသည်။ ထိုသို့သောလက်ခုပ် တီးသံကို သာယာ မိသောကြောင့် 'ယားရာတို့သည့်' အလွယ်လမ်းကိုလိုက်ရင်း လက်ပျက်သွားသော ကဗျာဆရာ၊ ဝတ္ထုဆရာများကိုလည်း ကျွန်တော်တွေ့ခဲ့လှပါလေပြီ။

ထိုကဲ့သို့သော'ယားရာတို့သည့်' စာလေးတွေကြောင့် နာမည်ကြီးသည်ထက်ကြီးလာနေသော ဝတ္ထုဆရာမလေး တစ်ယောက်ကိုတော့ ကျွန်တော်က ခင်မင်ရင်းစွဲရှိနေသည်နှင့် 'ဒါမျိုးလေးတွေ ရေးနေတာကို ပရိသတ်ကတော့ သြဘာပေးနေ မှာပဲ။ ဒါပေမယ့် နင်တစ်ခုတော့သတိထားနော်၊ လက်ပျက်တတ် တယ်' ဟု ကျွန်တော်ကပြောလိုက်တော့ သူကပျာပျာသလဲ 'ပျက် တတ်တာမဟုတ်ဘူး၊ ပျက်ကိုနေပြီဆရာရေ့။ တကယ်ပြောနေ တာပါ။ ကျွန်မကိုယ်ကျွန်မသိနေတယ်။ အလွယ်လမ်းမဟုတ်လား ဆရာရဲ့။ ဒီတော့လက်ပျက်တော့တာပေါ့။ ဆရာတစ်ယောက်ပဲ အခုလိုသတိပေးဖူးတယ်' ဟုပြန်ပြောပါသည်။ ကျွန်တော်ကလည်း

'ငါကတော်လွှန်းလို့များထင်မနေလေနဲ့၊ ဦးသိန်းဖေမြင့် သင်ပေး ခဲ့တာ' ဟု အကြောင်းစုံကိုပြန်ပြောခဲ့ရပါသေးသည်။

ဦးသိန်းဖေမြင့်က ရုပ်ရှင်ဇာတ်ညွှန်းအကြောင်းကို ပြော သည်နှင့် ကျွန်တော်က သတိရမိ၍–

''ဦးသိန်းဖေမြင့်ရေးတဲ့ 'လမ်းစပေါ်ပြီ' ဝတ္ထုက ရုပ်ရှင် ရိုက်ဖို့ရေးထားသလိုပဲထင်ရတယ်''

သူက ဘာမျှမပြောဘဲ–

''ခင်ဗျား စာတော်တော်ဖတ်တာပဲ'' ဟုမှတ်ချက်ချလိုက် ပါသည်။ ကျွန်တော်က သူ့ကိုဘာမျှပြန်မပြောလိုက်တော့ပါ။ သို့သော် ကျွန်တော်က ဤမျှအထင်ကြီးနေသူတစ်ယောက်က ကျွန်တော့်ကို ထိုသို့အသိအမှတ်ပြုလိုက်သောအခါ အဘယ်မျှ ပီတိ ဖြစ်သွားမည်ကိုတော့ စာဖတ်သူမှန်းနိုင်လောက်ပါသည်။ သို့သော် ထိုသို့ စာကြောင်းပေကြောင်းပြောပြီး သည်၏နောက် တွင် ကျွန်တော့်ကို 'ဖျာလိပ်ခွေးမောင်း' သဘောမျှသာမက လူ စာရင်းသွင်းလာသည်ကိုတော့ ကျွန်တော် သတိထားမိလာပါသည်။

ပြည်သူ့ငြိမ်းချမ်းရေးတပ်ဦး တည်ရာဌာနချုပ်က ကျောက်မြောင်း၊ ဘိုးလိမ်းလမ်းထဲက ခြေတန်ရှည်အိမ်ကြီးတစ်အိမ် ဆိုတာလောက်ကိုသာ ကျွန်တော်မှတ်မိတော့သည်။ ဘိုးလိမ်းလမ်း က သူပြန်လျှင်ဦးအောင်သန်း၏ ကားကလေးနှင့် လိုက်ပို့ရသည်။ သူ့အိမ်က ဟာမစ်တစ်(မဟာစည်ရိပ်သာလမ်း)ထဲမှာ ရှိသော်လည်း ဂွတ္တလစ်(ဆရာစံလမ်း)ပေါ်မှာပဲဆင်း၍ လမ်းဘေးချောက်ကြီးထဲ ဆင်းပြီး အိမ်နောက်ဘက်က တက်သွားလေ့ရှိသည်။

## ဘုရားကိုးဆူလုပ်တာပေါ့လကွာ

ထိုစဉ်က ဦးအောင်သန်းသွားလေရာ ကျွန်တော်က ပါ နေရသည်။ သည်တော့ ဦးသိန်းဖေမြင့်နှင့်လည်း မကြာခဏ ကြုံ နေရသည်ပေါ့။ ကျွန်တော်က ကားမောင်းရသည်ဆိုသော်လည်း

တစ်ခါတစ်ရံ မလွဲသာမှမောင်းရခြင်းဖြစ်သည်။ ဦးအောင်သန်း၏ ကားဒရိုင်ဘာက ကိုစိန်ဖေဆိုသူဖြစ်သည်။ ကျွန်တော်က ရှေ့ခန်း ဒရိုင်ဘာဘေးကခုံတွင်သာထိုင်လေ့ရှိသည်။ သည့်တော့ ဦးသိန်းဖေမြင့် ကားပေါ်မှာပါလာလျှင် ဦးအောင်သန်းနှင့်သူက နောက်ခန်းမှာ စကားတပြောပြောလိုက်လာတတ်သည်။ တစ်ခါတစ်ရံ သူတို့လူကြီးတွေ အတွေးဝေ့လည်လည်ကြောင်နေသည်ကို ကျွန်တော်ကပဲ တည့်မတ်ပေးလိုက်ရတာလေးကိုလည်းပြောလိုက်ချင်ပါသေးသည်။

တစ်နေ့တွင်တော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း အိမ်သို့သွားကြသည်။ ထိုစဉ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဦးနုအစိုးရကို ဝေဖန် ပြစ်တင်နေသောကြောင့် ဖဆပလအစိုးရက ဆရာကြီးအား ငြိုငြင် နေချိန်ဟု ဆိုနိုင်ပါသည်။သူတို့နှစ်ယောက်နှင့် ဆရာကြီးတို့ ပြည် တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လုပ်ဆောင်ဖွယ်ရာများကို ဆွေးနွေးကြပါသည်။ ကျွန်တော်ကလည်း ဘာရယ်မဟုတ် ဘေး ကဂုတ်တုတ်ကလေးထိုင်ပြီးနားထောင် နေပါသည်။ ပြန်ခါနီးကျ တော့ ဦးအောင်သန်းက ရယ်ကာမောကာနှင့်–

''ဘာပဲပြောပြော ဆရာကြီးကိုတော့ အစိုးရက တစ်လ သုံးရာတော့ ထောက်ပံ့နေသားပဲ ဆရာကြီးရဲ့''

''အေးလကွာ ဘုရားကိုးဆူလုပ်တာပေါ့'' ဟု ပြန်ပြော လိုက်ပါသည်။

သည်လိုနှင့် ပြန်လာလို့အတော်လေးခရီးရောက်တော့မှ ဦးသိန်းဖေမြင့်က–

''ဒီမယ် ဦးအောင်သန်းရေ၊ ဆရာကြီးက ခုနက အစိုးရ ကတစ်လကိုသုံးရာပေးထားကြောင်း ခင်ဗျားက ပြောလိုက်တော့ 'ဘုရားကိုးဆူလုပ်တာပေါ့လကွာ'တဲ့၊ အဲဒါ ဘာကိုဆိုလိုသလဲ မပြောတတ်ဘူး''

"Yes,I noticed it.(အေးဗျ ကျွန်တော်လဲ သတိထား လိုက်မိတယ်) ဆရာကြီးဘာကို ဆိုချင်တယ်မသိဘူး''

ကျွန်တော် ရှေ့ခန်းတွင်ထိုင်နေရင်းက မနေနိုင်တော့ပါ။

ရယ်ဆာရင်း...

''လူတွေ ဘုရားကိုးဆူပူဇော်တယ်ဆိုတာ မကောင်းတဲ့ ကံတွေဘာတွေ ပြေပျောက်အောင်၊ ဂြိုဟ်ပြေနံ့ပြေ ဆိုသလို ဂြိုဟ်ကြီးရှစ်လုံးကိုပင့်ပြီး ဂြိုဟ်စာကျွေးကြတယ်မဟုတ်လား။ ဒါကြောင့် ဆရာကြီးကိုလည်း သူတို့ကို အနှောင့်အယှက် မပေးအောင် ဂြိုဟ်စာကျွေးတဲ့သဘော....''

ထိုအခါကျမှ သူတို့နှစ်ယောက်လုံး ''ဟုတ်ပြီ..ဟုတ်ပြီ' ဟုပြောပြီး ရယ်မောကြပါသည်။

စင်စစ်သူတို့နှစ်ယောက်လုံးမှာ အညာသားများ ဖြစ်ကြ သည်။ သို့သော် အညာဒေသနှင့်လည်း ကင်းကွာခဲ့သည်မှာကြာပြီ။ ထို့အပြင် ဤသို့သော ကိုးကွယ်မှုဆိုင်ရာယဉ်ကျေးမှုများနှင့် ပိုလို့ ကင်းကွာနေခဲ့ကြသည်။ ထို့ကြောင့် ဆရာကြီး၏ ဟာသကို ရုတ် တရက် မလိုက်နိုင်ကြခြင်းဖြစ်သည်။

## အပါးတော်မြဲကောင်းတဲ့

တစ်ခုသောရုံးပိတ်ရက်နေ့တွင် ကျွန်တော်တို့ကား က လေးနှင့် မြို့ထဲကပြန်လာကြသည်။ ထိုစဉ်ကလက်ဝဲမောင်းစနစ်ဖြစ် သည်။ ဗဟန်းအဝိုင်းကြီးကိုကျော်လာတော့ ဗဟန်းသုံးလမ်းဘက် ကလူတစ်ယောက်ထွက်လာသည်။ အသားခပ်ညိုညို၊ ဗန်ကောက် လုံချည်၊ တိုက်ပုံနှင့် သားသားနားနားဖြစ်သည်။ လမ်းကူးရန် စောင့်နေရင်း ကျွန်တော်တို့ ကားလေးကိုမြင်လိုက်တော့ နှုတ်ဆက် လိုက်တော့မည်လိုလို မျက်နှာထားနှင့် ခပ်ပြုံးပြုံး ကြည့်နေစဉ်မှာပင် မော်တော်ကားက လွန်လာခဲ့သည်။ ကျွန်တော်လည်း ထိုသူကို ကောင်းကောင်းသိဖူးပါသည်ဟု အပြေးအလွှား စဉ်းစားမိသည်။

ခဏလေးရှိမှ ခေါင်းထဲတွင် လုစ်ခနဲပေါ်လာသည်။ အတွင်းဝန်ရုံး ဗိုလ်အောင်ကျော်လမ်းဘက်ဂိတ်တွင် တာဝန်ကျ

သော ရဲအရာရှိဖြစ်သည်။ ထိုစဉ်က ပါလီမန်(လွှတ်တော်)ကလည်း အတွင်းဝန်ရုံး(ယခုဝန်ကြီးများရုံး)ထဲတွင် ရှိနေလေတော့ ဦးအောင်သန်း၊ ဦးသိန်းဖေမြင့်တို့မကြာခဏ ဝင်ချည်ထွက်ချည် လုပ်နေသောကြောင့် ထိုရဲအရာရှိက မော်တော်ကားကိုရော လူတွေကိုပါ ကောင်းကောင်းသိနေသည်။ ဦးအောင်သန်းကိုဆိုလျှင် ပါလီမန်အတွင်းဝန် လုပ်ခဲ့ဖူးသောကြောင့် အလေးပြုပြီးနှုတ်ဆက် တတ်ပါသည်။ ဦးအောင်သန်းကလည်း အသိအမှတ်ပြုသောအားဖြင့် လက်ကလေးကိုမျှဖြစ်စေ မြှောက်ပြီးနှုတ်ဆက်ခဲ့တတ်ပါသည်။

ခဏလေးရှိတော့ ဦးသိန်းဖေမြင့်က–

''ခုနက ဗဟန်း ၃ လမ်းဘက်ကထွက်လာတဲ့ လူတစ်ယောက်က ကျွန်တော်တို့ကို ပြုံးပြီးနှုတ်ဆက်နေ သလိုလိုပဲ။ ကျွန်တော်လည်း သူ့ကိုသိနေသလိုလိုပဲဗျ''

''ဟုတ်တယ်၊ ကျွန်တော်လည်းသတိထားလိုက်မိတယ်။ မျက်နှာကိုလည်းသိနေသလိုလိုပဲ''

ကျွန်တော်က ရယ်လိုက်ရင်း–

''အတွင်းဝန်ရုံးဂိတ်က ရဲအရာရှိလေ။ ခါတိုင်းယူနီဖောင်းနဲ့ချည်းမြင်နေရတာမဟုတ်လား၊ ဒီနေ့လုံချည်နဲ့ တိုက်ပုံနဲ့ဆိုတော့ ရုတ်တရက် မမှတ်မိဘူးပေါ့။ ရုံးပိတ်ရက်မှာ အလှူအတန်းတစ်ခုခုကိုသွားမလို့ထင်တယ်''

သူတို့နှစ်ယောက်လုံး ရယ်လိုက်ကြပါသည်။ ဦးသိန်းဖေမြင့်က–

'He can be a good P.A.' ( ဒီလူ အပါးတော်မြဲကောင်း တစ်ယောက်ဖြစ်နိုင်တယ်) ဟုပြောပါသည်။

ထိုစဉ်က P.A. ကို 'အပါးတော်မြဲ' ဟုခေါ်ကြပါသည်။ နောက်မှ 'ကိုယ်ရေးအရာရှိ' ဆိုသောဝေါဟာရတွေ ပေါ်လာခြင်းဖြစ်ပါသည်။

ကျွန်တော်ကတော့ ဦးသိန်းဖေမြင့်ချီးကျူးလိုက်လျှင် သဘောတွေ့နေသည်သာဖြစ်ပါသည်။

## သခင်သန်းထွန်းဘယ်တော့မှအာဏာမရနိုင်ဘူးတဲ့

ဦးအောင်သန်း၏နေအိမ်က ကန်ဘဲ့ ကျောက်ကုန်းလမ်းထဲ တွင်ရှိသည်။ ထိုစဉ်က ကန်ဘဲ့ဆိုသည်မှာ တကယ့် မြို့စွန်ရွာစွန်ဖြစ်လျက် ဆရာအတတ်သင်ကျောင်းရှေ့တွင် လယ်ကွင်းတွေ ရှိနေသေးသည်။ ကျောက်ကုန်းလမ်းကလည်း မြေနီလမ်းကလေးမျှသာဖြစ်သည်။ ထိုမြေနီလမ်းကလေးထဲမှာ အိမ်ခြေလည်း များများမရှိလှ။ ဦးထွန်းစိန်ဆိုသောလူတစ်ယောက်၏ အိမ်လည်း ရှိသည်။ သန့်ပြန့်သားနားစွာနေတတ်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လျက် အသိပညာကျယ်ပြန့်သူ တစ်ယောက်ဖြစ်ကြောင်း သိသာလှသည်။ ဦးသိန်းဖေမြင့်က ဦးအောင်သန်းအိမ်သို့လာရင်း ဦးထွန်းစိန်၏ အိမ်သို့ဝင်တတ်သည်။ ဦးသိန်းဖေမြင့်ကြောင့် ထိုပုဂ္ဂိုလ်၏အမည်မှာ ဦးထွန်းစိန်ဖြစ်ကြောင်း သိလာရခြင်း ဖြစ်ပါသည်။ နောင်သောအခါ သခင်တင်မြ၏ 'ဘုံဘဝမှာဖြင့်' စသော နိုင်ငံရေးလှုပ်ရှားမှုစာအုပ်များဖတ်မိလိုက်တော့မှ သူ့အကြောင်းကို တစ်စွန်းတစ်စသိလာရသည်။ နိုင်ငံခြားက စာအုပ်ကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်ယူထားလျက် ဖက်ဆစ်တော်လှန်ရေး၌ပင်လျှင် ထိုက်သင့်သည့်ကဏ္ဍမှ ပါဝင်ခဲ့ဟန်ရှိပါသည်။

ထို့အပြင် ကျောက်ကုန်းလမ်းထဲ၌ ကန်ဘဲ့ မြူနီစီပယ်ရုံးကလေးရှိသည်။ ဦးသိန်းဖေမြင့်က–

''ကိုအောင်သင်းရေ ဒီနားလေးမှာ မြူနီစီပယ်ရုံးကလေး တစ်ခုရှိတယ်၊ ကျွန်တော့်ကိုလိုက်ပို့စမ်းပါ။ အဲဒီမှာ ကျွန်တော့် မိတ်ဆွေတစ်ယောက်ရှိတယ်''

ထိုရုံးကလေးက မဝေးလှပါ။ သို့နှင့် ကျွန်တော်နှင့်ဆရာ ဦးသိန်းဖေမြင့် နှစ်ယောက်သား မြေနီလမ်းကလေးအတိုင်း လမ်းလျှောက်လာခဲ့ကြသည်။ ထိုအချိန်က 'ဗမာပြည်ကွန်မြူနစ်ပါတီ' (သခင်သန်းထွန်း)က ဦးသိန်းဖေမြင့်ကို ပါတီသစ္စာဖောက်အဖြစ် 'တွေ့ရာသင်္ချိုင်းဓါးမဆိုင်း' သေဒဏ်ချမှတ်ထားသည်ကို လူတိုင်း

သိနေကြပါသည်။ ထို့ကြောင့် ကျွန်တော်က ပါးစပ်ဆော့ပြီး–

''တကယ်လို့သာ သခင်သန်းထွန်းတို့ အာဏာရသွားလိုက်မယ်ဆိုရင်ဆရာဦးသိန်းဖေမြင့် ဒီမှာနေဖို့မလွယ်တော့ဘူးပေါ့နော်။ တစ်ခြားကိုသွားရတော့မှာပဲ''

ဦးသိန်းဖေမြင့်က ခပ်ပြတ်ပြတ် လေသံနှင့်–

''ကျွန်တော်လည်းဘယ်မှသွားနေစရာမလိုပါဘူး၊ သခင်သန်းထွန်းလည်းဘယ်တော့မှ အာဏာရမှာမဟုတ်ပါဘူး''

သူ့အသံမှာ စိတ်ချလက်ချခပ်တင်းတင်း ပြောလိုက်သော လေသံမျိုးဖြစ်နေကြောင်း ကျွန်တော်သတိထားလိုက်မိသည်။ ခဏလောက်ကြာမှ ဆက်၍–

''ကျွန်တော် သခင်သန်းထွန်းအကြောင်းကို ကောင်းကောင်းကြီးသိတယ်။ သူဘယ်တော့မှအာဏာမရနိုင်ဘူး''

ကျွန်တော်က ဘာမျှပြန်မပြောလိုက်ပါ။ စိတ်ထဲမှာတော့ အတော်လေးကို အံ့အားသင့်သွားမိပါသည်။ ဟုတ်ပါပေလိမ့်မည်။ သူတို့ချင်းကတော့ အနီးကပ်တွဲဖက်လုပ်ကိုင်နေကြရသည်မို့ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းကြီး သိနေကြပေမှာပေါ့လေ ဟုစိတ်ထဲကပဲတွေးလိုက်မိပါသည်။

ထိုနောက်ကျွန်တော်က စကားလမ်းကြောင်းလွှဲလျက်–

''ကျွန်တော် အင်္ဂလိပ်စာကို ကောင်းကောင်းဖတ်နိုင်ချင်တယ်။ ဦးသိန်းဖေမြင့်တို့လိုပေါ့။ အဲဒါ ဘယ်လိုလုပ်ရမလဲ''

''ဘယ်လိုမှ အထူးလုပ်နေစရာမလိုပါဘူး။ ခင်ဗျား အခုအနေလောက်တတ်နေပြီဆိုမှဖြင့် ဆက်ပြီးဖတ်နိုင် သလောက်ဖတ်သွားရုံနဲ့ ထိုက်သင့်သလောက် ကျွမ်းသွားကြတာပါပဲ ကျွန်တော်တို့လည်း ဒီလိုပဲလုပ်ခဲ့ရတာပါပဲ''

လမ်းလျှောက်နေရင်း ခဏလေးကြာတော့ သတိရလိုက်ဟန်နှင့်–

''စာဖတ်တာကိုစကားစလိုက်တာကြောင့် ကိုအောင်သင်းကို တာဝန်ပေးချင်သေးတယ်''

''ပြောပါ ဦးသိန်းဖေ''

''ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ဌာနချုပ်မှာ သတင်းစာတွေ အတော်များများလေးကိုရောက်တယ်။ ကျွန်တော်တို့က တစ်ခြားတာဝန်တွေကြောင့် ဘယ်သူမှသတင်းစာတွေကို စုံအောင်မဖတ်နိုင်ကြဘူး။ အဲဒါ . . ကိုအောင်သင်းက သတင်းစာတွေကိုတာဝန်ယူပြီးဖတ်စေချင်ပါတယ်။ ကျွန်တော်တို့ သိသင့်သိထိုက်တာလေးတွေကို လိုင်းတားပေးလိုက်ရင် သတင်းစာကို ကောက်လှန်လိုက်တော့ ကျွန်တော်တို့ အလွယ်တကူ သတိထားမိနိုင်တာပေါ့''

''ဟုတ်ကဲ့ ကျွန်တော်လုပ်ပေးပါ့မယ်''

## ကျွန်တော် လက်သီးနဲ့ထိုးမိလိမ့်မယ်

ပြည်သူ့ငြိမ်းချမ်းရေး တပ်ဦးဌာနချုပ်သို့ နေ့စဉ် သတင်းစာဆယ်စောင်လောက်တော့ရောက်ပါသည်။ မြန်မာ သတင်းစာများသာမက အင်္ဂလိပ်သတင်းစာလည်း သုံးလေးစောင်လောက်တော့ရောက်ပါသည်။ ကျွန်တော် မှတ်မိနေသေးသော အင်္ဂလိပ်သတင်းစာများမှာ The Burman, The New Times Of Burma, The Nation တို့ဖြစ်ပါသည်။ သတင်းစာအများစုမှာ သတင်းစာတိုက်များက လက်ဆောင်ပေးကြခြင်းဖြစ်ပါသည်။ တစ်နေ့တွင်တော့ဖြင့် အစည်းအဝေးကြောင့်တော့မဟုတ်၊ ဘာကြောင့်မှန်းမသိ အမှုဆောင်အဖွဲ့ဝင်တွေ အတော်လေးစုံစုံလင်လင် ရောက်ရှိနေကြသည်။ အကြောင်းအရာလည်း ထွေရာလေးပါး ပြောနေကြသည်။ သခင်ထွန်းအုပ်က သာမန်အားဖြင့် အရေးကြီးသော အစည်းအဝေးမရှိလျှင် ရောက်ခဲလှပါသည်။ ထိုနေ့ကတော့ သခင်ထွန်းအုပ်ကလည်း ရောက်နေသည်။ သခင်ထွန်းအုပ်နှင့် ဦးသိန်းဖေမြင့်တို့က ဆက်တီကုလားထိုင်တစ်ခုပေါ်တွင် တွဲထိုင်နေကြသည်။ စင်စစ်သူတို့နှစ်ယောက်က တစ်ယောက်နှင့်တစ်

ယောက် ဘယ်တော့မှစကားမပြောကြ။ သူတို့ချင်း နိုင်ငံရေး အယူအဆတွင် တောင်နှင့်မြောက်ဟု ဆိုရလောက်အောင် ကွာခြားကြသည်။ ဟိုး ... တို့ဗမာအစည်းအရုံးကတည်းက ကွဲခဲ့ပြီးသား ဖြစ်သည်။ ယခုမှ ဦးနုအစိုးရကိုဆန့်ကျင်သောအားဖြင့် မိတ်ပြီး ယာယီပေါင်းစည်းနေခြင်းဖြစ်သည်။

ဘခင်ထွန်းအုပ်ကလည်း သတင်းစာတစ်စောင်ကို ဖတ်နေသည်။ ဦးသိန်းဖေမြင့်ကလည်း ထို့အတူ။

ကျွန်တော်က ငယ်လည်းငယ်သေးတော့ 'အာချောင်' လိုက်ပုံကိုပြောရဦးမည်။

ကျွန်တော်ဖတ်နေသည်က 'နေးရှင်း' အင်္ဂလိပ် သတင်းစာအတွင်းဘက်တွင် ဓာတ်ပုံသတင်းတစ်ခုပါလာသည်။ ဓာတ်ပုံ အောက်တွင်ရေးထားသည်က ''ရုရှားမှထွက်ပြေးလာသော လူအချို့ကို အိန္ဒိယပြည် ပူနားမြို့တွင် အိန္ဒိယအစိုးရက စောင့်ရှောက်ထားရပုံ'' ဟူသော စာသားမျိုးဖြစ်သည်။ ကျွန်တော် ကိုယ်တိုင်လည်း ထိုစဉ်က ဆိုဗီယက်ရုရှားကို အလွန်အထင်ကြီးခဲ့ပါသည်။ ထို့ကြောင့် သူတို့ဘာကြောင့် အိန္ဒိယလိုဆင်းရဲတဲ့နိုင်ငံထဲကို ပြေးလာရသလဲ နားမလည်နိုင်ပါ။ နားမလည်နိုင်လည်း ကိုယ့်ဘာသာကိုယ်နေလိုက်ပေါ့။ ကျွန်တော်ကထိုသို့မဟုတ် ပါးစပ်ဆော့၍ ထိုစာတမ်းကိုဖတ်ပြလိုက်ပါသည်။ သည့်မျှသာမဟုတ်သေး ''ဘာပြုလို့ထွက်ပြေးလာကြတယ်မသိဘူးနော်'' ဟု ပြောလိုက်မိသည်။

ဒီတော့ သခင်ထွန်းအုပ်က–

''ခွေးတပ်ဆွဲလို့ ဖြစ်မှာပေါ့ဗျာ'' ဟုခပ်တည်တည်ကြီး ပြောချလိုက်ပါသည်။

ကျွန်တော်က ဦးသိန်းဖေမြင့်၏ မျက်နှာကို ကွက်ခနဲ လှမ်းပြီးကြည့်လိုက်မိပါသည်။ ဦးသိန်းဖေမြင့်ကတော့ ဘာမျှ ဂရုမပြုမိသလို ခပ်တည်တည်ပါပဲ။

အတော်ကလေးကြာတော့မှ ဦးသိန်းဖေမြင့်က

''ကိုအောင်သင်းရေ ... ကျွန်တော့်ကိုလိုက်ပို့ပါဦးဗျာ၊

အိမ်မှာချိန်းထားတာကလေးရှိနေလို့''

သို့နှင့် ကျွန်တော်လည်း သူ့ကိုလိုက်ပို့ပါသည်။ သူက နောက်ခန်းထဲမှာထိုင်ပြီး ငြိမ်လိုက်လာပါသည်။ အတော်လေးကြာတော့မှ

''ကိုအောင်သင်း ကြားလိုက်တယ်မဟုတ်လား၊ ကျွန်တော် တစ်နေ့နေ့တော့ ဒီလူကြီးကို လက်သီးနဲ့ထိုးမိလိမ့်မယ်'' ဟု ဒေါသဖြစ်စွာပြောပါသည်။

အမှန်ပြောရလျှင် ကျွန်တော် အလွန်ကိုရယ်ချင်မိပါသည်။ မရယ်မိအောင်လည်း မနည်းထိန်းထားရပါသည်။

ညနေ အိမ်ပြန်ရောက်လို့ ဦးအောင်သန်းကိုပြောပြလိုက်တော့ သူက ဟက်ဟက်ပက်ပက် ရယ်ပါသည်။ပြီးမှ–

''မင်းကလည်းမင်းပဲ၊ ဒါမျိုးကို သူတို့ရှေ့မှာသွားပြီး လျှာရှည်တာကိုးကွ''

''ဟာ. . . သခင်ထွန်းအုပ်ကလည်း ဒီလောက်ထိအောင် ပြောလိမ့်မယ်လို့ဘယ်ထင်မလဲ၊ နောက်ပြီး ဦးသိန်းဖေမြင့်ကလည်း ဒီလောက်ထိအောင် စိတ်ဆိုးလိမ့်မယ်လို့ ဘယ်ထင်မလဲ၊ ကျွန်တော်က တကယ်ကို မစဉ်းစားတတ်လို့ မေးလိုက်မိတာပါ၊ သူတို့ကို မေးတာရယ်လို့လဲ မေးလိုက်တာမဟုတ်ပါဘူး''

ထိုအခါ ဦးအောင်သန်းက ကျွန်တော်၏ အူကြောင်ကြောင် အမူအရာကိုကြည့်ပြီး ရယ်ပြန်ပါလေသည်။

နောင်သောအခါ အတော်ကြီးကိုကြာမှ ကျွန်တော် စဉ်းစားမိသည်က ဦးသိန်းဖေမြင့်သည် အလွန်ကိုအရေထူသောသူ ဖြစ်သည်။ သခင်ထွန်းအုပ်က သူရှိနေသောကြောင့် တမင်ကို ပြောလိုက်သည်ထင်၍ စိတ်ဆိုးသွားဟန်တူပါသည်။ သခင်ထွန်းအုပ်ကလည်း သူရှိနေသောကြောင့် တမင်ကိုပြောလိုက်ဟန်တူသည်။

ကျွန်တော် ဤသို့ကောက်ချက်ချလိုက်သည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ သခင်ထွန်းအုပ်အကြောင်းကို ကျွန်တော်

ထိုက်သင့်သလောက် သိနေသောကြောင့်ဖြစ်ပါသည်။ သိနေရပုံက သည်လိုပါ။

သခင်ထွန်းအုပ်၏ဇနီးသည်က ဒေါ်ခင်တုတ် တဲ့။ သူ့က ဦးအောင်သန်း၏ဇနီး ဒေါ်ခင်နု၏ အစ်မကြီးအရင်းခေါက်ခေါက် ဖြစ်ရာ ဦးအောင်သန်းနှင့် သခင်ထွန်းအုပ် မယားညီအစ်ကို တော်သည်ဟုဆိုရပါမည်။ ဒေါ်ခင်တုတ်ကို ကျွန်တော်က မမလေးဟု ခေါ်သည်။ တောင်တွင်းကြီးတွင် နေစဉ်ကပင် မမလေးက ကျွန်တော့်ကိုတူအရင်းလို ချစ်ခင်ခဲ့သည်။ ချစ်ခင်ခဲ့သည်ဟုဆိုခြင်းထက် စောင့်ရှောက်ခဲ့သည်ဟုပင် ဆိုသင့်ပါသည်။

သခင်ထွန်းအုပ်နှင့် ဒေါ်ခင်တုတ်တို့နှစ်ယောက်ကို ဘေးဘီအသိုင်းအဝန်းက ဝိုင်းဝန်းတိုက်တွန်းကြပြီး နှစ်ဦးသားဇာတာကို တိုက်ကြည့်ကြသောအခါ ဗေဒင်ဟောချက်ထွက်လိုက်ပုံက ''ဒီလူပျိုကြီးနဲ့ အပျိုကြီးဇာတာတွေက တစ်ယောက်ကို တစ်ယောက်စောင့်နေကြတဲ့အတိုင်းပါပဲ''ဟုဟောလိုက်သည်ဆိုပဲ။ ကျွန်တော်က မမလေးကို ''မမလေး ဟုတ်လား၊ သခင်ထွန်းအုပ်ကို စောင့်နေခဲ့တာလား''ဟု ရယ်မောမေးလိုက်သောအခါ မမလေးက ရှက်ရယ်ရယ်လျက်'' တော်စမ်းပါ မောင်အောင်သင်း ရယ်၊ သူတို့ဘာသာ စိုင်းပြင်းနေကြတာပါ၊ အဲဒီအထဲမှာ မင့်မမနုလဲပါတာပဲ''ဟု ပြောပါသည်။ ဦးအောင်သန်း၏ဇနီး ဒေါ်ခင်နုကို ကျွန်တော်က မမနုဟုခေါ်ပါသည်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားကြီးဖြစ်တော့လည်း စားအိမ်သောက်အိမ်လို သူတို့အိမ်သို့ မကြာခဏရောက်သည်။ ထို့ကြောင့် သခင်ထွန်းအုပ်၏ စိတ်နေသဘောထားကို ကျွန်တော်က ထိုက်သင့်သလောက် သိလာခဲ့ရသည်။ စိတ်ရင်းအလွန်ဖြောင့်မတ်ရိုးသားသည်။ သို့သော် စိတ်မထင်လျှင်မထင်သလို ပြောချင်တာ ပြောပစ်လိုက်တတ်သည်။ ပြီးလျှင်လည်း ပြီးသွားတတ်သည် ဘာမျှမဟုတ်တော့။ အကြောင်းကိုသိလျှင် အလွန်ချစ်စရာ ကောင်းသော လူရိုးကြီးတစ်ယောက်ဟုဆိုနိုင်သည်။ ကျွန်တော် သူ့ကို

ဤသို့ သိနေသောကြောင့် ဦးသိန်းဖေမြင့် ရှေ့မှာမို့ တမင်ပြော လိုက်သည်ဟု ကျွန်တော် ကောက်ချက်ဆွဲလိုက်မိခြင်းဖြစ်ပါသည်။

တကယ်ဆိုတော့ သူတို့နှစ်ယောက်လုံးမှာ ကျွန်တော်၏'ဟီးရိုး'တွေဖြစ်သည်။ 'ကျွန်ုပ်၏စွန့်စားခန်းများ' စာအုပ်ကြောင့် သခင်ထွန်းအုပ်မှာ ကျွန်တော်၏ ဟီးရိုးဖြစ်လာခဲ့ရသည်။ ထို့ထက် စောသည့်ကာလကို နောက်ကြောင်း ပြန်လိုက်ချင်ပါသေးသည်။ ကျွန်တော့်ဖခင်က တောင်တွင်းကြီး တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်ညီမောင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အိမ်တွင် တို့ဗမာအစည်းအရုံးက ထုတ်ဝေသော 'ကြွေးကြော်သံ' 'စနေနဂါးနီ' စသောစာစောင်တွေ၊ ဂျာနယ်တွေမှာ ကျွန်တော့်မျက်စိအောက် ရောက်နေခဲ့သည်။ သည်တော့ ကလေးသာသာအရွယ်ပင် ဖြစ်သော်လည်း ဟိုလှန်ဒီလှန်တော့ဖြင့်ကောက်ဖတ်မိသည်။သခင်ထွန်းအုပ်ကို အင်္ဂလိပ်အစိုးရကဖမ်းလိုက်သည်။ ထိုသို့ ဖမ်းလိုက်ရာတွင် သခင်ထွန်းအုပ်က ကြေငြာချက်တစ်ခုကိုထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်ကို စာစောင်တစ်ခုတွင်ဖတ်လိုက်ရဖူးသည်ကို ယနေ့ထက်တိုင်စွဲနေသည်။ လုံးစေ့ပတ်စေ့ ထပ်တူမဖြစ်လျှင်တောင် ဤအဓိပ္ပာယ်ရှိကြောင်း ကျွန်တော် အာမခံပါသည်။ သူ၏ ကြေငြာချက်ကိုဖတ်ကြည့်စမ်းပါ။ '*ယခု အင်္ဂလိပ်အစိုးရက ကျွန်ုပ်ကိုဖမ်းဆီးလိုက်သည်။ ကျွန်ုပ်မှာဘာအပြစ်မျှမရှိ။ သို့သော် ကျွန်ုပ်သည် ကိုယ့်အမျိုးကိုချစ်သည်။ ထိုကဲ့သို့ အမျိုးချစ်သည်ကို အပြစ်ဟုဆိုလျှင် ကျွန်ုပ်မှာကြီးစွာသော အပြစ်ရှိကြောင်း ကျွန်ုပ်ဝန်ခံပါသည်*'တဲ့။ ဘယ်လောက်ကောင်းလိုက်တဲ့ ရဲရဲတောက်ကြေငြာစာတမ်းလဲ။ ငယ်ငယ်ကဖတ်ခဲ့မိတာကို ခုထက်ထိစွဲနေတာကိုသာ ချင့်ပါရော့။ ထိုနောက် ရဲဘော်သုံးကျိပ်ခေါင်းဆောင်အဖြစ် ပြန်ရောက်လာတော့ 'ကျွန်ုပ်၏စွန့်စားခန်းများ' ကို ဖတ်လိုက်ရပြန်သောအခါ ကျွန်တော့်ဟီးရိုး လုံးလုံးဖြစ်သွားပါလေတော့သည်။

ထို့အတူ ဦးသိန်းဖေမြင့်ကိုလည်း ငယ်စဉ်ကပင်စွဲလန်းခဲ့ရသည်။ 'တက်ဘုန်းကြီး'ဝတ္ထုကြောင့် ဦးသိန်းဖေမြင့် နာမည်

ကြီးခဲ့သည်မှာမှန်ပါသည်။ သို့သော် ကျွန်တော့်ငယ်စွဲကို ပြောစမ်းပါဆိုလျှင် 'တက်ခေတ်နတ်ဆိုး' ကိုသာပြောရပါတော့မည်။ယခုထက်တိုင်အချို့စာပိုဒ်ကလေးများကို အလွတ်ရနေပါသေးသည်။ ထိုကဲ့သို့စွဲလန်းခဲ့ရင်းတွင် သူ၏ 'စစ်အတွင်းခရီးသည်' 'မဟာမိတ်နှင့်ဗမာ့တမန်' တို့ကိုဖတ်လိုက်ရသောအခါ ကျွန်တော့်ဟီးရိုးကြီးလုံးလုံး ဖြစ်လာရပြန်ပါတော့သည်။

ကျွန်တော်၏ဟီးရိုးကြီးနှစ်ယောက်မှာ ကျွန်တော်ပါးစပ်ဆော့မှုကြောင့် ကသိကအောက်ဖြစ်ခဲ့ရသည်ကို ယခုပြန်ပြီးတွေးလိုက်မိတော့ ရယ်ချင်မိသည်အမှန်ပါ။

ယခု ကျွန်တော်သည် စာတွေကိုရေးနေရင်း သူတို့ကိုလွမ်းနေမိသည်။ အနှစ် ၅၀ လောက်ကြာခဲ့ပေပြီပဲ။

## သူက မမှတ်မိတော့ပြီ

၁၉၅၀ (အောက်တိုဘာလောက်မှာထင်သည်) တောင်တွင်းကြီးမြို့ကို အစိုးရတပ်များက ပြန်လည်သိမ်းပိုက်သည်။ ၁၉၅၁ ခု ဩဂုတ်လထဲရောက်တော့ ကျွန်တော်တောင်တွင်းကြီးသို့ ပြန်သည်။ ပညာရေးကို ဆက်ချင်သေးသောကြောင့်ဖြစ်သည်။ ထိုစဉ်အခါက ၁၀ တန်းနှင့် တက္ကသိုလ်ဝင်တန်းကိုပေါင်းပြီး စာမေးပွဲဖြေကြရသည်။ မည်သူမဆိုဖြေခွင့်ရှိသည်။ နောက်ပိုင်းရောက်မှ ခုနစ်တန်းအောင်လက်မှတ်တင်ပြရမည် ဆိုတာတွေ ပေါ်လာခဲ့ခြင်းဖြစ်သည်။ စစ်ကြီးအတွင်းတွင် ပညာတတ်အလုပ်သမားများ သေသူသေကြ၊ အရွယ်လွန်သွားသူတွေလည်းရှိကြသောကြောင့် စစ်ကြီးပြီးစတွင် ပညာတတ်အလုပ်သမားများ တွင်တွင်ကြီး မွေးထုတ်နိုင်ရန် ဤသို့စီမံခဲ့ခြင်းဖြစ်ပါလိမ့်မည်။

တိုတိုပြောလိုက်ပါတော့မည်။ ကျွန်တော် ၁၀ တန်းကို လွယ်လွယ်ကူကူပင်အောင်မြင်လာခဲ့သည်။ ထိုနောက် တောင်တွင်းကြီးမြို့ မိုးထိအလယ်တန်းကျောင်းတွင် အလယ်တန်းပြဆရာအဖြစ်

သုံးနှစ်လောက်ဝင်လုပ်ခဲ့ရသေးသည်။ ထိုနောက် မကွေး ကောလိပ်က (I.A.) ဥပစာတန်းအောင်ပြီး (B.A.) ဝိဇ္ဇာတန်း တက်ဖို့ ရန်ကုန်တက္ကသိုလ်သို့ ၁၉၅၈ တွင် ရောက်လာခဲ့သည်။

၁၉၅၉လောက်တွင်ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင်'ဉာဏ်ကြီးရှင်ဖြေဆိုပွဲ' တစ်ခုကိုကျင်းပသည်။ 'ဉာဏ် ကြီးရှင်ဖြေဆိုပွဲ' အကြောင်းကို ယခုခေတ်လူငယ်များ 'နားစိမ်း' နေလောက်ပြီထင်မိသောကြောင့် အမြွက်မျှပြောလိုက်ရပါဦးမည်။ ပညာအားဖြင့်(အထူးသဖြင့်စာပေနယ်တွင်) လူသိများသော ပုဂ္ဂိုလ် ကျော်များကိုပင့်ဖိတ်ပြီး သိလိုရာရာ မေးခွန်းများကို မေးတတ်ကြ ပါသည်။ မေးခွန်းများမှာ အလေးအနက်တွေလည်းပါသည်။ ပေါ့ပေါ့ပါးပါး ရယ်စရာမောစရာတွေလည်းပါတတ်သည်။ ကျောင်း သားပရိသတ် အလွန်စိတ်ဝင်စားကြသောပွဲဖြစ်ပါသည်။

ထိုညက ပါဝင်သော 'ဉာဏ်ကြီးရှင်'များမှာ ၆ ယောက် လောက်ရှိမည်ထင်သည်။ သို့သော် ကျွန်တော်မှတ်မိသမျှမှာ ဦးသိန်းဖေမြင့်၊ ဆရာမောင်ထင်၊ ဆရာကြီးဦးရန်အောင်နှင့် ဗိုလ်ဗကို တို့ ဖြစ်သည်။ ကျန်တာတွေကိုတော့ မမှတ်မိတော့ပါ။ (နှစ်ပေါင်းကလည်း ၄၀ ကျော်ခဲ့ပါပြီ)

အမေးအဖြေတွေကို မှတ်မိသလောက် ပြောလိုက်ရ ပါဦးမည်။

ဆရာမောင်ထင်ကိုမေးလိုက်သော မေးခွန်းက ''ဆရာ *ခင်ဗျား။ ကျွန်တော်တို့ ဘီအေ၊ ဘီအက်စ် ဘွဲ့ရသော သူများသည် မည်သည့်အချိန်အခါလောက်တွင် ဆိုက်ကားနင်းရမည်ဟု မှန်းဆ မိပါသလဲခင်ဗျား''* တဲ့။

အခမ်းအနားမှူးက ထိုမေးခွန်းကိုဖတ်ပြလိုက်သည်နှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုလုံး အုန်းခနဲပွဲကျသွားပါသည်။ ဆရာ ဦးထင်ဖတ်ဖြေလိုက်ပုံကိုလည်း မှတ်မိသမျှ အကျဉ်းချုပ်ပြီး ပြော လိုက်ရပါဦးမည်။

''ကျုပ်ကတော့ ခင်ဗျားတို့ ဘီအေ ဘီအက်စ်တွေ

ဆိုက်ကားနင်းရမယ့်ခေတ်ကို မကြာခင်ရောက်တော့မယ် ထင်တာပဲ။ (ဝါးခနဲပွဲကျသွားပြန်ပါသည်) ကျုပ်ကတော့ မြန်မြန်ရောက်စေချင်လှပြီ။ (ရယ်ကြပြန်ပါသည်) ဘာကြောင့်လဲ ဆိုတော့ မောင်တို့က ပညာတတ်တွေမဟုတ်လား၊ ဒီတော့ ဉာဏ်ထုတ်လာကြလိမ့်မယ်။ ဆိုက်ကားကို သက်သက်သာသာနဲ့ နင်းလို့ရအောင်၊ ခရီးတွင်အောင်၊ ဆိုက်ကားစီးတဲ့သူသက်သာအောင် စဉ်းစားတီထွင်လာကြလိမ့်မယ်။ ပညာအခြေခံကောင်းကောင်းရထားတဲ့သူဟာ ဘာအလုပ်ကိုလုပ်ရသည်ဖြစ်စေ အဲဒီလုပ်ငန်းကိုပိုပြီး တိုးတက်လာအောင်၊ ကောင်းသည်ထက်ကောင်းလာအောင် လုပ်နိုင်ကြတာချည်းပါပဲ။ ဒီတော့ ကိုရင်တို့က ကျောင်းနေခိုက်မှာ ပညာအခြေခံတွေကို အစွမ်းကုန်ရနိုင်အောင်ကြိုးစားကြစမ်းပါ။ ခုတလော ဆိုက်ကားစီးရတာ ခါးနာလွန်းလို့ မောင်ရင်တို့ဆိုက်ကားခေတ်ကို မြန်မြန်ရောက်အောင် လုပ်ကြစမ်းပါလို့တိုက်တွန်းခဲ့ပါတယ်။ (ရယ်သံရော လက်ခုပ်သံပါ ဟည်းသွားပါသည်)

*(ဆရာဦးထင်ဖတ်ပင်လျှင် မေ့နေလောက်ပါပြီ။ ယခု ဤစာကိုဖတ်မိလျှင်တော့ သတိရမိမည်ထင်သည်။)*

ဆရာကြီးဦးရန်အောင်ကို မေးသည့်မေးခွန်းကတော့ တစ်ဘာသာဖြစ်သည်။ ကြည့်ပါဦး–

*''ဆရာကြီးခင်ဗျား၊ ယောက်ျားတွေက သပ်သပ်၊ မိန်းမတွေကသပ်သပ် ခွဲထားပြီးအလယ်မှာ အုတ်နံရံကြီးခြားထား လိုက်မယ်ဆိုရင် ဘယ်သူတွေကစပြီး ဒီအုတ်နံရံကြီးကိုဖြိုမယ် ထင်ပါသလဲခင်ဗျား''* တဲ့။

ကျောင်းသားတွေ အဘယ်မျှပွဲကျသွားမည်ကို စာဖတ်သူမှန်းဆနိုင်လောက်ပါသည်။ ထိုကဲ့သို့တဝေါဝေါရယ် လိုက်ကြသော်လည်း ဆရာကြီးဦးရန်အောင် မည်သို့ဖြေမည်ကို သိလိုသောကြောင့် ချက်ချင်းပြန်ငြိမ်ကျသွားသည်ကိုလည်း ကျွန်တော်သတိရမိပါသေးသည်။ သတိရနေခဲ့မိသည့်အကြောင်းက ကျွန်တော်လည်း ပရိသတ်ထဲက တစ်ယောက် ဖြစ်နေခဲ့သည်ကိုး။

ဆရာကြီးဖြေပုံကိုကျွန်တော်မှတ်မိသမျှ အကျဉ်းချုပ်ပြောပါဦးမည်။

''ယောကျ်ားတွေကသပ်သပ်. . . နောက်ပြီးမိန်းမတွေကသပ်သပ်၊ အင်း . . . ပြီးတော့မှ အလယ်မှာအုတ်နံရံခြားထားလိုက်ရင်. . . အင်း. . . ဘယ်သူတွေကစပြီး ဒီနံရံကိုဖြိုမလဲ. . . (ဆရာကြီး၏စဉ်စားနေပုံ အမူအရာကိုကြည့်ပြီး တခွိခွိဖြစ်နေကြပါပြီ) အေး ငါထင်တာကတော့ ငါတို့ယောကျ်ားတွေကစပြီးဖြိုမှာပဲကွ''

မိန်းကလေးတွေက ဝေါခနဲလက်ခုပ်တီးကြပါသည်။ ဆရာကြီးက ဆက်ပြန်ပါသည်။

''ဘာကြောင့်ဖြိုမလဲဆိုတော့. . .'' ခဏဆိုင်းထားလိုက်ပြန်ပါသည်။ ဘာပြောမလဲစောင့်ရင်း တခွိခွိရယ်ကြပြန်ပါသည်။

''ဘာကြောင့် ဖြိုမလဲဆိုတော့ မဖြိုရင်ဖြိုအောင် နံရံဟိုဘက်ကမိန်းမတွေက အော်ပြီးအားပေးကြမှာကိုးကွ''

ဒီတစ်ချီမှာတော့ ယောကျ်ားလေးတွေ၏ လက်ခုပ်သံများရယ်သံများဖြစ်သွားပြန်ပါလေသည်။

ဆရာဦးသိန်းဖေဖြင့်သည် သူ့ပင်ကိုအားဖြင့် ဟာသစကားပြောတတ်သည်မဟုတ်။ သို့သော် ဟာသကိုတော့ ချစ်တတ်သည်။ ဆရာမောင်ထင်တို့၊ ဆရာကြီးဦးရန်အောင်တို့ တဝါးဝါးပွဲကျနေသည်ကိုတွေ့သောအခါ သူကလည်း နောက်ဘက်ကမျက်မှန်တဝင်းဝင်းနှင့် နှစ်ခြိုက်စွာရယ်မောနေသည်ကို သတိပြုမိပါသည်။

ဗိုလ်ဗကို အကြောင်းကိုပြောလိုက်ရဦးမည်။ 'လူထုအောင်သံ' ရုပ်ရှင်ကားနှင့် နာမည်ကြီးလာသော ဗိုလ်ဗကိုသည် ထိုအချိန်၌အောင်မြင်ကျော်ကြားသော မင်းသားတစ်လက် ဖြစ်နေပါလေပြီ။ သူ့ကိုမေးလိုက်သော မေးခွန်းကိုဖြင့် ကျွန်တော် မမှတ်မိတော့ပါလေပြီ။ သို့သော် ဖြစ်ရပ်တစ်ခုကိုတော့ ကောင်းကောင်းကြီးမှတ်မိနေပါသည်။

ရုပ်ရှင်သရုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ဗကိုက

ပိပိပြင်ပြင်ရှင်းပြပါသည်။ ထိုနောက်သရုပ်ဆောင်သူ၏ အားထုတ်ရမှုကို ဟန်အမူအရာရော အသံအနေအထားကိုပါ သရုပ်ဆောင်ပြပါသည်။ မင်းသမီးအားရင်နင့်စွာ စကားဆိုဟန်ကို ဇာတ်ပျိုးလာလိုက်ရာ ပရိသတ်ကိုစီးမိပြီဟု ဆိုနိုင်အောင် ခန်းမကြီးတစ်ခုလုံး ငြိမ်ကျနေပါသည်။ နောက်ဆုံး ဆို့နင့်ကြေကွဲသောအသံနှင့် ''မႏ ခင်တင့်''ဟုခေါ်လိုက်ရာတွင်–ရှေ့တန်း၌ ထိုင်နေသော ကျောင်းသားတစ်ယောက်က ''ရှင့်'' ဟုထူးလိုက်ရာ အားလုံး ဝေါခနဲဖြစ်သွားပါတော့သည်။ ဗိုလ်ဗကို တင်လာခဲ့သမျှ ပြုတ်ကျသွားပါလေတော့သည်။

ကျွန်တော်တို့လည်းရယ်မိသည်။ ဆရာဦးသိန်းဖေမြင့်ကို ကြည့်လိုက်တော့ သူလည်း အံ့အားသင့်စွာရယ်မိလျက် ဗိုလ်ဗကို မည်သို့ ပြန်ဆည်မည်ကို စိတ်ဝင်စားဟန်စောင့်ကြည့်နေသည်ကို ကျွန်တော်သတိထားလိုက်မိပါသည်။ ကျွန်တော် ကိုယ်တိုင်ကလည်း စောင့်ကြည့်နေမိသည်။

ဗိုလ်ဗကိုက ထိုကျောင်းသားကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။ ပြီးမှ–

''ခင်ဗျားလဲ သရုပ်ဆောင်ကောင်းတယ်ဗျာ'' စသည်ဖြင့် ရယ်ကာမောကာ နိဂုံးချုပ်သွားပါသည်။

ထိုညကဦးသိန်းဖေမြင့်အားမည်သည့်မေးခွန်းကိုမေးသည်၊ သူကမည်ကဲ့သို့ဖြေသွားခဲ့သည်ကို ကျွန်တော် လုံးဝမမှတ်မိတော့ချေ။ နိုင်ငံရေးနှင့်ပတ်သက်သော မေးခွန်းများ ဖြစ်လေမည်လား မပြောတတ်ပါ။

ညဏ်ကြီးရှင်ဖြေဆိုပွဲအပြီးတွင် စင်ပေါ်ကဆင်းလာကြတော့ ကျွန်တော်က ဦးသိန်းဖေမြင့်ကိုသွားပြီး နှုတ်ဆက်သည်။ သူက ကျွန်တော့်ကိုလုံးဝမမှတ်မိတော့သည်ကိုတွေ့ရသည်။ ကျွန်တော့်ကို စကားတစ်ခွန်းနှစ်ခွန်း လက်ခံပြောဆိုလိုက်ပုံမှာ သာမန်ပရိသတ်တစ်ယောက်ကို ပြောပုံမျိုးသာလျှင်ဖြစ်နေသည်။ ဘေးကလူတွေလည်းရှိနေသောကြောင့်တစ်ကြောင်း၊ ဤနေရာမျိုး

တွင် ရှေးဟောင်းနှောင်းဖြစ်ပြောပြီး ဆွေမျိုးစပ်မနေချင်သည်လည်း တစ်ကြောင်းမို့ အသာပင်ထွက်လာခဲ့ပါသည်။ နောက်မှ ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ လူချင်းကွဲသွားကြတာ ၈ နှစ်ကျော်ခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော်ကသာ သူ့ကိုငယ်စဲ့ဖြစ်နေသည့်ပြင် သူ့စာတွေကိုလည်းမပြတ်ဖတ်နေရသောကြောင့် မမေ့နိုင်သည်ကို။ သူကတော့ ဘယ်မှာမှတ်မိနိုင်ပါတော့မည်လဲ။

## ရှေ့နေကောင်း နှင့် သက်သေကောင်း

ထို့နောက်တော့ ကျွန်တော်လည်း မြန်မာစာဌာနတွင် နည်းပြ၊ ထိုနောက်မော်လမြိုင်ဒီဂရီကောလိပ်၊ ထို့နောက် ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် လက်ထောက်ကထိက စသည်ဖြင့် နယ်သို့ ထွက်လိုက်ရသည်မှာ ၈ နှစ်လောက်ကြာပြီး ၁၉၇၀ ပြည့် အောက်တိုဘာလတွင်မှ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် မြန်မာစာ ဌာနသို့ ပြန်ရောက်ရပါလေတော့သည်။ ထိုအခါကျမှ ကျွန်တော့်မှာ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် အပိုင်း(က) (ခ) ကိုပြန်တက်ရသည်။ ဒီအချိန်တွင် ကျွန်တော်၏ တက္ကသိုလ်တပည့်ဦးတွေက မဟာဝိဇ္ဇာ ကို အောင်ပြီးကြတာ ကြာလှပါလေပြီ။

ထိုသို့ ကျွန်တော်ပြန်ရောက်လာလိုက်တော့ ဦးသိန်းဖေ မြင့်၏အခြေအနေကလည်း အပြောင်းကြီးပြောင်းသွားခဲ့လေပြီ။ ဗိုလ်တထောင်သတင်းစာ၏စာတည်းချုပ်ကြီး၊ တက္ကသိုလ်ကောင်စီ ဝင်လူကြီး၊ မြန်မာစာဌာန၏ ပညာရေးအဖွဲ့တွင် အဖွဲ့ဝင်လူကြီး။ သွားလေသူ ဦးဖိုးကျော်မြင့်ဆိုလျှင် ဦးသိန်းဖေမြင့်ကို အလွန်ကို ရိုသေအထင်ကြီးသည်။ မြန်မာစာဌာနသို့ ဦးသိန်းဖေမြင့် ရောက် လာလိုက်ပြီဆိုလျှင် အားလုံးပျာယာခတ်နေတော့သည်။ ပညာရေး အဖွဲ့ဝင် တစ်ယောက်ဖြစ်နေသောကြောင့် မျှသာမဟုတ်ပါ။ သူ၏ စာပေကို လေးစားရိုသေကြသောကြောင့်လည်း ဖြစ်ပါသည်။

မြန်မာစာဌာနသို့ Board Of Studies (သင်ကြားရေး

အဖွဲ့ ) ကိစ္စရပ်ကြောင့်ဖြစ်စေ၊ အခြားကိစ္စကြောင့်ဖြစ်စေ ဦးသိန်းဖေမြင့် ရောက်ရောက်လာတတ်ပါသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် မကြာခဏတွေ့ရပါသည်။ ကျွန်တော်ကလည်း နှုတ်ခွန်းဆက်ရန်မဆိုထားဘိ ပြုံးလို့မျှပင်မပြခဲ့ပါ။ သူက ကျွန်တော့်ကိုလုံးဝမေ့သွားခဲ့ပြီဖြစ်လေသောကြောင့် ကျွန်တော်ကလည်း ပြည်သူ့ငြိမ်းချမ်းရေးတပ်ဦးက 'ဖျာလိပ်ခွေးမောင်း'လေး 'အောင်သင်း' အဖြစ်ကို ပြည်ဖုံးကားချပစ်လိုက်ခဲ့ပြီးပါပြီ။ အသစ်ဖြစ်သော 'အောင်သင်း'အနေနှင့်သာတွေ့လိုပါတော့သည်။ ထို့ပြင် ၁၉၅၀ ဦးသိန်းဖေမြင့်နှင့်၁၉၇၀ ဦးသိန်းဖေမြင့်တို့ကွာခြားသွားသလို ၁၉၅၀ အောင်သင်းနှင့် ၁၉၇၀ အောင်သင်းတို့သည်လည်း အခြားနားကြီးခြားနားခဲ့လေပြီမဟုတ်ပါလား။

၁၉၇၁ ခု နိုဝင်ဘာ ရှုမဝတွင် 'မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ' ဟူသောဆောင်းပါးကို ကျွန်တော်ရေးလိုက်ပါသည်။ ကာရန်မဲ့ကဗျာအကြောင်း ငြင်းကြခုံကြဖြစ်ခဲ့သည်မှာ မကြာလှသေး။ သို့သော် မည်သူမျှ မြန်မာဘာသာစကား၏ ပင်ကိုသဘာဝကိုထည့်ပြီးမဆွေးနွေးခဲ့ကြ။ ကျွန်တော်က ကောက်ရေးလိုက်တော့ ကဗျာသမားတို့လောကတွင် ပြောလောက်ဆိုလောက်သော ဆောင်းပါးလေးဖြစ်သွားခဲ့သည်။ ထိုအရှိန်ကို ကျွန်တော်သုံးတော့မည်။

နောက်လ ဒီဇင်ဘာ ရှုမဝတွင် 'ရှေ့နေကောင်းနှင့် သက်သေကောင်း' ဟူသောဆောင်းပါးကိုရေးလိုက်သည်။ (ထိုစဉ်က ခေတ်စားနေသော)ပြည်သူ့တော်လှန်ရေး၊ ပစ္စည်းမဲ့တော်လှန်ရေးတို့ကို အောင်မြင်ရန်ဆိုသည်မှာ ရှေ့နေကောင်း လိုအပ်သကဲ့သို့ သက်သေကောင်းလည်းလိုအပ်သည်။ ဦးသိန်းဖေမြင့်သည် ပစ္စည်းမဲ့တို့ဘက်မှ မြဲမြံစွာရပ်တည်ပြီး ရှေ့နေလိုက်ခဲ့သည်။ သို့သော် ဦးသိန်းဖေမြင့်ကိုတော့ ပစ္စည်းမဲ့တို့ဘက်က ထာဝရရပ်တည်ခဲ့သောကြောင့် သူပြောလိုက်ပြီဆိုလျှင် ရှေ့နေဆိုတာသိပြီးဖြစ်နေ၍ ပရိသတ်က အခိုင်အမာယုံကြည်ရန်ခက်သည်။ သော်တာဆွေက

သူ့ကိုယ်တွေ့ တောင်သူလယ်သမားတို့ဘဝကို သူနားလည်သလို ရေးပစ်လိုက်သည်။ သူကပင်ကိုအားဖြင့် ဟာသစာရေးဆရာ။ ထို့ကြောင့် သူပြောတာကိုတော့ လွယ်လွယ်ကူကူ လက်ခံယုံကြည်နိုင်သည်။ ထို့ကြောင့် သက်သေကောင်းနှင့်တူသည်။ ထို့ကြောင့် ပြည်သူ့တော်လှန်ရေးကြီးအောင်မြင်ရန် ရှေ့နေကောင်း လိုအပ်သကဲ့သို့ သက်သေကောင်းလည်းလိုအပ်ပါသည်။ ဆောင်းပါး၏ အချုပ်မှာ ဤမျှသာဖြစ်ပါသည်။

ဤသို့လျှင် ကျွန်တော်၏ 'ဟီးရိုး'ကို 'အောင်သင်းအသစ်'နှင့် စတင်မိတ်ဆက်ပေးလိုက်ပါသည်။ ကျွန်တော့် မိတ်ဆက်မှု အောင်မြင်သည်ဟု အခိုင်အမာ ပြောနိုင်ပါသည်။

မျှားမကြာမီတွင် 'တရုတ်ပြည်ပေါ်ကကြယ်နီ' ကို ရေးသား၍ တရုတ်ပြည်တော်လှန်ရေးကြီးကို ကမ္ဘာကသိအောင် လုပ်ဆောင်ပေးခဲ့သည့် စာရေးဆရာကြီး'အဂ္ဂါစနီး' ကွယ်လွန်လေရာ ဦးသိန်းဖေမြင့်က ဗိုလ်တထောင်သတင်းစာ'ပွင့်ပွင့်လင်းလင်းပြောပါရစေ'ကဏ္ဍတွင် အဂ္ဂါစနီး၏ဂုဏ်ပုဒ်များကို တစ်ခမ်းတနား ချီးကျူးရေးသားလျက်ဝမ်းနည်းကြောင်းရေးရာတွင် 'ထို့ကြောင့် အဂ္ဂါစနီးသည်ခေတ်သစ်တရုပ်ပြည်၏ရှေ့နေကောင်းဖြစ်သည်သာမက သက်သေကောင်းလည်းဖြစ်ပါပေသည်'ဟုရေးခဲ့သည်။ သူ ကျွန်တော်၏ဆောင်းပါးကို သေသေချာချာဖတ်ကြောင်း သိသာနေပါပြီ။

ထို့ပြင် သူ့ကိုရှေ့နေ နေရာလောက်တွင်သာ ထားလိုက်သည်ကိုတော့ တယ်ပြီးကျေနပ်ပုံမရချေ။ မှန်လည်း မှန်ပါပေသည်။ မြန်မာ့တော်လှန်ရေးတလျှောက်တွင် တစ်ရံမလပ်ပါခဲ့သူ မဟုတ်ပါလား။ သို့သော် သူ့ဘက်ကမည်သို့ ချေပပြောဆိုပါမည်နည်း။ တိုက်ရိုက်ချေပလိုက်ပြန်လျှင်လည်း မလိုလားအပ်သောဘေးဘီက ကလောင်တွေဝင်ပြီး ရှုပ်လေဦးတော့မည်။ ထို့ကြောင့် အဂ္ဂါစနီးသည် တရုတ်ပြည်ကြီး၏ 'ရှေ့နေကောင်းနှင့်သက်သေကောင်းဖြစ်ခဲ့ပါသည်'ဟူသော စကားကိုသုံးလျက် ရှေ့နေကောင်းနှင့် သက်သေကောင်း တစ်ပြိုင်နက်မဖြစ်နိုင်ပါ သလောဟု

ချေပလိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်ကောက်ယူလိုက်ပါသည်။

ဒုတိယ ဆောင်းပါး၌ပင်လျှင် ဦးသိန်းဖေမြင့်က 'အောင်သင်းအသစ်'ကို အသိအမှတ် ပြုခဲ့ပါလေသည်။

*(ဤနေရာတွင်စကားချပ်ဝင်လိုက်ရဦးမည်။ ။ ထိုဆောင်းပါးကို ရှုမဝသို့ပို့လိုက်ရာ စာစီပြီးစတွင် သော်တာဆွေ တိုက်ကိုရောက်လာတော့ မောင်ဆွေတင့်က ဆောင်းပါးကိုပြလိုက်သည်။ သော်တာဆွေက ဖတ်ကြည့်လိုက်ပြီး 'ငါ့ကိုတော့ နည်းနည်းအသားပေးထားတာအမှန်ပါပဲ။ ဒါပေမယ့် ဒါကြောင့်ပြောတယ်မထင်ပါနဲ့၊ ဒီလိုဆောင်းပါးတွေဟာ အဓိပ္ပာယ်ရှိတယ်၊ ထည့်ပေးသင့်တယ်' ဟုပြောသွားပါသတဲ့)*

## စရိုက်သေ၏ ခွန်အား

၁၉၇၄ အောက်တိုဘာ ရှုမဝ တွင်ကျွန်တော်က 'စရိုက်သေ၏ခွန်အား' ဟူသောဆောင်းပါးကိုရေးလိုက်သည်။ ထိုဆောင်းပါးတွင် 'စရိုက်သေ'(flat character)'စရိုက်ရှင်' (round character) တို့၏အခြေခံသဘောကို ရှင်းလင်း တင်ပြပြီးလျှင် စရိုက်သေမှာလည်း ခွန်အားရှိကြောင်း၊ လူငယ်တို့ ၏စိတ်ကို ပုံကောင်းပုံလှသွန်းယူရာတွင် စရိုက်သေက ပို၍ခွန်အား ရှိကြောင်းကို တင်ပြထားခြင်းဖြစ်ပါသည်။

(ထိုဆောင်းပါးကိုကျွန်တော်၏ ဝတ္ထုရေးရာ ဆောင်းပါးများတွင်တွေ့နိုင်သောကြောင့်အကျယ်မရေးတော့ပါ။)

စရိုက်သေ စရိုက်ရှင်သဘောကို အီးအမ်ဖော့စ်တာ (E.M. Forster)၏ The Aspects Of The Novel ဟူသော ဝတ္ထုသဘောတရားကျမ်းတွင် ဖတ်ရခြင်းဖြစ်ပါသည်။ ခြေခြေမြစ်မြစ်နားလည်အောင် ကျွန်တော်အထပ်ထပ်ဖတ်ပြီး သေသေချာချာစဉ်းစားပါသည်။ ထိုကျမ်းရင်းတွင် စရိုက်သေ၊ စရိုက်ရှင် သဘောလောက်ကိုသာရှင်းလင်းဖွင့်ဆိုထားပါသည်။ စရိုက်သေ၏

ခွန်အားအကြောင်းပြဆိုထားသည်မဟုတ်ပါ။

စရိုက်သေ၏**'ခွန်အား'**ကို ကျွန်တော်လှမ်းပြီး တွက်လိုက်မိခြင်းမှာလည်း ကျွန်တော့်ဟီးရိုးကြီး ဦးသိန်းဖေမြင့်၏ ပယောဂမကင်းပါ။ ရှင်းပြလိုက်ရပါဦးမည်။

၁၉၄၈ ခု ဇန္နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့အထူးထုတ်) ဂျာနယ်ကျော်တွင် ဆရာဦးသိန်းဖေမြင့်က အထူးဆောင်းပါး တစ်စောင်ကိုရေးလိုက်သည်။ **''ခေတ်ကြီးကိုနောက်ပြန်ဆွဲနေသော စာရေးဆရာများ''**တဲ့။ အတော်လေးကို ပြင်းထန်စူးရှသော စာပေဝေဖန်ရေးဆောင်းပါးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပစ္စည်းမဲ့တော်လှန်ရေးရှုထောင့်မှ စာပေကိုဝေဖန်လိုက်ရာတွင် အစောဆုံးဖြစ်သော၊ အစူးရှဆုံးလည်းဖြစ်သော ဆောင်းပါးဟုဆိုနိုင်ပါသည်။ ကျွန်တော်ကိုယ်တိုင် ထိုဆောင်းပါးကိုဖတ်လိုက်ရာတွင် **'နားလန့်'** သွားခဲ့မိကြောင်း ဝန်ခံပါသည်။ အထပ်ထပ်ဖတ်ခဲ့မိသောကြောင့် တချို့ စကားလုံးတွေကို ခုထက်တိုင် အလွတ်ရနေပါသေးသည်။ စာဖတ်သူ စိတ်ဝင်စားလျှင် ဆရာ၏စာစုများကို ရှာဖတ်ကြည့်ပါ။ သာမန်မကြည့်ပါလေနှင့်၊ သူရေးခဲ့သောခုနှစ်ကိုကြည့်ပါ၊ ထိုအချိန်က ခေတ်ပြိုင်စာရေးဆရာများ၏ စာပေဝေဖန်ရေးဆောင်းပါးများ၏ အဆင့်နှင့်ယှဉ်ကြည့်ပါ။ ဦးသိန်းဖေမြင့် အဘယ်မျှခြေလှမ်းစောခဲ့ကြောင်း၊ အဘယ်မျှဝံ့စားခဲ့ကြောင်းကို ပြက်ပြက်ထင်ထင်တွေ့ရပါလိမ့်မည်။

သို့သော်ထိုဆောင်းပါးကို ဖတ်လိုက်စဉ်ကပင် ကျွန်တော့်ဟီးရိုး၏အဆိုအချို့ကို ကျွန်တော်ဘဝင်မကျနိုင်တော့ပါ။ မဟာဆွေနှင့်ရွှေလင်းယုန် (ဂျာနယ်ကျော် ဦးချစ်မောင်)တို့သည်လည်း ကျွန်တော်၏ ဟီးရိုးများဖြစ်ခဲ့ပါလေသည်။ အထူးသဖြင့် ဂျာနယ်ကျော်ဦးချစ်မောင်၏ **'သူ'**ဝတ္ထုထဲက ဆရာဝန်ကိုမြင့်မောင်ကို ကျွန်တော်တို့ ရင်ထဲက အမှတ်မထင် ကိုးကွယ်နေမိသည်။ သူသည် ကျွန်တော်တို့၏'စံ'ဖြစ်နေသည်။ (ကျွန်တော်တစ်ယောက်တည်းသာမဟုတ်၊ လူငယ်တော်တော်များများ၏ စံဖြစ်နေခဲ့ပါ

သည်။) စကားစပ်မိသောကြောင့်တစ်ကြောင်း၊ ထင်ရှားသော သာဓကတစ်ခုကို ပြလိုသောကြောင့်တစ်ကြောင်း ပြောလိုက်ရပါဦးမည်။ ကွယ်လွန်သူ သမ္မတကြီးဟောင်း ဦးစန်းယုသည်လည်း 'သူ' ဝတ္ထုကိုဖတ်ပြီး ကိုမြင့်မောင်လို ဆရာဝန်မျိုး ဖြစ်လိုသောကြောင့် ဆေးဘက်ကိုလိုက်ခဲ့သေးသည်။ စစ်ကြီးဖြစ်လာသောကြောင့်သာ စစ်တပ်ထဲသို့ရောက်လာရသည်ဟု သူ၏မိတ်ဆွေဟောင်းများက ပြောပြသည်ကို စစ်တက္ကသိုလ်မှာ ကျွန်တော် အမှုထမ်းစဉ်က ကြားခဲ့ရပါသေးသည်။

ဦးသိန်းဖေမြင့်က ကျွန်တော်၏ ငယ်စွဲသူရဲကောင်း ကိုမြင့်မောင်ကို အကောင်းလွန်နေသောကြောင့် အိပ်မက်ထဲတွင် တွေ့ရသောလူတစ်ယောက်လိုဖြစ်နေသည် ဟုမှတ်ချက်ချဝေဖန်လိုက်ပါသည်။

ကျွန်တော်သည်ဦးသိန်းဖေမြင့်ကိုလည်း လေးစားသည်။ ရွှေလင်းယုန်၏ ကိုမြင့်မောင်ကိုလည်း ချစ်ခင်ကိုးကွယ် နေမိသည်။ ဦးသိန်းဖေမြင့်၏အဆိုကို လက်မခံနိုင်လောက်အောင်ဖြစ်နေသည်။ သို့သော်လည်း မငြင်းဝံ့၊ မပယ်ဝံ့။ နောင်အတော်ကြီးကိုကြာမှ (စရိုက်သေ–စရိုက်ရှင်သဘောကိုသေချာသိလာမှ) အရွယ်ကိုထည့်ပြီးစဉ်းစားမိလာသည်။ စရိုက်သေသည် ငယ်ရွယ်သူတို့အပေါ်တွင်တော့ တကယ့်ကို လွှမ်းမိုးနိုင်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်မိလာပါသည်။ ထိုအချိန်ထိ ကိုယ့်ဘာသာ စဉ်းစားသုံးသပ်နေမိခြင်းမျှသာ ဖြစ်ပါသည်။ ဆောင်းပါးရေးရန် စိတ်ကူးမပေါက်သေးပါ။ ၁၉၇၃ လောက်တွင် ဦးသိန်းဖေမြင့်၏ **"ကျွန်တော်၏ အချစ်ဦး"** ထွက်လာသည်။ ထိုစာအုပ်ထဲတွင် ဦးသိန်းဖေမြင့် ကိုယ်တိုင် သူငယ်ငယ်က ဒဂုန်ရွှေမျှား၏ 'တစ်ကောင်ကြွက်' ဝတ္ထု၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ 'တပင်ရွှေထီး' 'ဘုရင့်နောင်' ဝတ္ထုများကို အလွန်စွဲလမ်းခဲ့ကြောင်း ရေးထား သည့်ပြင် ဘုရင့်နောင်မှာ သူ၏ဟီးရိုးဖြစ်ခဲ့ကြောင်းကိုပါ ဖော်ပြ ထားပါသည်။ ထိုအချက်များကိုအခြေခံ၍ စရိုက်သေသည် လူငယ်

လူရွယ်များအပေါ်တွင် ခွန်အားကြီးစွာ လွှမ်းမိုးနိုင်သောကြောင့် စရိုက်သေ၏ခွန်အားကို ပေါ့တီးပေါ့ဆ သဘောမထားသင့်ကြောင်း၊ ရယ်သွမ်းမသွေးသင့်ကြောင်း ရေးလိုက်ပါသည်။

ဦးသိန်းဖေမြင့်လို ပုဂ္ဂိုလ်ကျော်တစ်ယောက်အား ပြန်လည်ဝေဖန်လိုက်ခြင်းဖြစ်သောကြောင့် ကျွန်တော့်ဘက်ကလည်း အကျိုးအကြောင်းခိုင်လုံအောင်၊ အထောက်အထား ပြည့်စုံအောင်၊ ရှင်းလင်းပြေပြစ်မှုလည်းရှိအောင် ကြိုးစားပြီး ရေးလိုက်ပါသည်။ တိုတိုပြော လိုက်ရလျှင်တော့ ဦးသိန်းဖေမြင့်ဘက်က ပြန်ပြောစရာတစ်ကွက်မှမရှိအောင် အားထုတ်ပြီးရေးလိုက်ပါသည်။ ဦးသိန်းဖေမြင့်ကလည်း ဘာမှတုံ့ပြန်ပြောဆိုမှုမပြုခဲ့ပါ။

## မထင်မှတ်သောတုံ့ပြန်မှု

ထိုဆောင်းပါး ပါလာပြီးနောက် တစ်ပတ်ခန့်ရှိသောအခါ ကျွန်တော် ရန်ကင်းဘက်သို့ရောက်သွားပါသည်။ လက်ဆွဲအိတ်ကလေးတစ်လုံးနှင့် ရန်ကင်းလမ်း ပလက်ဖောင်းပေါ် လျှောက်သွားနေစဉ် ကျွန်တော့်ဘေးနားသို့ ကားလေးတစ်စီး ကပ်ပြီးရပ်လာပါသည်။

''ကဲ ကိုအောင်သင်း ဘာမှပြောမနေနဲ့ကားပေါ်တက်ခဲ့''

ကြည့်လိုက်တော့ ဂျာနယ်ကျော်မမလေးနှင့် ဦးအောင်ဖေယျ။

''ဟာ ... မမ၊ ကျွန်တော် ဟိုကိစ္စလေးတစ်ခု ..''

''ဟုတ်ပါပြီ ... သွားပါ၊ ကားနဲ့လိုက်ပို့ပေးမယ်၊ ခုတော့ ကားပေါ်တက်စမ်းပါဦး''

မတတ်နိုင်။ ကျွန်တော်လည်းရယ်မောပြီး ကားပေါ် တက်လိုက်ရတော့သည်။ ဦးအောင်ဖေယျက–

''စောစောကတက်လိုက်ရင်ပြီးရော၊ ငြင်းလို့မရမှန်းလဲ သိရက်သားနဲ့''

သူတို့နှစ်ယောက်လုံးကရယ်ကြပြန်သည်။ ဂျာနယ်ကျော်မမလေးနှင့် ၁၉၅၈ ခုလောက်ကပင်ရင်းနှီးခင်မင်ခဲ့သည်။ စာပေနှင့်ပတ်သက်၍ရင်းနှီးခဲ့သည်မဟုတ်၊ တောင်တွင်းကြီးက ကျွန်တော့်မိတ်ဆွေတစ်ယောက်ဖြစ်သော ကိုတင့်စိန်က မမလေးထံမှ ဆေးပညာဆည်းပူးလိုသောကြောင့် သူ့ကိုလိုက်ပို့ရာမှ သိကျွမ်းသွားခဲ့ခြင်းဖြစ်သည်။ နောင်တော့ ကျွန်တော်က စာသမားဖြစ်နေကြောင်းသိလာ၍ စာကြောင်းပေကြောင်းပြောရင်း ရင်းနှီးလာခြင်းဖြစ်သည်။ သူ၏သားသမီးများဖြစ်သော ခင်လေးမြင့်နှင့်မိုးဟိန်းတို့ကလည်း တက္ကသိုလ်ရောက်စဖြစ်သောကြောင့် သူတို့ကိုလည်း စာလေးပေလေးပင်သင်ပေးခဲ့ရသေးသည်။ ကျွန်တော်က သူ့ကို မမဟုပဲခေါ်လေ့ရှိသည်။ ခင်လေးမြင့်နှင့်မိုးဟိန်းတို့ မောင်နှမကလည်း ကျွန်တော့်ကို ယနေ့တိုင် 'ဦးလေး' ဟုပဲခေါ်ကြသည်။ ထို့ကြောင့် ဦးအောင်ဖေယျက ''ငြင်းလို့မရမှန်းလဲသိရက်သားနဲ့'' ဟု ပြောလိုက်သောအခါ အားလုံးရယ်မိကြခြင်းဖြစ်ပါသည်။

ကားပေါ်ရောက်သည်နှင့် ကျွန်တော့်ဆောင်းပါး 'စရိုက်သေ၏ခွန်အား' ကောင်းပုံကောင်းနည်းကို ချီးမွမ်းခန်း ဖွင့်ကြပါလေတော့သည်။ ဦးသိန်းဖေမြင့် ဝေဖန်လိုက်သည်ကို သူတို့စိတ်တွင် မကြိုက်နိုင်အောင်ဖြစ်နေဟန်ရှိပါသည်။ သို့သော် ဘယ်လိုပြန်ပြောပါမည်နည်း။ သူ့ခင်ပွန်းကို သူကာကွယ်ရာ ရောက်နေပေမည်ပေါ့။ သူတို့ကိုယ်တိုင်က ရေးဖို့အလွန်ခက်ပါသည်။ ထိုအချိန်တွင် ကျွန်တော်က ကောက်ရေးလိုက်တော့ ဝမ်းမြောက်ကြပေမည်ပေါ့။ ထို့ကြောင့် ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြခြင်းဖြစ်ပါသည်။

သူတို့ ချီးကျူးကြသည့် စကားများထဲတွင် ကျွန်တော် အကျေနပ်မိဆုံးကတော့ 'တကယ့်ကိုစနစ်ကျသော စာပေဝေဖန်ရေးသမားတစ်ယောက် ပေါ်လာခြင်းဖြစ်သည်' ဟူသောစကားများပင်ဖြစ်ပါသည်။ ထိုစကားကြောင့် ကျွန်တော် အားတက်ခဲ့ရသည်ကိုလည်း ဝန်ခံပါသည်။

## ခေတ်စမ်းဆိုတဲ့မှတ်တိုင်

ဦးဖိုးကျော်မြင့် (မြန်မာဂုဏ်ကျော်မြင့်) က ဦးသိန်းဖေမြင့်ကို အလွန်အထင်ကြီးကြောင်း အထက်တွင်ရေးခဲ့ပါသည်။ ကျွန်တော့်စိတ်ထင် ထိုစဉ်က ဦးဖိုးကျော်မြင့်နှင့် ဦးသိန်းဖေမြင့်တို့သည် အနည်းဆုံးတစ်ပတ်နှစ်ကြိမ်လောက် တွေ့ကြဟန်ရှိသည်။ ဤနေရာတွင် ဦးဖိုးကျော်မြင့်နှင့် ကျွန်တော်၏ ဆက်ဆံရေးအနေအထားကို ထည့်မပြောလျှင် လိပ်ပတ်လည်မည် မဟုတ်သောကြောင့် အနည်းငယ်ပြောလိုက်ရပါဦးမည်။

ဦးဖိုးကျော်မြင့်ကို ကျွန်တော်ရန်ကုန်တက္ကသိုလ် မရောက်မီ ၂နှစ်လောက်ကပင် စတင်ခင်မင်ခဲ့သည်။ ဒီတုန်းက တောင်တွင်းကြီး အမျိုးသားယဉ်ကျေးမှုပြတိုက်တွင် ကျွန်တော်က တွဲဘက်အတွင်းရေးမှူး။ ဦးဖိုးကျော်မြင့်က သူ၏မဟာဝိဇ္ဇာဘွဲ့ယူကျမ်းအဖြစ် 'မေတ္တာစာသမိုင်း'ကိုပြုစုနေစဉ်ကာလဖြစ်သည်။ ထို့ကြောင့် တောင်တွင်းကြီးမြို့နယ်ခွေးတောက်ကုန်းရွာဆရာတော် 'ဦးဝဏ္ဏဓဇ' ၏ မေတ္တာစာများနှင့်ပတ်သက်ပြီးအချက်အလက်သစ်များကို စုဆောင်းရင်း ကျွန်တော်တို့ပြတိုက်သို့ ရောက်လာခြင်းဖြစ်သည်။ ပြတိုက်ရှိအခြားသောပေစာများ၊ မှတ်တမ်းများကိုလည်း လေ့လာမှတ်ယူသည်။ ရင်းရင်းနှီးနှီး စကားပြောခဲ့ကြဖူးသည်။ သူသည် ကျွန်တော့်ကိုခင်မင်သည်။ ကျွန်တော် မကွေးကောလိပ်မှ ရန်ကုန်တက္ကသိုလ်ရောက်လာတော့ ကျွန်တော့်ကို အကြိမ်ကြိမ် လိုက်ရှာပြီး မြန်မာစာဂုဏ်ထူးတန်းတက်ရန် ထိုက်တွန်းဖျောင်းဖျခဲ့သည်။ ကျွန်တော်ကထိုစဉ်ကအခြေအနေကိုမနှစ်သက်သည်နှင့် ဒဿနိကဂုဏ်ထူးတန်းကိုတက်ခဲ့သည်။ ထို့ကြောင့် ဦးဖိုးကျော်မြင့်နှင့် ကျွန်တော် ဆရာတပည့်ဟုမဆိုသာချေ။ မိတ်ဆွေမျှသာဖြစ်သည်။ သို့သော်လည်း ကျွန်တော်က နယ်တွင်စနှစ်လောက် သွားနေခဲ့ရသောကြောင့် ရန်ကုန်သို့ပြန်ရောက်ပြီး မဟာဝိဇ္ဇာနောက်ဆုံးနှစ် အပိုင်း(က)(ခ)ကိုပြန်တက်ရသောအခါတွင်ကျွန်တော်ကကျောင်းသား၊ သူကဆရာဖြစ်နေပြန်လေသည်။ သို့သော် ဦးဖိုးကျော်မြင့်ကကျွန်တော့်

ကိုတပည့်တစ်ယောက်လို တစ်ခါဖူးလေးမျှ မဆက်ဆံခဲ့ဖူးပါလေ။ ရေးကအတိုင်းပင် ဆက်ဆံသည်။ တိုင်တိုင်ပင်ပင်စကား ဆိုတတ်သည်။ ကျွန်တော်ကသူ့ထက်အသက်အနည်းငယ်လည်းကြီးသည်။

မဟာဝိဇ္ဇာတန်းဖြစ်လေတော့ ထိုစဉ်က ခေတ်ပြိုင်စာပေရေးရာများကိုလည်းအတန်းထဲတွင်တင်ပြဆွေးနွေးလေ့ရှိသည်။ ထိုအခိုက်တွင် ဦးသိန်းဖေမြင့်၏ 'ခေတ်စမ်းဆိုသော မှတ်တိုင်ကြီးကို ရိုက်ချိုးကြပါစို့' ဟူသော ဆောင်းပါးက ပါလာခဲ့သည်။ စာဖတ်သူများသိကြသည့်အတိုင်း ထိုဆောင်းပါး၏လိုရင်းမှာ ခေတ်စမ်းစာပေပေါ်ပေါက်လာသည့် ဂန္ထလောကခေတ်တွင် တက္ကသိုလ်ပြင်ပမှ စာရေးဆရာများကလည်း ခေတ်သစ်စာပေများကိုရေးနေကြသည်။ ထို့ကြောင့် တက္ကသိုလ်ပရိဂ္ဂဏ်တစ်ခုတည်းကို အလေးပေးထားသောခေတ်စမ်းမှတ်တိုင်မရှိသင့် ဟူသောသဘောဖြစ်ပါသည်။

ဦးဖိုးကျော်မြင့်က ထိုဆောင်းပါးကို ဝိုင်းဝန်းဆွေးနွေးရန် အတန်းထဲတွင်တင်ပြလိုက်ပါသည်။

ဤနေရာတွင် ကျွန်တော့်အတွက် အကွက်ပေါ်လာ ပါလေပြီ။ ကျွန်တော် ဦးသိန်းဖေမြင့်အား စကားဆိုတော့မည်။ ဦးဖိုးကျော်မြင့်အားပြောလိုက်လျှင် ဦးသိန်းဖေမြင့်၏ 'နား'သို့ မုချရောက်မည် မဟုတ်ပါလား။ ထို့ကြောင့်–

''ဒီနေရာမှာ ဆရာဦးသိန်းဖေမြင့်ရဲ့ အဆိုက ရှေ့နောက်မညီဘဲ (Self – Contradict) ဖြစ်နေတယ်လို့ထင်မိတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်စမ်းဆိုတဲ့မှတ်တိုင်ကို ရိုက်ချိုးရမယ်လို့ ပြောလိုက်တဲ့အတွက် ဦးသိန်းဖေမြင့်ကိုယ်တိုင်က ခေတ်စမ်းမှတ်တိုင်ရှိနေတယ်ဆိုတာကို လက်ခံထားရာရောက်နေတယ်။ မရှိရင် ဘာကြောင့်ရိုက်ချိုးနေရမှာလဲ။ နောက်ပြီး ရှိနေတယ်ဆိုရင်ကော ဘာကြောင့်ရိုက်ချိုးနေစရာလိုသလဲဆိုတဲ့ မေးခွန်းတွေပေါ်လာနေတယ်''

ဒီတော့ ဦးဖိုးကျော်မြင့်က…

''ဆရာဦးသိန်းဖေမြင့်ဆိုလိုတာက ခေတ်စမ်းစာပေ

ကြောင့် စာပေရေစီးကြောင်းအတွေးအခေါ်တွေပြောင်းသွားတာမဟုတ်ဘူး၊ ဒီအချိန်မှာ ပြင်ပစာရေးဆရာတွေနဲ့ ပြင်ပခေတ်အခြေအနေတွေကြောင့်သာ ပြောင်းလာရတယ်လို့ဆိုလိုတာမဟုတ်လား၊ မှတ်တိုင်ကြီးတစ်ခုအဖြစ် စာပေလောကမှာ ပြောနေကြတာကို သတိပေးလိုက်တာလို့ထင်တယ်''

ဦးဖိုးကျော်မြင့်သည် စကားကိုအလွန် ထိန်းထိန်းသိမ်းသိမ်း ပြောတတ်သူဖြစ်သည်။

''ဟုတ်ပါတယ်။ ကျွန်တော်ခုနကပြောလိုက်တဲ့ ဦးသိန်းဖေမြင့်ရဲ့ အဆိုဟာ (Self-Contradict) ဖြစ်တယ်ဆိုတာဟာလည်း ယုတ္တိဗေဒ (Logic) သဘောအရကိုသာ ပြောလိုက်တာပါ။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီခေတ်ကခေတ်ပြိုင်စာပေတွေကို အတော်ကြီးလေ့လာကြည့်ပြီးပါပြီ။ ခေတ်စမ်းမတိုင်မီနဲ့ ခေတ်စမ်းရဲ့နောက်ပိုင်းပေါ့''

''အဲဒါ သိပ်ကောင်းတာပဲ''

''ကျွန်တော် အဓိကထားပြီး လေ့လာတာက ခေတ်စမ်းမတိုင်မီနဲ့ ခေတ်စမ်းပေါ်လာပြီးတဲ့နောက် မြန်မာစာပေလောက၊ ကဗျာ၊ ဝတ္ထုစသည်တို့မှာ ဘယ်လိုကွာခြားသွားသလဲဆိုတဲ့အချက်ပါပဲ။ ကွာခြားတိုးတက်ပြောင်းလဲသွားပါတယ်ဆိုရင် ခေတ်စမ်းစာဆိုတွေရဲ့ ကြိုးပမ်းအောင်မြင်မှုဖြစ်ကြောင်း ဝန်ခံရမှာပါပဲ။ ခေတ်စမ်းကိုမှတ်တိုင်တစ်ခုအဖြစ်ပြောကြမယ်ဆိုရင်လဲ သဘောမတူစရာမရှိဘူးလို့ထင်တာပဲ။ ခေတ်စမ်းစာပေ စာဆိုတွေက ဂန္ထလောက စာစောင်မှာ၁၉၂၇ကစပြီး ကဗျာတွေကိုရေးခဲ့ကြတယ်။ ၁၉၃၄ မှာ ခေတ်စမ်းကဗျာဆိုပြီး စုစည်းထုတ်ဝေခဲ့တယ်။ နောက်တော့ ခေတ်စမ်းပုံပြင်များဆိုပြီး ဝတ္ထုတိုကလေးတွေ ထုတ်ဝေပြန်ပါတယ်''

''ဒီအချိန်မှာ ဆရာဦးသိန်းဖေမြင့်လည်း ဝတ္ထုတွေကိုရေး လာခဲ့ပြီမဟုတ်လား''

''ဦးသိန်းဖေမြင့်ရဲ့ အစောဆုံးစာက ၁၉၃၃-၃၄ လောက်မှာဖြစ်ပါတယ်။ လေးငါးခြောက်နှစ်လောက် ကွာပါတယ်။

ခေတ်စမ်းပုံပြင်များထွက်လာတဲ့အချိန်မှာ တခြားခေတ်ပြိုင် စာစောင်တွေက နာမည်ကျော်စာရေးဆရာတွေရဲ့ ဝတ္ထုတွေကို ယှဉ်ပြီးဖတ်လိုက်ရင် ပြောရမှာအားနာလောက်အောင်ကို ညံ့နေတာ တွေ့ရပါတယ်။ အထူးသဖြင့်ကတော့ ကဗျာ မှာအလွန်သိသာ လှပါတယ်။ ဒီတုန်းက ကဗျာကို အားပေးဖော်ပြတဲ့ စာစောင်က ဒဂုန်နဲ့ဒီးဒုတ်ပါပဲ။ တကယ့်ကို ရှေးဟောင်းပုံစံတွေပါပဲ။ နောက် သုံးနှစ်လောက်ရှိမှ ဒီးဒုတ်စာစောင်မှာ ခေတ်စမ်းပုံစံ ကဗျာလေး တစ်ပုဒ်စပြီး ပါလာပါတယ်။ ရေးသူက 'မယဉ်နု(ကျောင်းကုန်း အရှေ့ပိုင်း)' တဲ့။ အခု ဆရာမကြီး ဒေါ်'နုယဉ်'ပေါ့''

ထိုစကားများကို ကျွန်တော်က ဦးဖိုးကျော်မြင့် အား ပြောနေခြင်းမဟုတ်။ ကျွန်တော့် ဟီးရိုးကြီးအားစိန်ခေါ်နေ ခြင်းသာ ဖြစ်သည်။ ကျွန်တော်က မှန်းသန်းပြီးပြောနေခြင်းမဟုတ်။ တကယ်ကိုကျွန်တော်က သေချာရှာဖွေမှတ်သားပြီး ဖြစ်နေသည်။ ကျွန်တော်စူးစမ်းထားလိုက်သည်မှာ ခေတ်စမ်းမှတ်တိုင် ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ဖတ်နိုင် လောက်အောင်ပင် ဖြစ်ပါ သည်။ ထို့ကြောင့်လည်း ကျွန်တော်က ထိုမျှ ဝံ့ဝံ့စားစားပြောခဲ့ခြင်း ဖြစ်ပါသည်။

အမှန်ပြောရလျှင် ကျွန်တော်က ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီတို့၏ တပည့်ဖြစ်သည်။ ထို့ကြောင့် ခေတ်စမ်းသံယော ဇဉ်ရှိသည်ဟုဆိုနိုင်သည်။ သို့သော် တစ်စုံတစ်ခုကိုသေချာ လေ့လာတော့မည်ဆိုလျှင် (သုတေသနပြုလျှင် ဟူသောစကားကို ကျွန်တော်မသုံးသေးပါ) အစွဲအလမ်း သံယောဇဉ်ဆိုတာတွေ လုံးဝ မပါမှကောင်းပါသည်။ ယခုလည်း ကျွန်တော်က သံယောဇဉ်နှင့် ပြောနေခြင်းမဟုတ်။ တကယ်ကို ကျကျနနလေ့လာပြီးမှ ယုံယုံ ကြည်ကြည်ပြောလိုက်ခြင်း ဖြစ်ပါသည်။

ဦးဖိုးကျော်မြင့်က ကျွန်တော့်ကိုဘာမျှပြန်မပြောပါ။ သေချာတော့ဖြင့် နားထောင်ပါသည်။ ကျွန်တော်ကလည်း ကျေနပ် ပါသည်။ ကျွန်တော့် ဟီးရိုးကြီးဦးသိန်းဖေမြင့်ထံ ထိုစကား

ပေါက်သွားဖို့သာလျှင် အရေးကြီးပါသည်။

(ဩော် အခုပြန်ပြီး စဉ်းစားလိုက်တော့ ဦးဖိုးကျော်မြင့်သည် ကျွန်တော်နှင့် ဦးသိန်းဖေမြင့်တို့၏ ဇာတ်လမ်းကို သေသည်အထိ သိမသွားရှာခဲ့။ ကျွန်တော်က လျှို့ဝှက်တွန့်တိုနေခဲ့ခြင်း မဟုတ်ပါ။ သူက မမေး၍လင့်ဘဲ အသေစော သွားခဲ့ခြင်းသာလျှင် ဖြစ်သည်။)

ဒါတွေကိုပြန်ပြီးတွေးမိလိုက်တော့ သူတို့အားလုံးကို သင်္ချိုင်းကုန်းမှာ သွားပြီးနှုတ်လိုက်ချင်သည်။

## 'ဖိုးအောင်သင်းရေ' တဲ့

*''ဆရာ–ဆရာဦးသိန်းဖေမြင့်က ဆရာ့ကိုတွေ့ချင်လို့ပါတဲ့ဆရာ''*

*ဆရာမလေးတစ်ယောက်က ကျွန်တော့် အခန်းပေါက်ဝမှ လှမ်းပြောလိုက်ခြင်းဖြစ်ပါသည်။*

*"အော် အေး... အေး...."*

*ကျွန်တော့်စကား မဆုံးမီမှာပင် ဆရာဦးသိန်းဖေမြင့်က သူ့ ပင်ကိုဟန်အတိုင်း ခပ်ပြုံးပြုံးကြီးနှင့်ဝင်လာပါသည်။*

*''ကြွပါဆရာ၊ ထိုင်ပါ''*

*ဆရာဦးသိန်းဖေမြင့် အေးဆေးသက်သာစွာ ထိုင်လိုက်ပါသည်။*

*ကျွန်တော့်စိတ်ထဲတွင်တော့ ရည်မှန်းချက်တစ်ခု ပေါက်မြောက်အောင်မြင်လိုက်သလို ပီတိဖြစ်သွားပါသည်။*

x x x

ကျွန်တော်၏ဆောင်းပါးအစတွင်အထက်ပါအတိုင်း နိဒါန်းပျိုးခဲ့သည်ကို စာဖတ်သူမှတ်မိပါလိမ့်မည်။

ကျွန်တော့်စိတ်ထဲတွင် 'အောင်သင်းအသစ်' အဖြစ်နှင့်သာ ဦးသိန်းဖေမြင့်ကိုတွေ့ဆုံရင်းနှီးလျက် နောင်အခါမှ ၁၉၅၀ လောက်ဆီက 'ပြည်သူ့ငြိမ်းချမ်းရေးတပ်ဦး' အကြောင်းတွေ၊

'ဒီလူကြီးကို လက်သီးနဲ့ထိုးမိလိမ့်မယ်ဗျာ' ဆိုတာတွေကို ပြန်ပြောင်းပြောပြလျက် 'ဖျာလိပ်ခွေးမောင်းလေး အောင်သင်း' ကို ပြန်လည်နိုးထစေမည်ဟု ရည်မှန်းထားခဲ့ပါသည်။ ထိုအခါတွင် နှစ်ယောက်သား ရှေးဟောင်းနှောင်းဖြစ်တွေကိုပြောလျက် ကြည်နူးစရာဖြစ်ကြလိမ့်မည်ဟုလည်း မှန်းဆခဲ့မိပါသည်။ ထို့အပြင် ဦးသိန်းဖေမြင့်ကိုယ်တိုင်က ကျွန်တော့်ထံသို့လာလိမ့်မည်ဟုလည်း ကျွန်တော်က ယုံကြည်စိတ်ချနေခဲ့သည်မှာလည်း အမှန်ဖြစ်ပါသည်။ ထို့ကြောင့် ***ရည်မှန်းချက်တစ်ခုပေါက်မြောက်အောင်မြင်လိုက်သလို*** ဟု အထက်တွင် ရေးခဲ့ခြင်းဖြစ်ပါသည်။

ဦးသိန်းဖေမြင့်ကို သေချာသတိထားကြည့်လိုက်မိသည်။ ခါတိုင်းလိုပဲ သပ်သပ်ရပ်ရပ်ရှိလှသည်။ အဝတ်အဆင်မှာလည်း ထည်ထည်ဝါဝါကြီးဟုမဆိုသာ။ သူလိုကိုယ်လိုသာဖြစ်သည်။ အသားအရည်စိုပြည်၍မျက်နှာသွင်ပြင်ကလည်း ပြည့်ပြည့်တင်းတင်းရှိသည်။ သူကြည့်ပုံ စကားပြောနှုတ်ဆက်ပုံသည် တစ်ဘက်သားကို သက်သောင့်သက်သာရှိစေသည်။ သူကိုယ်တိုင်လည်း စိတ်ရောလူပါ သက်သောင့်သက်သာဖြစ် အောင်နေတတ် သည့် အသွင်ကိုဆောင်သည်။ ဤသို့သောသွင်ပြင်မှုဟန်မှာ လူတိုင်းတွင် မရှိနိုင်ကြောင်း ကျွန်တော်သိလာခဲ့သည်မှာကြာပါလေပြီ။

ဦးသိန်းဖေမြင့်သည် သက်သောင့်သက်သာလေး ထိုင်လိုက်၍သက်သောင့်သက်သာလေးပင်စကားအစပျိုးလိုက်ပါသည်။

''ဖိုးအောင်သင်းရေ–ကိုယ်ဖိုးအောင်သင်းရဲ့ စာတွေကို ဖတ်ပါတယ်။ အခုလာခဲ့တာကတော့ စရိုက်သေနဲ့စရိုက်ရှင်တွေရဲ့ သဘောနဲ့ ပတ်သက်လို့ ထပ်ပြီးသိချင်တာလေးတွေ ရှိနေတာကြောင့် ဖိုးအောင်သင်းဆီကိုလာခဲ့တာပါပဲ''

ကျွန်တော့်ကို ဦးအောင်သင်းဟုလည်းမခေါ်၊ ကိုအောင်သင်း ဟုလည်းမခေါ်။ 'ဖိုးအောင်သင်း' ဟုခေါ်လိုက်သည်ကို ကျွန်တော်သတိထားလိုက်မိသည်။ ထို့ပြင် သူ့ကိုယ်သူ 'ကိုယ်' ဟုပြောလိုက်သည်ကိုလည်း သတိထားလိုက်မိသည်။ သူသည်

ကျွန်တော့်အား မလှမ်းမကမ်းရင်းနှီးမှု ယူလိုက်သည်ကို ကျွန်တော် ယခုထက်တိုင် ချစ်နေမိဆဲ။

''ဟုတ်ကဲ့ ပြောပါဆရာ၊ ကျွန်တော် နားလည် သလောက်ကိုပြောပါ့မယ်''

''ဒီလိုလေ ကိုယ်တို့တစ်တွေ ဝတ္ထုတွေရေးနေကြတာပဲ။ ကိုယ်တို့ ရေးနေတာက လူတွေဟာ ဒီလိုအခါမျိုး မှာဖြင့်ဒီလို ဖြစ်တတ်တယ်၊ ဒီလိုဖြစ်လာရင် ဘယ်လိုလုပ်တတ်တယ် ဆိုတဲ့ သဘောမျိုးတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင် ပြီးရေးကြတာကိုး''

''ဟုတ်ပါတယ်ဆရာ၊ ဝတ္ထုဆရာဟူသမျှဟာ ဒီသဘော မျိုးနဲ့ အားထုတ်ပြီးရေးကြရတာပါပဲ''

''ဆိုပါစို့ ဖိုးအောင်သင်းက 'အရှေ့ကနေဝန်း' ထဲက 'တင်ထွန်း'ကို စရိုက်ရှင်ရယ်လို့သတ်မှတ်ပေးထားပါတယ်။ အမှန် ပြောရရင် ကိုယ်ရေးလိုက်တုန်းကတော့ စရိုက်ရှင်ဆိုတာတွေ ဘာ တွေကိုသိတာကြောင့်တော့မဟုတ်ပါဘူး။ သို့သော်လည်း လူတွေ ဟာ ဘဝသက်တန်းတစ်လျှောက်မှာ အတွေ့အကြုံတွေကြောင့် ခံယူချက်တွေ၊ စရိုက်တွေပြောင်းလာတတ်တယ် မဟုတ်လား။ နောက်ပြီးဘယ်သူ့မှာမဆို ကောင်းကွက်ရှိသလို ညံ့ကွက်လည်း ရှိနိုင်ကြတာပဲ။ အဲဒီလို အသိမျိုးနဲ့ ရေးလိုက်တာပါပဲ''

''ဒါပေါ့ဆရာ၊ ဝတ္ထုဆရာဆိုတာက ဘဝကိုသုံးသပ်ပြီး ရေးတာမဟုတ်လား။ အဲဒါကိုကြည့်ပြီး စာပေသဘောတရား ဆရာ တွေ၊ ဝေဖန်ရေးဆရာတွေက ဝတ္ထုကိုသုံးသပ်ကြတာပါပဲ''

''ဒီလိုဆိုတော့ ကိုယ့် 'သပိတ်မှောက်ကျောင်းသား' ထဲက'ညိုထွန်း'ကိုဆိုရင် ဖိုးအောင်သင်း ဘယ်လိုသဘောထား မလဲ။ စရိုက်သေလို့ပြောမလား၊ စရိုက်ရှင်လို့ပြောမလား''

''ကျွန်တော့်အနေနဲ့ပြောရရင်တော့ စရိုက်သေလို့ပဲ ပြော ရမှာပဲ။ ဇာတ်ကောင်တစ်ခုရဲ့ စရိုက်ကိုရှင်သန်ပြောင်းလဲဖို့ ဆိုတာ က အတွေ့အကြုံတွေနဲ့ ရင်ဆိုင်ပေးဖို့အချိန်ကာလကလည်း ထိုက် သင့်သလောက်တော့ ယူရဦးမယ်မဟုတ်လား။ သပိတ်မှောက်

ကျောင်းသားဝတ္ထုရဲ့အချိန်ကာလနဲ့ အရှေ့ကနေဝန်းရဲ့ အချိန်ကာလဟာ ယှဉ်လို့မရနိုင်အောင် ကွာနေတာပဲ။ သပိတ်မှောက်ကျောင်းသားအချိန်ကာလက ကျွန်တော်မှတ်မိသလောက် လပိုင်းလောက်ကလေး ရှိတာကိုး။ နောက်ပြီး ဦးသိန်းဖေမြင့်ကိုယ်တိုင်ရဲ့ ရည်ရွယ်ချက်က မျိုးချစ်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကိုလှုံ့ဆော်ချင်တာမဟုတ်လား။ ဒီတော့ စရိုက်သေသည်သာလျှင်အဆီလျော်ဆုံးဖြစ်နေတယ်။ ဒါကြောင့် လိုအပ်ချက်အရ စရိုက်သေကို ဆရာဖန်တီးမိသွားခဲ့တာ ဖြစ်မှာပေါ့''

ဦးသိန်းဖေမြင့် ခဏလောက်ငြိမ်ပြီး စဉ်းစားနေသည်။ ကျွန်တော်ကလည်း သူ့ကိုကြည့်ပြီး စဉ်းစားမှန်းဆ နေမိသည်။ **သူ 'မြသန်းတင့်'ကို တုံ့ပြန်တော့မည်ထင်သည်။**

မြသန်းတင့်က'ကျွန်တော်ဆက်၍ရေးချင်သောဝတ္ထုများ' တွင် ညိုထွန်းကို အားမလိုအားမရရှိဟန်ဝေဖန်ခဲ့သည်ကို ကျွန်တော်မှတ်မိနေသည်။ စင်စစ် မြသန်းတင့်ကလည်း ပြည်သူ့တော်လှန်ရေးကိုပင်ဦးတည်သည်ဟု ကျွန်တော်နားလည်မိပါသည်။ သို့သော် သူတို့လိုစာရေးဆရာများတွင် ဦးတည်ချက်ချင်း တူနေစေဦးတော့ နောက်ခံနိုင်ငံရေးသမိုင်းကြောင်း ဂိုဏ်းစွဲလေးတွေက ငြိနေတတ်သည်။ ယောင်တောင်ပေါင်တောင်ပြည်သူ့ဘက်တော်သား ဟေးလားဝါးလားစာရေး ဆရာများနှင့် တူသည်မဟုတ်ချေ။

ထိုစဉ်က ကျွန်တော်နှင့် မြသန်းတင့်တို့မှာ လူချင်းသိကျွမ်းဖူးရုံမျှလောက်သာရှိသည်။ နောင်အခါ စာပေဟောပြောပွဲတွေကို တတွဲတွဲထွက်ကြရတော့မှသာ ညီရင်းအစ်ကိုလို ရင်းနှီးလာခဲ့ရခြင်းဖြစ်သည်။

ခဏကြာမှ ဦးသိန်းဖေမြင့်က–

''ဒီလိုဆိုတော့ ဝတ္ထုတိုမှာ စရိုက်ရှင်သွင်းလို့ ရနိုင်ပါ့မလား''

''ဝတ္ထုတိုမှာစရိုက်ရှင်သွင်းမယ်ဆိုရင် ကောင်းကွက် ဆိုးကွက် ရောပြွမ်းနေတာမျိုးလောက်ကိုတော့ဖြင့် သွင်းလို့ရနိုင်

လောက်မယ်ထင်ပါတယ်။ ဦးသိန်းဖေမြင့်ရဲ့ ဝတ္ထုတိုတွေမှာလည်း ဒီလိုစရိုက်ရှင်မျိုးလေးတွေပါနေတာပါပဲ။ သို့ပေမယ့် ရှင်သန်ပြောင်းလဲသွားတဲ့စရိုက်ရှင်မျိုးကို ပီပြင်အောင်ပြနိုင်ဖို့တော့ မဖြစ်နိုင်ဘူးထင်တယ်။ ကာလကလည်း များသောအားဖြင့် တိုတောင်းတယ်မဟုတ်လား။ စာရေးဆရာဖြစ်သူက စရိုက်ပြောင်းသွားတဲ့အကြောင်း ပြောပြလိုက်တာမျိုးကတော့ ဖြစ်နိုင်တာပေါ့။ ငါးရာ့ငါးဆယ်ဇာတ်တော်တွေမှာလည်း....''

''ဟုတ်ပါတယ်၊ အဲဒီလိုမျိုးကတော့ လွယ်တာပေါ့၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဖိုးအောင်သင်းနဲ့စကားပြောရတာ ကျေနပ်ပါတယ်။ မြန်မာစာဌာနမှာ ဒီလိုခေတ်သစ်စာပေတွေကို ထည့်သွင်းပြီးလေ့လာသင်ကြားဖို့ ကိုယ်ကစပြီးတိုက်တွန်းခဲ့ရတာ''

''သိပါတယ်ဆရာ၊ ဆရာ့ကိုလည်းကျေးဇူးတင်ပါတယ်။ အရင်ကဆိုရင် ကျွန်တော်တို့ဌာနက ကုန်းဘောင်ခေတ်မှာပဲ ရပ်နေခဲ့ကြတာ။ ဆရာ့ကိုလည်းကျွန်တော်မေးချင်တာလေးတစ်ခုရှိသေးတယ်''

''ဟုတ်လား–မေးလေ၊ မေးပါ''

''ဒီလိုပါဆရာ၊ အရှေ့ကနေဝန်းထဲမှာ တင်ထွန်းက မမြမှီနဲ့ ကလောဘက်ကိုတက်သွားတယ်။ ပြန်လာတဲ့ ညဘက်မှာ ဗေဒကဝိန်ဦးတက်ရှိန်ဆီကိုလူတစ်ယောက်က အတွင်းဝန် ဖြစ်ချင်လို့ဗေဒင်မေး ဓာတ်ရိုက်ဖို့ရောက်လာတယ်။ အဲဒီကနေပြီး နိုင်ငံရေးအခြေအနေတွေကို ပြောကြဆိုကြရင်း တင်ထွန်းက ရာထူးမက်နေကြတဲ့ နိုင်ငံရေးသမား လက်ပောင်းကြီးတွေကို ဒေါသထွက်လာတယ်....''

ဤနေရာတွင် ကျွန်တော်က ဆရာဦးသိန်းဖေမြင့်ကို မေးသည့်အတိုင်းမျှသာ ပြန်ပြီးရေးထားလိုက်မည်ဆိုလျှင် စာဖတ်သူမှာ အူလည်လည်ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် စကားစပ်ကလေးကိုတော့ သည်းခံပြီးဖတ်လိုက် စေချင်ပါသည်။

ဇာတ်လိုက် တင်ထွန်းက လင်ရှိမိန်းမ မမြမှီနှင့် ရှမ်းပြည်

နယ် ကလောဘက်သို့ တက်သွားပြီး ပျော်ချင်တိုင်းပျော်ခဲ့ကြသည်။ ပြန် လာသောအခါတွင် တစ်ခန်းတည်းအတူငှားနေသူ 'ဗေဒကဝိန် ဦးတက်ရှိန်'ထံ လူတစ်ယောက်က ရာထူးတက်လို၍ ဗေဒင်လာ မေးရာမှစပြီး ရာထူးရရေးကိုသာ တပ်မက်နေကြသော နိုင်ငံရေး သမားကြီးတွေကို တင်ထွန်း ကဒေါသထွက်လာသည်။ ထို့ကြောင့် ဦးတက်ရှိန်အား နိုင်ငံရေးတရားဟောနေဘိသည့်အလား အခန်း ထဲတွင် ဟိုမှသည်မှလမ်းလျှောက်ရင်း တင်ထွန်းက မြန်မာ့အရေး၊ ကမ္ဘာ့အရေးတွေကို ပြောနေမိသည်။ ဖတ်ကြည့်ပါ။

x x x

*''ရှုပ်ပါပေ့ဆရာ ရှုပ်ပါပေ့။ တစ်ကမ္ဘာလုံးကူးစက်မယ့် စစ်မီးဟာ ဥရောပမှာ တဟုန်းဟုန်းတောက်နေပြီ။ ဒီအခြေအနေမှာ ကိုယ်ပြည်ချမ်းသာအောင်၊ ကိုယ်အမျိုးလွတ်လပ်အောင် မတွေး တော မဆောင်ရွက်ကြဘူး။ ကိုယ့်စားပေါက်၊ ကိုယ့်ရာထူး တက် ပေါက်သာ ကြည့်နေကြတယ်။ ''*

x x x

ဤသို့အစချီပြီး တင်ထွန်းက ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း နိုင်ငံရေးတရားဟောသလိုပြောနေသည်ကို ဦးသိန်းဖေမြင့်က ရေးသွားလိုက်သည်မှာ စာတစ်မျက်နှာလောက် ရှိပြီး စာဖတ်သူပင် နားညည်းစိတ်ညစ်လာလောက်အောင် ရေးပစ် လိုက်သည်။ ဤသို့ရေးပစ်လိုက်သည်မှာ ဇာတ်လမ်းကို ကြီးစွာ သော အထောက်အပံ့ကိုဖြစ်စေသည်။

တင်ထွန်းက သူ၏ဟောပြောချက်များနှင့်ပတ်သက်ပြီး ဦးတက်ရှိန်၏ တုံ့ပြန်မှုကိုသိလိုသောကြောင့် ပြန်ကြည့် လိုက်တော့ ဦးတက်ရှိန်က သူ့ဟောပြောချက်တွေကို တစ်ချက်ကလေးမျှ စိတ်မဝင်စားဘဲ ပုတီးကိုသာ တွင်တွင်ကြီးစိပ်နေသည်။

နောက်ပိုင်းကို ဦးသိန်းဖေမြင့်ရေးထားသည့်အတိုင်း ဆက်ပြီးဖတ်ကြည့်စေချင်ပါသည်။

x x x

သို့ကလို ဟိုဟိုသည်သည်လျှောက်ရင်း သခင်တရား ဟောသောလေဖြင့်ပြောပြီးနောက် ဗေဒကဝိန်ဦးတက်ရှိန်၏ တုံ့ပြန်ချက်ကိုသိလိုသဖြင့် သူ့အားလှည့်ကြည့်လိုက်လေသည်။ ဦးတက်ရှိန်ကား ကြီးစွာသောသမာဓိဖြင့် မျက်စိမှိတ်ကာ ပုတီးစိပ်လျက်ရှိလေသည်။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ဖတ်နေလေသည်။ ကျွဲပါးစောင်းတီးဖြစ်ရသည် ဟုဆိုရမည်လည်းအခက်။ ပုတီးစိပ်နေသူအားကျွဲနှင့်မနှိုင်းအပ်ပါပြီ။ သို့ရာတွင် ဆရာဦးတက်ရှိန်အားနည်းနည်းမျှမကျေနပ်ပါ။ ကျွန်တော်သည် ဆရာဦးတက်ရှိန်အား မျက်စောင်းကြီးထိုး၍ အကြာကြီးပင်ကြည့်နေသေးသည်။ သူကား ကျွန်တော်စကားပြောရပ်သွားသည်ကို အနည်းငယ်မျှပင် ဂရုထားဟန်မရှိ။ မျက်စိတစ်ချက်မျှ ဖွင့်မလာ။ စိပ်ပုတီးကိုသာ တွင်တွင်စိပ်နေသည်။

ကျွန်တော်သည် ဆရာဦးတက်ရှိန်အား မကျေမနပ်ဖြစ်သည်နှင့်အမျှ အိပ်ရာလိပ်ကိုရန်မူနေမိသည်။ ဒိုင်းခနဲ ပစ်ချပြီး ဆောင်ကြီးအောင့်ကြီးနှင့်ခင်းလိုက်သည်။ ဘုန်းခနဲ ဘုန်းခနဲ ရိုက်နှက်ပြီးဖုံခါလိုက်သည်။ ဦးတက်ရှိန်ကား သမာဓိကောင်းလှ၏။ တစ်ချက်ကလေးမျှ ကျွန်တော့်ဘက်ကိုမကြည့်။ သို့ရာတွင် ပုတီးစိပ်နေသောလက် တဖြည်းဖြည်း နှေးလာသည်ကိုမြင်ရသည်။

ကျွန်တော်လည်း ခြင်ထောင်ချပြီး အိပ်လိုက်၏။ ဦးတက်ရှိန်အား မကျေနပ်ရာမှ ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်လာပြန်သည်။ ငါကကော ဘာလုပ်နေသလဲ။ နိုင်ငံရေးသမား ယောင်ယောင်၊ သတင်းစာအယ်ဒီတာ ယောင်ယောင်၊ နိုင်ငံရေးခြေသလုံးအိမ်တိုင်လုပ်တော့မည်ယောင်ယောင်၊ ခြေခြေမြစ်မြစ်အလုပ်အကိုင်လုပ်ပြီး မိဘကျေးဇူးဆပ် လုပ်ကျွေးတော့မည့်ယောင်ယောင်၊ တင်ထွန်း ထိထိရောက်ရောက် လုပ်ခဲ့တဲ့ အလုပ်တစ်ခုသာရှိတယ်။ မမြဴမှိုနဲ့ ကြာခိုတာပါပဲ။

"ဖြန်း"ခနဲ ကြမ်းပေါ်သို့ စိပ်ပုတီးကုံး လွတ်ကျသံကြားရသဖြင့် အတွေးရပ်သွားလေသည်။ ဆရာဦးတက်ရှိန် အိပ်

*ပျော်သွားဟန်တူသည်။ ကျွန်တော်လည်း ပုတီးစိပ်ပြီး အိပ်ရလျှင် ကောင်းလေစွဟု အောက်မေ့မိလေသည်။*

*အိပ်ပျော်တော့ ကလောဟိုတယ် မမြမှီ၏ရင်ခွင်ထဲသို့ ရောက်သွားပြန်လေသတည်း။*

x x x

''ကျွန်တော်အဲဒီအကွက်ကလေးမှာ ဆရာဦးသိန်းဖေမြင့် ရေးထားပုံကလေးကို သိပ်ကြိုက်တာပဲ။ တင်ထွန်း ကိုယ်တိုင်က ရင့်ကျက်မှုမရှိသေးတာကို ပေါ်လွင်စေတဲ့ပြင် မမြမှီနဲ့ ဖြစ်နေတာကို မကောင်းမှန်းသိသိကြီးဖြစ်နေပါလျက် လွတ်အောင်မရုန်းနိုင်သေးတဲ့အဖြစ်ကိုလည်း တော်တော်ကြီးပေါ်လွင်စေတယ်။ ကျွန်တော် ဦးသိန်းဖေမြင့်ကိုမေးချင်တာက''ဖြန်း''ဆိုတဲ့ စိပ်ပုတီးကုံး လွတ်ကျတဲ့အသံပါပဲ။ တင်ထွန်းက တစ်ခြားနိုင်ငံရေးသမားကြီး တွေကို ရှုတ်ချနေမိတယ်မဟုတ်လား၊ နောက်တော့မှ သူ့ကိုယ်သူ ပြန်ပြီး ဝေဖန်လိုက်တယ်။ သူရေရေရာရာ လုပ်နေတဲ့ အလုပ်က မမြမှီတဲ့ ကြာခိုနေတဲ့အလုပ်ပဲရှိတယ်လို့ သတိရလိုက်တယ်။ သူ့ ကိုယ်သူ ပက်ပင်းမြင်လိုက်တော့ 'ဖြန်း'ခနဲလန့်သွားတယ်။ မိမိ ကိုယ်မိမိစွပ်စွဲလိုက်တော့လန့်သွားတာပေါ့။ အဲဒါကို စိပ်ပုတီးလွတ် ကျသွားတဲ့အသံနဲ့ နိမိတ်ပုံဖော်လိုက်တယ်။ ရုပ်ရှင် ဆိုရင်တော့ဖြင့် အထူးနှိုင်းပြချက် (Montage) လို့ ခေါ်ကြလေ မလားမသိဘူး။ ကျွန်တော်ကတော့ ဆရာဦးသိန်းဖေမြင့်က အဲဒီလိုဖြစ်အောင် တွဲပေးလိုက်တယ်လို့ထင်မိတယ်။ အဲဒါကိုမေးကြည့် ချင်တာပါ''

ဦးသိန်းဖေမြင့် အတော်လေးကြာကြာငိုင်သွားပါသည်။ ပြီးမှ ခပ်ဆိုင်းဆိုင်း ပြောပါသည်။

''ဖိုးအောင်သင်း မေးလိုက်တာကိုဖြေရမှာ အတော်လေး ခက်သလိုပဲ။ ဒီလိုလေ သိလို့လုပ်လိုက်တာလား၊ မသိဘဲ လုပ် လိုက်မိတာလားဆိုတာကို ပြောဖို့ခက်တယ်လို့ဆိုလိုတာပါ။ အမှန် က ရေးနေစဉ်တုန်းက ဒီလိုလေး ငါလုပ်လိုက်မယ်ဆိုတာမျိုး မသိ တာတော့ အမှန်ပဲ''

''နိုးနိုးကြားကြားသိနေလို့ တမင်လုပ်လိုက်တာတော့ မဟုတ်ဘူးပေါ့''

''ဟုတ်တယ်၊ ကိုယ်ပြောချင်တာ အဲဒါပဲ။ တမင်လုပ်လိုက်တာတော့မဟုတ်ဘူး။ သို့ပေမယ့် ဒီလိုလေး လုပ်လိုက်ရင် ကောင်းမယ်ဆိုတာမျိုးတော့ အသိခံလေးရှိနေတယ်လို့ထင်တယ်''

''ကျွန်တော်လဲ အဲဒီလိုပဲ ထင်ထားမိပါတယ်။ သေချာအောင်သာမေးကြည့်လိုက်တာပါ။ သိုင်းပညာတတ်ထားတဲ့ သူတွေဟာ သူတို့ကိုယ်သူတို့ သတိထားပြီးလုပ်လိုက်တာ မဟုတ်ဘဲ သိုင်းကွက်ဖြစ်သွားသလိုပေါ့''

ဆရာဦးသိန်းဖေမြင့်က အနည်းငယ်ရယ်မောလိုက်ပြီး

''ဖိုးအောင်သင်းက ဥပမာပေးကောင်းတယ်''

''နောက်ပြီး မမြမိုဇ်ရင်ခွင်သို့ ပြန်ရောက်သွားလေသည် ဆိုတာနဲ့ အဆုံးသတ်လိုက်ပုံကိုလည်း ကျွန်တော်သဘောကျတယ်။ တင်ထွန်းရဲ့ အဇ္ဈတ္တအားပြိုင်မှု (internal conflict) ကို သိပ်ပေါ်လွင်စေတယ်လို့ထင်တယ်''

''ဒါထက် ဖိုးအောင်သင်းကို ပြောလိုက်ရဦးမယ်။ ဒီစာအုပ်က သိပ်ပြီးရှည်လွန်းတယ်မဟုတ်လား။ ကိုယ်စိတ်ထဲမှာ ကမ္ဘာ့ဂန္ထဝင်စာအုပ်တွေကို abridged (အကျဉ်းချုံးပြီး) ထုတ်သလိုထုတ်ချင်တာ။ ကိုယ်တိုင်လုပ်ဖို့စဉ်းစားကြည့်တော့ လုပ်လို့မရသလိုဖြစ်နေတယ်''

''အမှန်ကတော့ ကျောင်းသားလှုပ်ရှားမှုတွေ၊ နိုင်ငံရေးဖြစ်ရပ်တွေကို လိုအပ်သလောက်ပဲအကျဉ်းချုပ်ထည့်လိုက်ရင် အတော်လေးကို တိုသွားမှာပါပဲ။ ဇာတ်လမ်းဖြစ်ရပ်ကိုလည်း တစ်ချို့နေရာတွေမှာ ထိုက်သင့်သလောက် အကျဉ်းချုပ်သွားရမှာပေါ့။ ဆရာကိုယ်တိုင်လုပ်လို့မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအကြောင်းတွေကိုပြန်ပြီးရေးဖို့ ဆရာကိုယ်တိုင် တက္ကသိုလ် စာကြည့်တိုက်ကိုသွားပြီး သတင်းစာတွေဘာတွေထဲက သုတေသနလုပ်သလိုရှာဖွေစုဆောင်း ထားရတာတွေမဟုတ်လား။ ဒီတော့

ဖြုတ်ရဖြုတ်ရမှာနှမြောနေမှာပေါ့''

''ကိုယ်တိုင်လုပ်လို့မရတာနဲ့ ကိုကျော်ရင် (ကွယ်လွန်သူ ပါမောက္ခဦးကျော်ရင်) ကိုလုပ်ပေးစမ်းပါလို့ပြောတော့၊ သူကြိုးစား သေးတယ်။ ဒါပေမယ့် သူလည်း လက်လျှော့သွားတယ်''

''ဆရာဦးကျော်ရင်ကော ဘာထူးမှာလဲ၊ ဒီဇာတ်လမ်း တွေထဲမှာ သူကိုယ်တိုင်ကလည်းပါနေခဲ့တယ်မဟုတ်လား။ သူလည်းနှမြောနေမှာပဲပေါ့။ ဒါမျိုးဆိုတာက သံယောဇဉ်ရှိနေလို့ ဖြစ်တာမှ မဟုတ်ပဲဆရာ''

''ဒါပေမယ့် ဖိုးအောင်သင်းရေ၊ အဲဒီဝတ္ထုကို အဲဒါတွေ ပါနေလို့သိပ်ကြိုက်တဲ့လူငယ်တွေကိုလည်းကိုယ်တွေ့ရသေးတယ်''

''သူတို့က ဝတ္ထုအဖြစ်ဖတ်တာမဟုတ်ဘဲ ဆရာလည်း သိပါတယ်၊ ဝတ္ထုရေးဆရာတစ်ယောက်အဖို့မှာ တစ်စုံတစ်ခုသော အကြောင်းအရာကိုသိပ်ပြီးသိလွန်းနေရင် အန္တရာယ်ကြီးတယ် ဆိုတာကို။ ဒီအကြောင်းအရာကိုသိပ်ပြီး သိနေလေလေတော့ လက်ကိုချုပ်ဖို့ အလွန်ခက်တာပေါ့။ ဒီလိုပဲ စာဖတ်သူမှာ သူ လိုချင်တဲ့သုတတွေကိုရလိုက်ရင် ဝတ္ထုကိုပါ ဝတ္ထုကောင်းလို့ ထင် သွားတတ်ကြတယ်မဟုတ်လား''

ဦးသိန်းဖေမြင့်က ဘာမျှမပြောဘဲခဏလောက် ငြိမ်နေ ပြီးနောက်မှ–

''အင်း ဖိုးအောင်သင်းပြောတာလည်း ဟုတ်တော့ ဟုတ်တာပဲ'' ဟုပြောပါသည်။

ဦးသိန်းဖေမြင့်ကို နိုင်ငံရေးသမားတစ်ယောက် အဖြစ် ကြည့်လျှင် မည်သို့မည်ပုံဖြစ်မည်ကိုကျွန်တော် မဝေဖန်လိုပါ။ သို့သော်စာပေသမားတစ်ယောက်နေနှင့် ပြောလိုက်ရလျှင်မူ သူ သည် အလွန်ကိုချင့်ချင့်ချိန်ချိန်ရှိသည်ဟု ကျွန်တော်ထင်မိသည်။ ဆွေးဆွေးနွေးနွေး စကားပြောလို့ဆိုလို့ အလွန်ကောင်းသော ပုဂ္ဂိုလ် တစ်ယောက်ဖြစ်ပါသည်။

ယခုထက်တိုင် ကျွန်တော်သူ့ကိုနှမြောနေမိသည်။

**အောင်သင်း၏ စရိုက်သေ စရိုက်ရှင် ဂယက်**

အထက်တစ်နေရာတွင် **''သူ မြသန်းတင့်ကို တုံ့ပြန်တော့မည်ထင်သည်''** ဟုကျွန်တော် ရေးခဲ့ပါသည်။ ကျွန်တော့် ခန့်မှန်းချက်မလွဲပါ။ များမကြာမီမှာပင် သူ၏ ''စာပေဘာဝ ဇာတ်လမ်းစုံ (၃)'' ထွက်လာပါလေသည်။

ထိုစာအုပ်ကို ၁၉၈၁ ခု မတ်လတွင် 'တော်လှန်ရေးနေ့ ကိုဂုဏ်ပြု အထူးထုတ်ဝေသည်'ဟူသော မှတ်ချက်ဖြင့် ထုတ်ဝေလိုက်သည်။ ဦးသိန်းဖေမြင့်၏ စာပြီးလက်မှတ်ကိုကြည့်လိုက်သောအခါ 'သိန်းဖေမြင့်၊ ၁၁-၃-၇၇' ဟုတွေ့ရသည်။သူ ကွယ်လွန်သည်မှာ ၁၅-၁-၇၈ ဖြစ်သည်။ ထို့ကြောင့် ထိုစာအုပ်ထွက်လာသောအခါသူမရှိတော့ပြီ။ ထို့ကြောင့်သူ၏ နောက်ဆုံးလက်ရာဟု ကမ္ပည်းတင်ထားသည်ကိုလည်းတွေ့ရသည်။

ထိုစာအုပ် စာမျက်နှာ ၆၇ တွင် စရိုက်သေ စရိုက်ရှင် တုံ့ပြန်ချက်ကိုတွေ့ရသည်။ သူ၏ တုံ့ပြန်ပုံကိုစာဖတ်သူတို့ ရေလည်စိမ့်သောငှာ ပြည့်စုံအောင်ဖော်ပြလိုက်ပါသည်။ ( ဦးသိန်းဖေမြင့်၏ စာအုပ်စာမျက်နှာတို့ကိုညွှန်းလျက် အတိုချုပ်ပြောပြလိုက်လျှင် ဖြစ်နိုင်ကြောင်းကိုကျွန်တော်သိပါသည်။ သို့သော်လည်း တစ်ရှိန်ထဲ ဆက်တိုက် ဖတ်သွားလိုက်ရခြင်း၏ အရသာကိုလည်း ကျွန်တော် သိနေပါသည်။ ထို့ကြောင့် ပြည့်စုံအောင်ထည့်ပေးလိုက်ခြင်းကို စာဖတ်သူခွင့်လွှတ်လိမ့်မည်ထင်ပါသည်။)

အထက်တစ်နေရာတွင် သူတို့လို နိုင်ငံရေးခံယူချက်နှင့်ရေးသောစာရေးဆရာများတွင် ဂိုဏ်းစွဲကလေးတွေ ကပ်ပါနေတတ်ကြောင်း ကျွန်တော်ရေးခဲ့ပါသည်။ ထို့ပြင် ကျွန်တော် သတိထားမိသလောက်က မြသန်းတင့်သည် ထိုအချိန်တွင် စာပေလောကသို့ပြန်ဝင်နိုင်ရန် တာစူနေဆဲဖြစ်သည်။ သူသည် ထိုအခိုက်ကာလ၏ စာပေလောက၏အနေအထားကို စမ်းတဝါးဝါး ဖြစ်နေသည်။ ထို့ကြောင့် သူ့ငယ်စွဲစာအုပ်များကို ပြန်လည်နိုးကြားစေ

လျက် သူ့လက်ကို ပြန်ပြီးသွေးနေခြင်းဖြစ်သည်ဟု ကျွန်တော် ခန့်မှန်းကြည့်မိသည်။ ထို့ပြင် သူကိုယ်တိုင်က နိုင်ငံရေးတွင် လက်တွေ့ပါဝင် လုပ်ဆောင်လိုစိတ် နည်းပါးသွားပြီဟုလည်းထင်သည်။ အကြောင်းက သူဆက်ရေးချင်သောဝတ္ထုတွေထဲက ဇာတ်ဆောင်အချို့သည် နိုင်ငံရေးလောကကိုစွန့်ခွာသွားခဲ့ကြောင်းကိုလည်း ကျွန်တော်သတိထားခဲ့မိသောကြောင့်ဖြစ်သည်။

ကျွန်တော်မြသန်းတင့်အား ထိုအကြောင်းတွေနှင့် ပတ်သက်၍ တစ်ခွန်းမျှမမေးဖူးပါ။ သို့သော်သူတို့နှစ်ယောက် ပေါင်းပြီး 'နွံထဲကကြာ' ဟူသောစာအုပ်တစ်အုပ်ပင် ထုတ်လိုက်ခဲ့သေးသည်ကိုတော့ သတိရနေမိသည်။။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ သူတို့နှစ်ယောက်လုံးကို ချစ်နေမိသည်ပင်ဖြစ်သည်။

ထို့အပြင်ကျွန်တော် စတင်မိတ်ဆက်ခဲ့သော စရိုက်သေစရိုက်ရှင်ကိုတကယ့်ဝတ္ထုသမားကြီးများဖြစ်ကြသော ဦးသိန်းဖေမြင့်နှင့်မြသန်းတင့်တို့လောကတွင်ဂယက်ခတ်လာခဲ့ပါလေပြီ။ကျွန်တော်ပျော်သွားမိခဲ့သည်ကိုစာဖတ်သူ လှောင်လျှင်လည်းခံရပါတော့မည်။

## သူ နောက်ဆုံးပြောခဲ့တဲ့ပွဲ

၁၉၇၇ လောက်တွင် မြန်မာစာဌာန စာပေရေးရာဟောပြောမှုကော်မီတီက ဦးဆောင်ပြီးခေတ်ပြိုင်ဝတ္ထုများကို ဝေဖန်သုံးသပ်သော စာတမ်းဖတ်ပွဲများကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ကျင်းပခဲ့သည်။ ကျွန်တော်က ခေတ်ပေါ်ဝတ္ထုများကို တာဝန်ယူ သင်ကြားနေရသည်ဖြစ်ရာကျောင်းသားများအား လက်တွေ့ကွင်းဆင်းလေ့လာသည့်သဘောနှင့် စာတမ်းများကို လေ့ကျင့်ရေးသားဖတ်ကြားစေခဲ့ခြင်းဖြစ်သည်။ ဝင်ကြေးကိုလည်း ယူခဲ့သည်။ ဝင်ကြေးယူခဲ့သည်မှာလည်း လက်ဖက်ရည်တစ်ခွက်ဖိုးမျှသာ ဖြစ်ပါသည်။ စိတ်ဝင်စားသူတို့လောက်သာ လျှင်ဝင်ကြစေချင်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်က ပွဲတိုင်းတွင် သဘာပတိလုပ်ခဲ့ပါသည်။ တစ်ပတ်လျှင်တစ်ခါလောက် စာတမ်းသုံးကြိမ်ဖတ်ခဲ့ရာ

နောက်ဆုံးစာတမ်းတစ်ခုတွင် ဦးသိန်းဖေမြင့်နှင့်ဇနီး ဒေါ်ခင်ကြည်ကြည်တို့ ကိုယ်တိုင်တက်ရောက်လာပါသည်။

ကျွန်တော့်တပည့်ငယ်က စာတမ်းဖတ်၍ပြီးသောအခါ ပရိသတ်ရှေ့ဆုံးတန်းတွင်ထိုင်နေသူဦးသိန်းဖေမြင့်က သဘာပတိဖြစ်သူ ကျွန်တော့်အား လက်ကလေးထောင်ပြလိုက်ပြီး 'ဦးအောင်သင်း ကျွန်တော် ၅ မိနစ်လောက်ပြောပါရစေ၊ ကျွန်တော် သွားစရာလည်း ရှိနေပါသေးတယ်' ဟုခွင့်တောင်းပါသည်။ ကျွန်တော်ကတော့ ဝမ်းသာသည်ပေါ့။ သူလို စာရေးဆရာ ရင့်မကြီးတစ်ယောက်က ကျွန်တော့်တပည့်ငယ်ကလေးများ၏ စာတမ်းဖတ်ပွဲကို အသိအမှတ်ပြု ခဲ့ပြီမဟုတ်ပါလား။ (သူက ကျွန်တော့်ကို 'ဖိုးအောင်သင်း'ဟု မခေါ်ဘဲ 'ဦးအောင်သင်း'ဟု အာလုပ်ပြုလိုက်ပြီး သူ့ကိုယ်သူလည်း 'ကိုယ်' ဟုမဆိုဘဲ 'ကျွန်တော်'ဟု နာမ်စားပြုလိုက်သည်ကိုလည်း သတိထားလိုက်မိပါသည်။ သူ့နေရာနှင့်သူ ခွဲပြီးစကားဆိုခဲ့ခြင်းဖြစ်ပါပေသည်။)

ကျွန်တော်က ဝမ်းမြောက်ဝမ်းသာပြောခွင့်ပြုလိုက်သောအခါ သူပြောပါသည်။ သူပြောခဲ့သည်ကို အကျဉ်းချုပ် လိုက်ရလျှင် မြန်မာစာဌာနတွင် ခေတ်သစ်မြန်မာစာပေကို လေ့လာစေသင့်ကြောင်းသူကအဆိုပြုခဲ့ကြောင်း၊ တိုက်တွန်းခဲ့ကြောင်း၊ ယခုအခါ အကောင်အထည်ပေါ်လာရုံမျှမက ကျောင်းသားများကပင်ခေတ်ပြိုင်ဝတ္ထုတွေကို စာတမ်းဖတ်သုံးသပ်သည့် အဆင့်သို့ပင် ရောက်လာသောကြောင့် ဝမ်းမြောက်စွာကြိုဆိုလိုက်ပါကြောင်းပင် ဖြစ်ပါသည်။

(ထိုစဉ်အခါကတော့ ဦးသိန်းဖေမြင့်အဖို့ ပွဲလမ်းတစ်ခု လူအများရှေ့တွင် နောက်ဆုံးအကြိမ်စကား ပြောခြင်းဖြစ်ကြောင်း မည်သူသိနိုင်ပါမည်နည်း။ နောင်အခါတွင်မှ ဒေါ်ခင်ကြည်ကြည်က သတိတရ ပြောခြင်းဖြစ်ပါသည်။)

သူနှင့်တွဲပြီး သတိရမိသူ စာရေးဆရာတစ်ယောက် ရှိနေပါသေးသည်။ ထိုစာရေးဆရာကတော့ ကျွန်တော့် တပည့်ငယ်လေးများ၏ စာတမ်းကို မုဒိတာမပွားနိုင်သည့်ပြင် မလိုတမာ ပြော

သွားခြင်းပင်ဖြစ်ပါသည်။ သူပြောသည့် အချိန်တွင် ဦးသိန်းဖေမြင့်တို့က ပြန်သွားကြပြီဖြစ်ပါသည်။ ဦးသိန်းဖေမြင့်ရှိနေသေးလျှင် ထိုစာရေးဆရာ ထိုစကားမျိုးကို ပြောဝံ့မည်မဟုတ်ဟု ကျွန်တော်ယုံကြည်သည်။ သူ့နာမည်ကိုတော့ မဖော်ပြလိုက်တော့ပါ။

## ‘နှမြောတာပါပဲ ဆရာရယ်’

၁၉၇၈ ဒီဇင်ဘာလောက်တွင် ကျွန်တော့်အား တက္ကသိုလ်ဘာသာပြန်ဌာနသို့ပြောင်းရွှေ့ခန့်ထားလိုက်ကြောင်း အမိန့်ထွက်လာပါသည်။ ထို့ကြောင့် ဘီအိုစီကောလိပ်ဟု ခေါ်ကြသည့်ဘာသာပြန်ဌာနသို့ရောက်သွားရပါသည်။ ဒေါ်ခင်ကြည်ကြည်က ဘာသာပြန်ဌာနတွင် အမှုထမ်းနေသူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်နှင့်တစ်ဌာနတည်း ဖြစ်လာသည်ဟုဆိုနိုင်ပါသည်။

ဇန္နဝါရီလထဲအရောက်တွင် ဦးသိန်းဖေမြင့် ဦးနှောက်သွေးကြောပြတ်သလိုဖြစ်သွားသည်ဟုကြားလိုက်ရသည်။ ဒေါ်ခင်ကြည်ကြည်လည်း ခွင့်ယူသွားသည်။ များမကြာခင် ၁၅–၁–၇၈ တွင် ဦးသိန်းဖေမြင့်ကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းကြားရပါလေတော့သည်။ ‘ဖြစ်မှဖြစ်ရလေ၊ မြန်လိုက်တာ’ ဟု ကျွန်တော်အောက်မေ့လိုက်မိပါသည်။

ကြံ့တောသုသာန်တွင် သင်္ဂြိုဟ်ခြင်းဖြစ်သောကြောင့် ကျွန်တော်လည်းအသုဘကိုရောက်အောင် သွားပို့လိုက်ပါသေးသည်။ ဝင်းအတွင်းသို့ ယာဉ်ဝင်လာလိုက်သောအခါ သူ၏စာပေ တပည့်တပန်းများက အလုအယက်အသုဘသေတ္တာကို ဝိုင်းဝန်းထမ်းဆောင်လာကြသည်ကို ယခုတိုင်မျက်စိတွင် မြင်ယောင်နေပါသေးသည်။

ကျွန်တော်ဦးသိန်းဖေမြင့်ကို နှမြောနေမိသည်။ အမှန်ပြောရလျှင် သူ့အသက် ၆၀ ကျော်မှ ရေးသောဝတ္ထုတွေကို ကျွန်တော်အလွန်ကြိုက်သည်။ သည်လိုဆိုတော့ ရှေ့ပိုင်းကဝတ္ထုတွေကိုကော မကြိုက်ဘူးလားဟုမေးစရာရှိပါသည်။ ကျွန်တော်ကြိုက်ပါသည်။ သို့သော် ရှေ့ပိုင်းဝတ္ထုတွေက နိုင်ငံရေးတိုက်ပွဲဝင်

ဝတ္ထုတွေများသာဖြစ်သည်။ နောက်ပိုင်းဝတ္ထုတွေကတော့ တကယ့်လူ့ဘဝ၊ လူ့သဘာဝကို ထင်ဟပ်တင်ပြသော ဝတ္ထုများဖြစ်သည်။

မြန်မာစာဖတ်ပရိသတ်များ လန်ဒန်တက္ကသိုလ်က မြန်မာစာလေ့လာသူဒေါ်ခင်ခင်ချော (မစ္စက် အင်နာ အဲလော့)ကို သိကြပါသည်။ဦးသိန်းဖေမြင့်ဝတ္ထုတိုများအကြောင်းကို စကားစပ်မိကြတော့ ကျွန်တော်က 'အားလုံးကောင်းကြပါသည်ခင်ဗျား' 'သစ္စာဖောက်တဲ့ဗျား' 'ငွေစိန်လှေလှော်ရင်းတက်ကျိုးခြင်း' စသောဝတ္ထုတိုများကိုအလွန်ကြိုက်ကြောင်းပြောပြမိသည်။ သူက ''ဆရာတို့အနေနဲ့တော့ ဟုတ်ကောင်းဟုတ်မှာပါပဲ၊ ဒါပေမယ့် ကျွန်မတို့အဖို့မှာ မြန်မာပြည်ရဲ့ သောင်းကျန်းမှု ဒုက္ခပြဿနာတွေကို ဆရာတို့လောက် ဘယ်မှာခံစားနိုင်ပါ့မလဲ။ ဒီတော့ ကျွန်မတို့ကတော့ 'အချိုရှာတမာတွေ့' လိုဝတ္ထုတိုတွေကို ပိုကြိုက်တာပေါ့'' ဟုပြောခဲ့ဖူးပါသည်။ နောက်ပိုင်းတွင်ရေးလာသောဝတ္ထုများကိုတော့ သူတို့လည်းကြိုက်လာကြသည်။

ရက်လည်ပြီးသောအခါ ဒေါ်ခင်ကြည်ကြည် ရုံးပြန်တက်လာပါသည်။ သူ့မျက်နှာက ညှိုးနေသည်ကိုတော့ အထူး ပြောနေစရာမလိုတော့ပါ။ သူ့စားပွဲမှာသွားထိုင်ပြီး မထင်မှတ်လောက်အောင် မြန်လှကြောင်းပြောလိုက်တော့–

''ဟုတ်ပါတယ်ဆရာ၊ သူကမန္တလေးကို သူ့မြေးကင်ပွန်းတပ်ပွဲကို သွားလိုက်တယ်။ ဟိုမှာအုန်းနို့ခေါက်ဆွဲတွေ ဘာတွေလည်း စားလိုက်ခဲ့သေးတယ်လို့ပြောတယ်။ ခါတိုင်းတော့ ဒီလိုတက်စာတွေကို စားလာလိုက်ရင် သိမ်ဖြူဆရာတော်ရဲ့ ဆေးတွေဘာတွေကိုစားပြီးဖြေလိုက်တတ်တယ်။ သူက ကျန်းမာရေးကိုအလွန်သတိထားတတ်တဲ့သူပါ။ ဒီတစ်ခါမှာတော့ သတိလစ်သွားဟန်တူပါတယ်။ ဖြစ်ချင်လာတော့ ဒီလိုပဲပေါ့ဆရာ''

''ရုတ်တရက်ကြီးပဲပေါ့နော်''

''ဟုတ်တယ်၊ ရုတ်တရက်ပဲ။ မနက်စောစော စားပွဲမှာထိုင်ပြီး စာရေးနေတုန်း ဝုန်းခနဲလဲကျသွားတာပဲ။ မကြည်သာက

အပေါ်ထပ်က ဝုန်းဆိုတဲ့အသံကြားလိုက်တာနဲ့ ချက်ချင်းသိလိုက်တယ်။ 'ဟော . . . ဖေဖေ . ' ဆိုပြီး ပြေးတက်သွားတာပဲ။ ကျွန်မလည်း နောက်ကပြေးလိုက်သွားတယ်။ အပေါ်ရောက်လို့ ကြည့်လိုက်တော့ သူကကုလားထိုင်ဘေးမှာလဲကျနေပြီ။ မျက်မှန်ကလည်း ကျွတ်ကျနေတာပေါ့လေ''

''နောက်ပြန်ပြီး သတိလည်လာသေးသလား''

''သတိလည်တယ်လို့တော့ ပြောနိုင်တာပေါ့လေ။ ဒါပေမယ့် စကားတောင်မပြောနိုင်တော့ဘူး။ ဆရာဝန်ကြီးတွေလည်း အစွမ်းကုန်ကြိုးစားကြပါတယ်။ ကျွန်မက သူ့ကိုမကြာခင် ပြန်ကောင်းလာမယ်လို့ဆရာဝန်ကြီးတွေကပြောပါတယ်လို့ သူ့ကို အားပေးစကားပြောတော့ သူကနှုတ်ခမ်းကိုခပ်တင်းတင်းလေးစေ့ပြုံးပြီး ခေါင်းကို အသာလေးယမ်းတယ်။ သူ့ကိုယ်သူသိပါတယ်ပေါ့လေ''

''စကားကတော့ မပြောနိုင်တော့ဘူးပေါ့နော်''

''မပြောနိုင်တော့ဘူး။ သူပြောချင်တာကိုစာနဲ့ ရေးပြနိုင်ရင်ရေးပြဖို့ ကျွန်မတို့ကကျောက်သင်ပုန်းကိုကိုင်ထားပြီး သူ့လက်ထဲကိုမြေဖြူထည့်ပေးတယ်။ သူရေးပြဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် လက်ကိုမထိန်းနိုင်တော့ဘူး။ ရေးလို့ မရတော့ဘူး''

ဒေါ်ခင်ကြည်ကြည် မျက်ရည်လည်လာသည်။ မွေးရာပါစာရေးဆရာဖြစ်ချင်သူ၊ စာအလွန်ရေးချင်သူ၊ စာမရေးနိုင်တော့သော စာရေးဆရာ တစ်ယောက်၏ နောက်ဆုံးအချိန် ဝေဒနာကို မှန်းဆကြည့်ပြီး ရင်ထဲမှာနင့်သွားမိသည်။

''ဆရာမရယ် ကျွန်တော်လေ ဆရာဦးသိန်းဖေမြင့် ရုတ်တရက်ကွယ်လွန်သွားတာကို တကယ်စိတ်မကောင်းတာပါ။ ဒါပေမယ့် စိတ်မကောင်းတာ ဝမ်းနည်းတာတွေထက် သူ့ကို နှမြောတာက ပိုလို့များပါတယ်''

ဒေါ်ခင်ကြည်ကြည်က မျက်ရည်စကို လက်ကိုင်ပဝါနှင့် သိမ်းလိုက်ပြီး–

''ဟုတ်တယ်ဆရာ ကျွန်မဆရာနဲ့သဘောတူတယ်။

ကျွန်မလေ လင်သေလို့ မုဆိုးမဖြစ်ရတယ်လို့ ဝမ်းနည်းစိတ် တစ်စက်ကလေးတောင်မရှိပါဘူး။ သူ့ကိုနှမြောတာပါ။ ဆရာ့ကို ကျွန်မ ပြောလိုက်ရဦးမယ်။ သူကုလားထိုင်ပေါ်က လဲကျသွားတဲ့အချိန်မှာ သူရေးနေတဲ့စာဘာလဲသိလား''

''ပြောပါဦးဆရာမ''

''မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသအကြောင်း ရေးနေတာ။ သူမန္တလေးသွားတော့ ဆရာတော်ဆီကို ဝင်လာခဲ့သေးတယ်လေ။ စာနှစ်ကြောင်းလောက်ပဲ ရေးရပါသေးတယ်။ ဆရာသိတဲ့အတိုင်း သူက'တက်ဘုန်းကြီး' ကိုရေးခဲ့တာလေ။ နောက်ပိုင်းမှာ သူစဉ်းစားပုံတွေးပုံတွေ အများကြီးကို ပြောင်းလာတယ်ဆရာ။ ဆရာလည်းသိပါလိမ့်မယ်။ ခုနက ဆရာပြောသလိုပါပဲ ကျွန်မကခင်ပွန်းဖြစ်သူမို့ ဝမ်းနည်းတာထက် စာရေးဆရာတစ်ယောက်အဖြစ် နှမြောတာက ပိုပါတယ်ဆရာ''

ဟုတ်ပါပေလိမ့်မည်။ ကျွန်တော့်စိတ်ထဲမှာတော့ ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်စဉ်က 'ကျိုက်လတ်ဆရာချစ်' ရေးခဲ့သော လေးချိုကြီး၏ အချပိုဒ်က စကားလုံးကို သတိရနေမိသည်။

**တမဟုတ် လတ်လတ်ဆတ်ဆတ် ယခုလို မရဏာ ထျောတာကြောင့်**

**ဩော်ကွယ် စုတ်တသတ်သတ်နဲ့ သူ့ကိုသာနမြော။**

ဤဆောင်းပါးကိုရေးနေစဉ်တန်းလန်း မနေ့တစ်နေ့က ပင် ၁၉၃၄–၃၅ ခန့်က ဒီးဒုတ်မဂ္ဂဇင်းဟောင်းတွေကို ပြန်ဖတ်နေခဲ့မိသည်။ ဦးသိန်းဖေမြင့်၏ စာတွေကိုလည်း ဖတ်လိုက်မိသေးသည်။ ဒီးဒုတ်ထဲတွင် 'သိန်းနေနွယ်'ဟူသော ကလောင်အမည်နှင့် ဝတ္ထုတိုကလေးတွေကိုရေးသည်။ 'မောင်သိန်းဖေ ဘီအေ' ဟူသောကလောင်အမည်နှင့် ဆောင်းပါးတွေကိုရေးသည်၊ 'စာအုပ်တရားသူကြီး'ကဏ္ဍတွင် စာအုပ်ဝေဖန်ရေးတွေကို ပွင့်ပွင့်လင်းလင်းရေးသည်။ ထိုအချိန်လောက်တွင် သူနှင့်ရင်းနှီးနေပြီ

ဖြစ်သော ဦးဉာဏ၏ဝတ္ထုတွေကို ကောင်းလျှင်ကောင်းသည်၊ ညံ့လျှင်ညံ့သည်ဟု အတိအလင်း ပြောပစ်သည်။ ဒီအချိန်က သူ့အသက်က ၂၀ သာသာလေးမျှသာဖြစ်သည်။

ကျွန်တော့်မှာ ထိုမဂ္ဂဇင်းတွေကို ဖတ်နေရင်း ဦးသိန်းဖေမြင့်အား နှမြောခြင်းအသစ်ဖြစ်ရသေးသည်။

သူသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ခေတ်သစ်စာပေကို သင်ကြားအောင်ကြိုးပမ်းခဲ့သူ –

မြန်မာစာကျောင်းသားလေးများ၏ ဝေဖန်ရေးစာတမ်းကို အားပေးခဲ့သူ –

ပြည်သူ့ငြိမ်းချမ်းရေးတပ်ဦးတွင် သူနှင့်ကျွန်တော် ရင်းနှီးခဲ့ဖူးသည်ကို သူသေသည့်တိုင်အောင် သိမသွားရှာခဲ့တော့ပါ။ ကျွန်တော်က မာနကြီးခဲ့သည်မဟုတ်ရိုးအမှန်ပါ။ ကျွန်တော့်စာတွေကြောင့် သူကျွန်တော့်ထံရောက်လာလိမ့်မည်။ ထိုအခါကျမှ 'ဆရာတပည့်'နှစ်ယောက်သား ရှေးဟောင်းနှောင်းဖြစ်တွေကို အံ့အားသင့်မြူးရွှင်အောင် ပြောပြရယ်မောမည်။ ထိုအခါတွင်တော့ သူသည်လည်း သခင်ထွန်းအုပ်စသောလုပ်ဖော်ကိုင်ဘက်များအပေါ် ဒေါသစိတ်လည်း ရှိတော့မည်မဟုတ်။ ရယ်ရင်းမောရင်း လွမ်းနေလိမ့်မည်ထင်သည်။

ကျွန်တော်က မြှုပ်ကွက်လုပ်ထားခဲ့သော်လည်း ဦးသိန်း ဖေမြင့်က 'စရိုက်သေစရိုက်ရှင်'သဘောကိုသေချာသိလိုသော ကြောင့် နောက်ပေါက်ကလောင်သမားလေး 'အောင်သင်း' ထံသို့ တကူးတက ဖွေရှာပြီးရောက်လာခဲ့လေသည်။ တလေးတစား မေးမြန်းပြီး ဆည်းပူးသွားလေသည်။ ဤသို့အားဖြင့် 'သိန်းဖေမြင့်' သည် 'အောင်သင်း' ထက် ကြီးမြင့်ကြောင်း ထင်ရှားစေခဲ့သည်ဟု ကျွန်တော်မှတ်ယူနေမိပါတော့သည်။ ။

*( Life Style၊ ဖေဖော်ဝါရီလ ၊ ၂၀၀၂ )*

